# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လဆန်း (၄)ရက် ၊ တနင်္လာနေ့ ၊ (17-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၀၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## ဝန်းမြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရေဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက်အချို့နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၆**

ရေဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝန်းမြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုစတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခု၊ ကျေးရွာအချို့ အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ကျုံပျော်၊ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများကို အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက်

စာမျက်နှာ ၁၇ ကော်လံ ၁

## တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲ ကျင်းပ

စာမျက်နှာ - ၁၈

## အများပြည်သူသို့ လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်ပြီး မွန်းလွဲပိုင်းဝန်အားသုံးစွဲမှုများပြားသည့် စက်မှုလုပ်ငန်းကြီးများကို ဓာတ်အားခလျှော့ချပေး၍ ညပိုင်းအချိန်များသို့ ပြောင်းရွှေ့ဓာတ်အားသုံးစွဲနိုင်မည့်အစီအစဉ်ကို အသိပေးကြေညာခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးရာတွင် အများပြည်သူနှင့် စက်မှု၊ စီးပွားရေးလုပ်ငန်းများစဉ်ဆက်မပြတ်ဓာတ်အားရရှိစေရေးနှင့် ဓာတ်အားစနစ်တည်ငြိမ်မှုရှိစေရေးတို့အတွက် ပြုပြင်ပြောင်းလဲမှုများကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ မိုးရာသီကာလများတွင် ရေဝင်ရောက်မှုကောင်းမွန်သောကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ အပြည့်အဝဓာတ်အား ထုတ်လုပ်ပေးနိုင်သော်လည်း မဟာဓာတ်အားလိုင်းများ၏ ပို့လွှတ်နိုင်စွမ်းကန့်သတ်ချက်များရှိနေခြင်းကြောင့် လျှပ်စစ်ဓာတ်အားအသုံးများသည့် နေ့အချိန်ပိုင်းတွင် အချိန်ပိုင်းလျှပ်စစ်မီးပြတ်တောက်မှုများဖြစ်ပေါ်လျက်ရှိပါသည်။ ညဉ့်နက်ပိုင်း အချိန်တွင်မူ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ လွန်စွာလျော့နည်းသွားသဖြင့် ဓာတ်အားပေးစက်ရုံများ၏ထုတ်လုပ်မှုကို လျှော့ချမောင်းနှင်ပေးရသည်ဖြစ်ရာ မိုးရာသီကာလတွင် ရေစွမ်းအင်များပြုန်းတီးနေသည့်အပြင် ရေအားလျှပ်စစ်ထုတ်လုပ်သည့် တမံကြီးများတွင် ရေလျှံမှုများဖြစ်ပေါ်လျက်ရှိနေပါသည်။


၃။ သို့ဖြစ်ပါ၍ ပထမအဆင့်အနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏများပြားသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ

စာမျက်နှာ ၁၉ ကော်လံ ၄

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် ဩဂုတ် ၁၆**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း၊ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်-ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ပိုမိုအားကောင်းလာပြီး အားကောင်းသော လေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)အဖြစ်သို့ ရောက်ရှိခဲ့ကာ နောက် ၂၄ နာရီအတွင်း အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)



## ဆန်အရည်အသွေး ကောင်းမွန်သည့် GW-11 မြန်မာ့ဆန်ကို ဖိလစ်ပိုင်နိုင်ငံမှ အဝယ်လိုက်၍ ဈေးအမြင့်ဆုံးရရှိနေ

**ရန်ကုန် ဩဂုတ် ၁၆**

မြန်မာ့ဆန်များကို ပြည်ပပို့ကုန်အဖြစ် နှစ်စဉ်တင်ပို့လျက်ရှိရာ ယခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသို့ စတင်တင်ပို့သည့် ဆန်အရည်အသွေးကောင်းမွန်သော GW-11 မြန်မာ့ဆန်ကို အဝယ်လိုက်မှုကြောင့် ဈေးအမြင့်ဆုံးရရှိနေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ဖိလစ်ပိုင်နိုင်ငံသို့ မြန်မာနိုင်ငံနည်းတူ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ ဆန်တင်ပို့လျက်ရှိပြီး မြန်မာနိုင်ငံမှ GW-11 အမျိုးအစားဆန်ကို အများဆုံးမှာယူမှုသည် ဆန်ကြိတ်ခွဲမှု နည်းပညာပိုင်းဆိုင်ရာထက် ဆန်မျိုးစိတ်အရည်အသွေးကောင်းမွန်မှုတို့ကြောင့် ဈေးကောင်းပေးဝယ်ယူခြင်းဖြစ်သည်။



ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့မည့် မြန်မာ့ဆန်ကို တွေ့ရစဉ်။

“ပြည်ပပို့ကုန်ဆန်တင်ပို့ရာမှာ ဖိလစ်ပိုင်နိုင်ငံက GW-11 အဝယ်လိုက်နေတဲ့အတွက် လေးလအတွင်း တန်ချိန် ရှစ်သိန်းကျော်ပို့ပြီးပါပြီ။ ဖိလစ်ပိုင်ကိုဆန်တင်ပို့တဲ့နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံက ဈေးအမြင့်ဆုံးရနေပါတယ်။

စာမျက်နှာ ၁၆ ကော်လံ ၁

ရတနာပုံ
၂၀၂၆ ခုနှစ် ဩဂုတ် ၁၇ ရက်

အယ်ဒီတာ့အာဘော်

# လူငယ်များ ခေတ်သစ်နည်းပညာများကို အကျိုးရှိစွာအသုံးချနိုင်ရေး ကြိုးစားပေး

မြန်မာလူငယ်များ၏ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်၊ အဓိကအင်အားဖြစ်သည့်အတွက် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဦးတည်ဆောင်ရွက်ပေးနိုင်ရန်လိုသကဲ့သို့ ခေတ်သစ်နည်းပညာများကို အကျိုးရှိစွာ အသုံးချနိုင်သည့်လူငယ်များ ဖြစ်လာစေရန်အတွက်လည်း ဆောင်ရွက်ပေးရန်လိုပေသည်။

ယနေ့ခေတ်တွင် နည်းပညာများ တိုးတက်လာမှုနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများသည် လူငယ်များ၏ ပညာရေး၊ အလုပ်အကိုင်နှင့် စွန့်ဦးတီထွင်မှု အခွင့်အလမ်းများ ပိုမိုကျယ်ပြန့်အားကောင်းသည်ကို တွေ့ရပေသည်။ ဤသည်မှာ လူငယ်များကို ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်နိုင်ရန်အတွက် အရေးပါလှသည့်တွန်းအားတစ်ရပ်နှင့် အခွင့်အရေးပင်ဖြစ်သည်။

ဒစ်ဂျစ်တယ်ကမ္ဘာတွင် သတင်းအချက်အလက်များသည် လျင်မြန်စွာ စီးဆင်းနေမှုနှင့်အတူ တိုးတက်မှုများရှိနေသကဲ့သို့ ဖြေရှင်းဆောင်ရွက်ရန်လိုအပ်နေသည့် စိန်ခေါ်မှုများကိုလည်း သတိပြုကြရမည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များအနေဖြင့် နည်းပညာများကို အသုံးပြုရာတွင် အမှား၊ အမှန်ကို ခွဲခြားသိမြင်နိုင်သည့် ဝေဖန်ပိုင်းခြားနိုင်မှုရှိရန်၊ AI အသုံးပြုမှုကျင့်ဝတ်၊ ဆိုက်ဘာလုံခြုံရေးနှင့် ပတ်သက်၍ သတိရှိအလေးထားရမည်ဖြစ်သကဲ့သို့ နိုင်ငံနှင့်လူမျိုး၏ ဖွံ့ဖြိုးမှုဂုဏ်သိက္ခာကို ထိခိုက်စေမည့် လုပ်ရပ်များကိုရှောင်ကြဉ်ပြီး တာဝန်သိသည့် ဒစ်ဂျစ်တယ်နိုင်ငံသားများအဖြစ် ရပ်တည်ကြရမည်ဖြစ်ပေသည်။

ထို့ပြင် ကမ္ဘာတစ်ဝန်းဆက်သွယ်ဆောင်ရွက်မှုများနှင့် ကွန်ရက်ချိတ်ဆက်မှုများသည် အချိန်နှင့်အမျှတိုးတက်နေခြင်းဖြစ်ပေရာ လူငယ်များအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းအတွင်းတွင် တက်တက်ကြွကြွပူးပေါင်းပါဝင်ကြရန်လိုသည်။ မြန်မာလူငယ်များအနေဖြင့် နိုင်ငံတော်၏ အပြုသဘောဆောင်သည့် ကိုယ်စားလှယ်များအဖြစ် ကမ္ဘာ့အသိုက်အဝန်းနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်စေရန်အတွက် နိုင်ငံတော်က စဉ်ဆက်မပြတ် အားပေးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပေသည်။

လူငယ်များသည် အသိပညာ၊ အတတ်ပညာများနှင့် ပြည့်ဝနေရုံသာမက ခေတ်မီနည်းပညာတတ်ကျွမ်းမှုများနှင့် ပြည့်စုံအောင် ကြိုးစားကြရန်၊ မိမိတို့၏ အဖိုးတန်ထက်မြက်လှသည့် စွမ်းရည်များကို နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတာဝန်များကို လက်ဆင့်ကမ်းပခုံးပြောင်းတာဝန်ယူနိုင်သည့် နိုင်ငံ့ရတနာ လူချွန်၊ လူကောင်းများဖြစ်လာရန် ကြိုးစားကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အတွက် အကျိုးပြုနိုင်ကြသည့် နိုင်ငံသားကောင်းများ၊ ခေတ်သစ်နည်းပညာများကို အကျိုးရှိစွာအသုံးချနိုင်သည့် လူငယ်များ၊ ဆန်းသစ်တီထွင်မှုများကို ဖန်တီးနိုင်သည့် ပညာရှင်များ၊ လူမှုစီးပွားအကျိုးပြုနည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်သူများဖြစ်လာစေရန် လူငယ်များအနေဖြင့် ကြိုးစားဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၆၂၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၆၂၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် ပဲစင်းငုံ ဧက ၂၀၃၀၀ စိုက်ပျိုးရန် လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုး ခဲ့ရာ ယနေ့တွင် ၁၆၂၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲစင်းငုံဧက ၂၀၃၀၀ လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၁၆၂၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ် စိုက်ပျိုးရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် တောင်ဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်ဘိုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆၁ ဦးကို ငွေကျပ် ၃၉ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူငါးဦးကို ငွေကျပ် တစ်သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၇၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၂ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

အောင်ရဲကျော်

# ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ရောပဒေသာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ပုတော ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ရောပဒေသာဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပုတောမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြသည်။

ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လက ရောပဒေသာဆန် ၂၄ ပြည်ဝင် အိတ်ရေ ၂၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ တစ်လအတွင်း ရောပဒေသာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ရောပဒေသာဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၇၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရောပဒေသာဆန်က စားသုံးသူများတဲ့ ဆန်ဖြစ်ပါတယ်။ ဆန်တွေနဲ့ စပါးတွေကို တင်ပို့ ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိ အဆင်ပြေပါတယ်"ဟု ပုတောမြို့နယ်ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြ၍ သိရသည်။

ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့်ရောပဒေသာဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# သာစည်မြို့နယ် ကန့်ဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု စစ်ဆေး

**သာစည် ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန့်ဖြူကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကန့်ဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၆ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

ကန့်ဖြူကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၂ ဦးကို ငွေကျပ် ၅၆ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ပုသိမ်ကြီးမြို့နယ် ဇီးတောကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုသိမ်ကြီး ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇီးတောကျေးရွာ၌ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေး ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၇၈ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ဇီးတောကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၄ ဦးကို ရန်ပုံငွေကျပ် ၃၇၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အောင်ရဲကျော်**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကန့်ဘလူ ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၈၈၉၃၁ ကေနှင့် ဖူးစားပြောင်း ကေ ၇၅၀ စုစုပေါင်း ၈၉၆၈၁ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၉၃၄၅၃ ကေနှင့် ဖူးစားပြောင်း ၄၈၅ ကေ စုစုပေါင်း ၉၃၉၃၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၈၉၆၈၁ ကေ လျာထားစိုက်ပျိုးခဲ့ရာ ၉၃၉၃၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှု မရှိအောင် အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# မိုးညိုမြို့နယ် ကျီးပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုးညို ဩဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျီးပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်နှင့် ဝန်ထမ်းများက ကျီးပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၅ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားစက်မှုလက်မှု (အပ်ချုပ်စက်) လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျီးပင်စုကျေးရွာ၌ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အသေးစားစက်မှုလက်မှု (အပ်ချုပ်စက်) လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၃ ဦးကို ရန်ပုံငွေကျပ် ၄၅ သန်း ထုတ်ချေးထားကြောင်း မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အေးမြတ်**

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၆၈၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုစံက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းကွမ်းသီးအနုပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၆၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါကွမ်းသီးအနုများ တင်ပို့အားကောင်းလာခြင်းသည် ပြည်ပဈေးကွက်မှ ကွမ်းသီးအနုများ ဝယ်လိုအားကောင်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ပြည်ပဈေးကွက်က အမှာကုန်များလာလို့ ရန်ကုန်ဘက်ကို တင်ပို့ကုန်အများအပြား တင်ပို့နေရခြင်းဖြစ်တာပါ။ ကွမ်းသီးအနု တင်ပို့ရောင်းချတဲ့လုပ်ငန်းအတော်လေးကိုသွက်လာတာပါ။ လက်ရှိ ရေကြည်မြို့နယ်ကနေ တင်ပို့ရောင်းချနေတဲ့ ကွမ်းသီးအနု ၁၀ ပိဿာကို ငွေကျပ် ၁၄၀၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချနေတာပါ။ လက်ရှိ ကွမ်းသီးတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သူတွေ လုပ်ငန်းအဆင်ပြေစွာ လည်ပတ်လုပ်ကိုင်နေရပါတယ်"ဟု ရေကြည်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုစံက ပြောပြသည်။

ရေကြည်မြို့နယ်က ထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များမှ ကွမ်းသီးခြံများအရောက် သွားရောက်ဝယ်ယူကာ စနစ်တကျ ရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ရေကြည်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုစံထံမှ သိရသည်။

**ကျော်ကျော်လင်း**



# စာပေသမား စကားဝိုင်း

ချစ်နိုင်(စိတ်ပညာ)

**"အစစ်အမှန်တရားကိုဖော်ပြဖို့ အသွင်သဏ္ဌာန်ဟာ လိုအပ်ပါတယ်၊ အသွင်သဏ္ဌာန်တွေကို အနုပညာနဲ့ အသုံးပြုပြီး ဝိမုတ္တိရသကို ဖော်ညွှန်းဖို့ဟာ ကျွန်တော်တို့ရဲ့ နောက်ဆုံးရည်ရွယ်ချက်ပါပဲ။"**

**မြန်မာပန်းချီဆရာ ပေါ်ဦးသက်**
**(၁၉၃၆-၁၉၉၃)**

**နိဒါန်း**

အသင်းဝင်ကြေးရယ်လည်းမရှိပါ။ အသင်းသားအမှတ်စဉ်လည်း မှတ်တမ်းရေးမထားပါ။ ဥက္ကဋ္ဌရယ်၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးဆိုတာလည်း မရှိခဲ့ပါ။ ဒါပေမယ့် စာပေဝါသနာရှင်တွေ အယောက် ငါးဆယ်ခြောက်ဆယ်လောက်ဟာ တစ်လတစ်ခါစုစည်းဆုံတွေ့ပြီး စာအကြောင်းပေအကြောင်းတွေ ကိုယ်ဖတ်ခဲ့မှတ်ခဲ့တာတွေကို ဖော်ပြဖလှယ်ခဲ့ကြတာကတော့ ခုနစ်နှစ်ကျော် ရှစ်နှစ်လောက်တောင် ရှိလာခဲ့ပါပြီ။

ကိုယ်ရေးတာပါလာတဲ့ စာနယ်ဇင်းလေးတွေ မျှဝေပေးကြတယ်။ ကိုယ်ရေးတဲ့စာအုပ်ကို လှူဒါန်းပေးဝေတယ်။ ကိုယ်ရေးတာပါလာတဲ့ သတင်းစာကို မိတ္တူကူးပြီး ဖြန့်ဝေတယ်။ ကြိုတင်သတ်မှတ်စီစဉ်တဲ့ အလိုက် ပြောချင်သူက ပြောမယ့်ခေါင်းစဉ်ကို ပြင်ဆင်လာပြီး ငါးမိနစ်၊ ဆယ်မိနစ် သင့်သလိုထပြီး ပြောဆိုမျှဝေကြတယ်။ စာအကြောင်း ပေအကြောင်းတွေ နားထောင်လို့ကောင်းပါရဲ့။

ပြောချင်သူတွေက အပတ်စဉ် ရှိကြပါတယ်။ စာရေးသူမှာလည်း ပြောစရာတွေရှိပါတယ်။ သို့ပေမယ့် တစ်နှစ်နေလို့တောင် ပြောဖို့ရာအလှည့်မကျလောက်အောင် စာပေရဲဘော်ရဲဘက်အချင်းချင်း ဦးစားပေးတဲ့အနေနဲ့ စောင့်ခဲ့ရတတ်ပါတယ်။ ပြောဖို့ရာ ပါးစပ်တစ်ပေါက်ပဲပါတာ၊ နားထောင်ဖို့က နားနှစ်ဖက်ပါခဲ့တာမို့ များများသာ နားထောင်တတ်ရမယ်ဆိုတဲ့ ကျေးဇူးရှင် ဆရာ၊ ဆရာများဆုံးမတဲ့စကားအတိုင်း နည်းနည်းသာပြောခွင့်ရခြင်းကိုလည်း ကျေနပ်ပါတယ်။ အပတ်စဉ် ပင်တိုင်သတင်းစာဆောင်းပါးရှင်အနေနဲ့ အဆက်မပြတ်ရေးလာခဲ့တာ ပင် ၁၅ နှစ်လောက်ရှိပါတော့မယ်။ စာဖတ်ပရိသတ်နဲ့ အမျှင်မပြတ် ထိတွေ့ရင်းနှီးနေအောင် ရေးခွင့်ပြုပေးခဲ့ကြတဲ့ သတင်းစာ အယ်ဒီတာအဆက်ဆက်ကိုလည်း ကျေးဇူးတင်မိပါတယ်။

**မှတ်သားရ**

မှတ်သားဖူးသလောက် တင်ပြရရင် ဆရာကြီးမောင်ထင်(၁၉၀၉-၂၀၀၆)၊ ၂၀၀၂ ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆုရှင်ဆိုရင် "ဖိုးတေ"ကလောင်အမည်နဲ့ ဟံသာဝတီသတင်းစာမှာ "ကြုံလေဘုံဘွေ" အခန်းကို ၁၉၄၉ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ အနှစ် ၂၀ ကြာမျှ ပင်တိုင်ဆောင်းပါးရှင်အနေနဲ့ ရေးခဲ့နိုင်တာကိုး။ အလားတူ ပင်တိုင်ဆောင်းပါးရှင်များ (Columist) အဖြစ်ရေးခဲ့ကြတဲ့ ဆောင်းပါးရှင် ဆရာ၊ ဆရာမတွေရှေ့မှာ အများကြီးရှိကြပါတယ်။

ဥပမာ ပီမိုးနင်း၊ ရွှေဥဒေါင်း၊ ရှူဝံ၊ သိန်းဖေမြင့်၊ ဇဝန၊ လူထုဦးလှ၊ ဒေါ်အမာ၊ သာဂဒိုး၊ မိုးညို(သခင်လှကွန့်) စတဲ့ ဆရာသမားများကို အားကျမိပါတယ်။

အလှည့်ကျဖို့ တော်တော်စောင့်ရတာမို့ နည်းနည်းသာ ပြောရပေမယ့် မိမိဘာသာ များများရေးနေရတာမို့ စာပေရဲဘော်ရဲဘက်တွေ ပြောဆိုသမျှက မှတ်သားချင်စရာတွေချည်းပါပဲ။ စာပေသမားအချင်းချင်းအဖို့ အလုပ်ရုံဆွေးနွေးပွဲလို့ ဆိုနိုင်မယ် ထင်ရပါရဲ့။

**နယ်ပယ်စုံ**

အကြောင်းအရာတွေကလည်း အစုံပဲ။ ဒေသစုံ၊ အသက်မွေးဝမ်းကျောင်းအစုံ၊ အသက်အရွယ်စုံ၊ ဝါသနာနဲ့ စိတ်ဝင်စားမှုအစုံ၊ စာဖတ်တဲ့နယ်ပယ်လည်းအစုံ၊ ဘဝအတွေ့အကြုံတွေလည်း ကွဲပြားခြားနားကြတယ်လေ။ တူတာဆိုလို့ စာပေစိတ်ရှိကြခြင်းတစ်ခုပဲ။ နိုင်ငံရေးနဲ့ဘာသာရေးတော့ မပါသလောက်ပါပဲ။ မတူလို့ငြင်းခုံချင်ရင် အပြင်မှာ လက်ဖက်ရည်ဝိုင်းဆုံပြီး ငြင်းပေါ့လေ။ စာပေဝိုင်းမှာတော့ အသွေးအရောင်မကွဲ စာပေသမားချင်း ရဲဘော်ရဲဘက်တွေချည်းပဲ။ နှစ်တွေကြာလာတော့ ခင်မင်ရင်းနှီးလာကြပါတယ်။

စာရေးဆရာမ၊ ကျောင်းဆရာမတစ်ယောက်က ပြောတယ်။ ပညာသင်ကြားမှုဆိုတာ စိတ်နေစိတ်ထား သဘောထားကို လေ့ကျင့်ပြောင်းလဲပေးခြင်းပါပဲတဲ့။

သဘောထားဆိုတာက ဘာလဲဆိုရင်တော့ (၁) စိတ်နေစိတ်ထားတဲ့။ (၂) ယူဆချက်တဲ့။ ဆရာမ ပီပီ သူက အဘိဓာန်အကိုးအကားနဲ့ ချဲ့ရှင်းပြပါသေးတယ်။

**သဘောသွား** ဆိုတာ ရှိသေးသတဲ့။

❖ စာပေဝါသနာရှင်တွေ အယောက်ငါးဆယ် ခြောက်ဆယ်လောက်ဟာ တစ်လတစ်ခါ စုစည်းဆုံတွေ့ပြီး စာအကြောင်းပေအကြောင်းတွေ ကိုယ်ဖတ်ခဲ့မှတ်ခဲ့တာတွေကို ဖော်ပြဖလှယ်ခဲ့ကြတာကတော့ ခုနစ်နှစ်ကျော် ရှစ်နှစ်လောက်တောင်ရှိလာခဲ့ပါပြီ။ ကိုယ်ရေးတာပါလာတဲ့ စာနယ်ဇင်းလေးတွေ မျှဝေပေးကြတယ်။ ကိုယ်ရေးတဲ့စာအုပ်ကို လှူဒါန်းပေးဝေတယ်။ ကိုယ်ရေးတာပါလာတဲ့ သတင်းစာကိုမိတ္တူကူးပြီး ဖြန့်ဝေတယ်။ ကြိုတင်သတ်မှတ်စီစဉ်တဲ့ အလိုက် ပြောချင်သူက ပြောမယ့်ခေါင်းစဉ်ကို ပြင်ဆင်လာပြီး ငါးမိနစ်၊ ဆယ်မိနစ် သင့်သလို ထပြီးပြောဆိုမျှဝေကြတယ်။ စာအကြောင်း ပေအကြောင်းတွေ နားထောင်လို့ကောင်းပါရဲ့။ ❖

သဘောသွားဆိုတာက စာ၊ စကားစသည်တို့ရဲ့ ဦးတည်ရာ၊ ဆိုလိုရင်းပါတဲ့။ ဆိုလိုချက်ပေါ့။

**သဘောတရား**= (၁) သဘောသဘာဝ
(၂) လက်တွေ့ အကောင်အထည် ဖော်နိုင်လောက်အောင် ညွှန်ပြထားသော အခြေခံလမ်းညွှန်ချက်။ အခြေခံမူတဲ့။

**သဘော**= (၁) သဘာဝ
(၂) စိတ်နေစိတ်ထား
(၃) စိတ်ဆန္ဒ
(၄) အကျင့်စရိုက်

**သဘောပေါက်**(ကြိ)= နားလည်သည်။

**သဘောပိုက်**(ကြိ) = မှတ်ယူသည်၊ ယူဆသည်။

**သဘောမျှ**(ကြိ) = (၁) သဘောချင်းတိုက်ဆိုင်ညီညွတ်သည်။
(၂) လိုလားသဘောကျသည်။

**သဘောရိုး(နာမ်)** = အရိုးခံစိတ်ထား

ကိုယ်သိပြီးသားလိုလိုတွေပေမယ့် သူက တိတိကျကျ ပြောပြမှ ဂဃနဏ ကွဲကွဲပြားပြား ပိုမှတ်မိလာပါတယ်။ စာပေစကားဝိုင်းတွေက အကျိုးရှိလှပါတယ်။

ဆရာတစ်ယောက်က "လူဖြစ်ရကျိုးနပ်ရေး"ကို သူလေ့လာမှတ်သားထားတာတွေ ပြောပြပါတယ်။ လူလို့ ခေါ်ဝေါ်ကြတဲ့သူတွေထဲမှာပဲ လူလိုလိုနဲ့ လုယက်တတ်သူ လူးလဲနေသူတွေလဲ ရှိကြတယ်ဆိုပဲ-

**လု** = လုယက်ချင်သူ၊ အလုအယက်လုပ်သူ
**လူ** = တလူလူတက်မယ့်သူ
**လူး** = လူးလဲကျပြီး မတ်မတ်ထဖို့မလွယ်သူ

လူသားအစစ်အမှန်တစ်ယောက်ဖြစ်နိုင်ဖို့က တာဝန်ရှိမှုကို နားလည်ရမယ်။ (Responsibility)။ မိသားစုအတွက်၊ ရပ်ရွာအတွက်၊ အသင်းအဖွဲ့အတွက်၊ တာဝန်သိရမယ်တဲ့။ ပြီးရင် တာဝန်ခံမှု (Accountability) ရှိရပါမယ်လို့ ဆိုပါတယ်။ မိမိပြုတဲ့ကံအလျောက် ကိုယ့်ရဲ့အကျိုးပေးရရှိမှာမို့ ကောင်းမှုကောင်းကျိုးသာ လုပ်ကြရပါမယ်တဲ့။

**ကိုယ်ပြုတဲ့ကံ၊ ပွဲတင်သံ၊ ကိုယ်ထံပြန်လာမြဲ။**

၁။ ကံ-ကံရဲ့အကျိုးကို ယုံကြည်သိမြင်ရမယ်။
၂။ မိစ္ဆာဒိဋ္ဌိက သူများအပေါ် အပြစ်ပုံချတယ်။
၃။ နိယတမိစ္ဆာဒိဋ္ဌိ=လွဲမှားစွာယုံကြည်မှုရှိသူ။
၄။ ကာယကံဒုစရိုက်၊ ဝစီကံဒုစရိုက်တွေကို သတိထား ရှောင်ကြဉ်သင့်ကြတယ်။ သတ်ဖြတ်၊ ညှဉ်းဆဲမှု၊ မဟုတ်မမှန် လိမ်ညာဖြားယောင်းမှု၊ ပြောဆိုပြုမူမှု။ ဒါတွေဟာ ဖောက်ပြန်ပျက်ယွင်းစေ တာတွေပဲ။
၅။ သမထ၊ ဝိပဿနာကျင့်ကြံအားထုတ်ရင် ရုပ်နဲ့နာမ်ရဲ့ ဖောက်ပြန်မစဲ ပျက်ယွင်းနေတာတွေသိမြင်မယ်တဲ့လက္ခဏာရေးသုံးပါး အပါဝင်ပေါ့။

ဆရာတစ်ယောက်ကတော့ တိုတိုကျဉ်းကျဉ်းပဲ ပြောသွားပါတယ်။ ဘာမှရှင်းပြနေခြင်းမပြုပါ။

**ဆုံမှတ်**

"ကျွန်တော်တို့ ဆရာ၊ ဆရာမတို့ အခုလိုလစဉ်တွေ့ဆုံပြောဆိုနေကြတာတွေဟာ တူသောအချက်တစ်ခု **ဆုံမှတ်** အနေနဲ့ ရှိပါတယ်တဲ့။ ဘာလဲဆိုတော့ စာပေစေတနာဆိုတဲ့ အချက်တစ်ခုမှာ တူညီနေကြလို့ပါ"တဲ့။

ကွာခြား ကွဲပြားကြတာတွေ အများကြီးရှိတာပေါ့။ မိမိသန်ရာသန်ရာ ရွေးတာမတူဘူး၊ တတ်တာမတူဘူး၊ လုပ်ကိုင်နေထိုင်ကြတာ မတူဘူး၊ သွားလာလှုပ်ရှားကြတာလည်း မတူဘူး၊ ဘာကွာတာလဲ။

ပုံစံလေးတွေ ကွဲပြားသွားကြတာပဲတဲ့။

မိမိသန်ရာ သန်ရာ အတတ်ပညာ နည်းပညာတွေပါ ကွဲပြားခြားနားကြမှာပဲတဲ့။

လူဖြစ်လာကြပြီ။ လူပီသအောင်တော့ နေကြရမယ်။ ရှေ့က ဆရာပြောသလို လုတဲ့လူ၊ လူးတဲ့လူ မဖြစ်ရလေအောင် နေကြပါစို့ဗျာ။ စာပေသစ္စာ၊ စာပေမေတ္တာ ထည့်ကြပါ။ လောဘတကြီး မလုပ်ပါနဲ့။ မှန်မှန်လေး အသက်ဝဝရှူပြီး အေးချမ်းကြပါစေတဲ့။

**တတ်မြောက်ရမယ်**

ဆရာမတစ်ဦးက ကျွမ်းကျင်တတ်မြောက်မှုရဲ့ အရေးပါပုံကို သေသေချာချာလေး ပြောပြသွားခဲ့တယ်။ ကျွမ်းကျင်တတ်မြောက်သူ (Professional) တစ်ဦးဖြစ်အောင် ခြေလှမ်းခြောက်လှမ်း (၆ ဆင့်) တက်လာရမယ်။ အသေးစိတ်ရှင်းပြခြင်းကို မဖော်ပြတော့ပါ။ ဒီနေရာမှာ-

၁။ **မှတ်သားရမယ်။ မှတ်မိရမယ်။** (Remember) ကျက်မှတ်ရမှာ ကျက်ထားရမှာပဲ။
၂။ **နားလည်ရမယ်။ စဉ်းစားရမယ်။** (Understand )
၃။ **အသုံးချတတ်ရမယ်။** (Apply)
၄။ **စူးစမ်း၊ ခွဲခြမ်းစိတ်ဖြာကြည့်တတ်ရ။** (Analyse) ဂဃနဏ သဲသဲကွဲကွဲ သိမြင်ရမယ်။
၅။ **တန်ဖိုးဖြတ်နိုင်ရမယ်။** (Evaluate) အရေးကြီးမှုကို အကဲဖြတ်နိုင်ရမယ်။
၆။ **အသစ်ဖန်တီး တီထွင်နိုင်ရမယ်။** (Create) နည်းသစ်၊ အဆင့်သစ် ဖော်ထုတ်နိုင်ရမယ်။

**စု၊ တု၊ ပြု**

စာပေ၊ ပန်းချီ၊ ဂီတ စတဲ့အနုပညာတွေမှာ စုဆောင်းခြင်း၊ လေ့လာခြင်း၊ ဆင်ခြင်သုံးသပ်ခြင်း၊ တုပလေ့ကျင့်ခြင်းမှသည် အသစ်ဖန်တီးပြုလုပ်ဆန်းသစ်ဖော်ထုတ်ရတဲ့အလုပ်(ဆရာကြီး မင်းသုဝဏ်က ၁၉၆၄ ခုနှစ်လောက်က ပေလီလူရည်ချွန်စခန်းမှာ လူငယ်တွေကို မြန်မာစာဟောပြောပို့ချရင်း ကဗျာရဲ့ သီကုံးမှုကို စု၊ တု၊ ပြု ဆိုတဲ့ သုံးချက်မှတ်သားရလွယ်ကူအောင် ပြောခဲ့ဖူးပါတယ်။)

အကောင်းဆုံး၊ အထိရောက်ဆုံး သင်ယူမှုနည်းနာကတော့ ကိုယ်တိုင်လက်တွေ့ရေးမှတ်ခြင်း၊ ရေးသားခြင်း၊ ရေးဖြေလေ့ကျင့်ခန်းများ များများရေးခြင်းပါပဲတဲ့။ (စာရေးသူက ဒီအချက်ကို ထောက်ခံပါတယ်။ ရေးမှတ်ခဲ့ပေလို့သာ နှစ်နှစ်၊ သုံးနှစ်က သူတို့ပြောခဲ့တာ ပြန်ဖော်ပြနိုင်တာကိုး)

**Denzel Washington**

စာရေးသူက ကိုယ်နှစ်သက်ရာကို ပိုမှတ်မိတယ်ဆိုရမှာပါ။ မိမိက လူငယ်လူရွယ်တွေအတွက် အကြံကောင်း ဉာဏ်ကောင်း မျှဝေပေးနိုင်အောင် ထိရောက်အောင်မြင်စေမယ့် နည်းနာနိဿယတွေဆိုရင် ပိုစိတ်ဝင်စားမိပါတယ်။

**အမေရိကန်လူမည်း ရုပ်ရှင်မင်းသား ဒင်ဇယ်ဝါရှင်တန်** ပြောဆိုတာတွေ နားထောင်ဖူးပါတယ်။ စာပေစကားဝိုင်းမှာ ဆရာတစ်ယောက် ပြောဆိုသွားတာက တော်တော်သဘောကျစရာ ကောင်းပါတယ်။ ယူကျုထဲက သူမှတ်သားပြီး ပြန်ပြောပြတာပါ။ အနှစ်ချုပ် ရှစ်ချက်က အောက်ပါအတိုင်းဖြစ်ပါတယ်။

၁။ **ရှေ့နောက်ညီညွတ်ခြင်း** (Consistency)
၂။ **စည်းကမ်း** (Discipline)
၃။ **ပန်းတိုင်ကို မပြတ်အာရုံစိုက်ခြင်း** (Focus the goal)
၄။ **အလုပ်ကြိုးစားခြင်း** (Hard work)
၅။ **သည်းခံစိတ်ရှည်ခြင်း** (Patience)
၆။ **အပြုသဘောအမြင်ရှိခြင်း** (Positive attitude)
၇။ **စွန့်လွှတ်နိုင်မှု** (Sacrifice)
၈။ **မိမိကိုယ်ကို ယုံကြည်မှု**(Self confidence)

**နိဂုံး**

လစဉ်လစဉ် အဆက်မပြတ် နားထောင်မှတ်သားခဲ့ရတာတွေကတော့ အများကြီးပါပဲ။ ဆွေးနွေးမျှဝေပေးကြတဲ့ ဆရာ၊ ဆရာမတွေကို ကျေးဇူးအများကြီးတင်ပါတယ်။ ဒင်ဇယ်ဝါရှင်တန်ပြောတဲ့ ရှစ်ချက်သိရတာလေးနဲ့ ကျေနပ်အားရ သဘောကျလှပါတယ်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၆၁၂၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မင်းဘူး သြဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၆၁၂၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၀၀၃၃ ဧကစိုက်ပျိုးရန်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးခြင်းကို ယခုနှစ်ဇူလိုင်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၆၁၂၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ စပါး ၇၀၀၃၃ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာတော့ စပါးဧက ၆၁၂၅၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားစိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ စိုက်ပျိုးရေးသွင်းအားစုတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီ စိုက်ပျိုးနိုင်ဖို့အတွက်သက်ဆိုင်ရာဆက်စပ်ဌာနတွေနဲ့ပူးပေါင်းပြီး ကွင်းဆင်းဆောင်ရွက် ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ စိုက်ပျိုးရေးနှင့်သွင်းအားစုများ စနစ်တကျ သုံးစွဲတတ်စေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကန့်ဘလူမြို့နယ် နတ်ပေးကျေးရွာ၌ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ကန့်ဘလူ သြဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နတ်ပေးကျေးရွာအုပ်စု နတ်ပေးကျေးရွာ၌ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို သြဂုတ် ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကန့်ဘလူခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးခိုင်က ခေတ်မီစံပြကျေးရွာ ထူထောင်ရေးလုပ်ငန်း စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကန့်ဘလူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ခိုင်က ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များနှင့် ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော အဆိုပါကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် ခေတ်မီစံပြကျေးရွာထူထောင်ခြင်းလုပ်ငန်းစီမံကိန်း ကော်မတီဝင်ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# လူချွန်လူကောင်း ဖြစ်စေကြောင်း

\- စည်းကမ်းသည် လူ့တန်ဖိုး
ချစ်မြတ်နိုး ကျင့်သုံးပါ၊
ဆုံးမသော် မရှောင်လွဲနှင့်
အမြဲလိုက်နာ၊
စာရိတ္တ ဂုဏ်ထည်ဝါ
လူပုံလယ်မှာ ဝင့်ဝင့်ကြွား၊
ဘဝတစ်လျှောက် သမိုင်းကြောင်း
ကောင်းအောင် ကြိုးစား။

\- ငယ်ရွယ်စဉ် သတိထားလို့
အမှန်အမှား ခွဲခြားသော်၊
ကြီးလာလျှင် လူကောင်းဖြစ်ဖို့
ထုဆစ်ပုံဖော်၊
ဖြောင့်မတ်မှ ဂုဏ်သတင်းကျော်
မြှင့်တင်နော် ကိုယ်ရည်ကိုယ်သွေး၊
အနာဂတ်ရဲ့ ကြယ်တစ်ပွင့်
ဂုဏ်တင့်အောင်လေး။

\- ဆုံးဖြတ်ပါ ကိုယ်ပိုင်အတွေး
လမ်းမှန်ရွေး လျှောက်ကြရန်၊
စိတ်ဓာတ်ကို မယိုင်မလဲ
ခိုင်မြဲရှင်သန်၊
အသုံးချ ကိုယ်ပိုင်ဉာဏ်
ရဲရင့်ပြန် ပွဲလယ်တင့်၊
လူရည်ချွန် ကမ္ဘည်းထိုးလို့
တန်ဖိုးလည်းမြင့်။ ။

**အလင်္ကာ(ပွင့်ဖြူ)**

# ပေါင်းတည်မြို့နယ် ကြို့ကုန်း(မြေပြန့်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါင်းတည် သြဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြို့ကုန်း(မြေပြန့်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့်ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၄၃ သန်းကို ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၅ ဦးကို ငွေကျပ် ၂၉ ဒသမ ၁၅ သန်း၊ မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ် ၁၃ ဒသမ ၈၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂၉ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန္တာ**

# ပင်လယ်နက်ဒေသ၌ အပစ်အခတ်ရပ်စဲရေး အဆိုပြုချက် ရုရှားနိုင်ငံ ငြင်းပယ်

**မော်စကို ဩဂုတ် ၁၆**

ပင်လယ်နက်ဒေသ၌ ယူကရိန်းနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရယူရေး အဆိုပြုချက်ကို ရုရှားနိုင်ငံက ငြင်းပယ်ခဲ့ကြောင်း ဩဂုတ် ၁၅ ရက်သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပင်လယ်နက်ဒေသ၌ စစ်ရေးအရ အပြန်အလှန်တိုက်ခိုက်မှုများ ယာယီရပ်ဆိုင်းထားရန် ရုရှားနှင့် ယူကရိန်းတို့ကို တူကီယဲနိုင်ငံက အဆိုပြုရာ ရုရှားနိုင်ငံအနေဖြင့် လက်ခံရန် အကြောင်းမရှိကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီး မာရီယာဇာခါရိုဗာက ဩဂုတ် ၁၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ရုရှားနှင့် ယူကရိန်းတို့သည် ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း ပင်လယ်နက်ဒေသရှိ ဆိပ်ကမ်းများနှင့် ရေယာဉ်များကို ပိုမိုမြင့်တင်တိုက်ခိုက်ခဲ့ကြသည်။

ယူကရိန်း နိုင်ငံအနေဖြင့် ပင်လယ်နက်ဒေသ ရေလမ်းကြောင်းများကို အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုကျူးလွန်နေကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီး မာရီယာဇာခါရိုဗာ၏ ကြေညာချက်၌ ဝေဖန်ထားသည်။

ယူကရိန်းအနေဖြင့် စစ်ရေးပဋိပက္ခ ပိုမိုရှည်ကြာလာရေး ပင်လယ်နက် ရေလမ်းကြောင်းများကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်နေခြင်းဖြစ်ရာ ထိုသို့သော အခြေအနေမျိုးတွင် ယူကရိန်းအတွက် အခွင့်အလမ်းရစေမည့် အဆိုပြုချက်များကို မိမိတို့လက်မခံနိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး မာရီယာဇာခါရိုဗာက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO



# အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် လက်ဘနွန်၌ လူ ၁၁ ဦးသေဆုံး

**ဘေရွတ် ဩဂုတ် ၁၆**

အစ္စရေးနိုင်ငံ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဩဂုတ် ၁၅ ရက်တွင် ကလေးသုံးဦးအပါအဝင် လူ ၁၁ ဦးသေဆုံးခဲ့ကြောင်း လက်ဘနွန်အစိုးရက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အစ္စရေး၏ ဩဂုတ် ၁၅ ရက် လေကြောင်းတိုက်ခိုက်မှုကို အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ချိုးဖောက်မှုအဖြစ် လက်ဘနွန်သမ္မတ ဂျိုးဆက်အောင်းက ဝေဖန်ပြောကြားထားသည်။

သို့ရာတွင် အီရန်ကျောထောက်နောက်ခံပြု ဟစ်ဇ်ဘိုလာအုပ်စု၏ တိုက်ခိုက်မှုတစ်ရပ်ကို တုံ့ပြန်သည့်အနေဖြင့် ဩဂုတ် ၁၅ ရက် လေကြောင်းတိုက်ခိုက်မှုကို ပြုလုပ်ခဲ့ရခြင်းဖြစ်ကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

အစ္စရေးနှင့် လက်ဘနွန်တို့သည် ဟစ်ဇ်ဘိုလာပြဿနာကို ဖြေရှင်းရေးအတွက် လာမည့် စက်တင်ဘာလအတွင်း အီတလီနိုင်ငံ ရောမမြို့၌ ရှစ်ကြိမ်မြောက် တိုက်ရိုက် ဆွေးနွေးပွဲကျင်းပရန် စီစဉ်ထားသည်။

အစ္စရေးနှင့် လက်ဘနွန်တို့သည် ယခုနှစ်ဇွန်လအတွင်း အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ ကျင်းပခဲ့သော ဆွေးနွေးပွဲတွင် ဟစ်ဇ်ဘိုလာအုပ်စုလက်နက်ဖြုတ်သိမ်းရေး လက်ဘနွန်တောင်ပိုင်းမှ အစ္စရေးတပ်များ ပြန်လည်ရုပ်သိမ်းရေးတို့အတွက် သဘောတူညီချက်မူဘောင်တစ်ရပ် ရယူထားပြီးဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# နှစ်နိုင်ငံ စစ်မဲ့ဇုန် နယ်စပ်စည်းကို မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များ ချိုးဖောက်ခဲ့ဟု တောင်ကိုရီးယား ပြောကြား

**ဆိုးလ် ဩဂုတ် ၁၆**

တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံကြား စစ်မဲ့ဇုန်နယ်စပ်စည်းကို မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များ ချိုးဖောက်ခဲ့မှုကြောင့် တောင်ကိုရီးယားတပ်ဖွဲ့ဝင်များက သတိပေး ပစ်ခတ်မှုပြုလုပ်ခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါဖြစ်စဉ်သည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း အစိုးရသတင်းအရင်းအမြစ်များကို ကိုးကား၍ တောင်ကိုရီးယား မီဒီယာများက သတင်းထုတ်ပြန်ထားသည်။



တောင်ကိုရီးယား မီဒီယာများ၏အဆိုအရ မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များသည် နှစ်နိုင်ငံစစ်မဲ့ဇုန်နယ်စပ်အရှေ့ပိုင်းတွင် နယ်စပ်စည်း ချိုးဖောက်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် တောင်ကိုရီးယားတပ်ဖွဲ့ဝင်များက သတိပေးပစ်ခတ်မှုပြုလုပ်ခဲ့ပြီးနောက် မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်သည် ယခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် မြောက်ကိုရီးယား တပ်ဖွဲ့ဝင်များက နှစ်နိုင်ငံစစ်မဲ့ဇုန်နယ်စပ်စည်းကို ချိုးဖောက်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယား မီဒီယာများ၏ အဆိုအရ ပြီးခဲ့သည့်နှစ်အတွင်း မြောက်ကိုရီးယား တပ်ဖွဲ့ဝင်များသည် နှစ်နိုင်ငံစစ်မဲ့ဇုန်နယ်စပ်စည်းကို ၁၇ ကြိမ်ထိ ချိုးဖောက်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အများပြည်သူထံမှ သေနတ်များပြန်လည်ဝယ်ယူရေးအစီအစဉ် ယခုနှစ် နိုဝင်ဘာလတွင် ဩစတြေးလျစတင်မည်

**ဆစ်ဒနီ ဩဂုတ် ၁၆**

အများပြည်သူများ လက်ဝယ်ရှိ သေနတ်များ ပြန်လည်ဝယ်ယူရေးအစီအစဉ်ကို နယူးဆောက်ဝေးလ်ပြည်နယ်၌ ယခုနှစ် နိုဝင်ဘာလအတွင်း စတင်ပြုလုပ်မည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ်အန်တိုနီအယ်လ်ဘာနီစီက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁၄ ရက်က ဆစ်ဒနီမြို့ ဘွန်ဒီကမ်းခြေ၌ဖြစ်ပွားခဲ့သော သေနတ်ပစ်ခတ်မှုအတွင်းလူ ၁၅ ဦးသေဆုံးခဲ့ပြီးနောက် ပြည်သူများထံမှ လက်နက်ငယ်များကို ပြန်လည်ဝယ်ယူရန် ဩစတြေးလျအစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

ဘွန်ဒီကမ်းခြေ သေနတ်ပစ်ခတ်မှုကို ကျူးလွန်ခဲ့ကြသည့် သေနတ်သမားများသည် တရားဝင် ဝယ်ယူထားသည့် လက်နက်များကို အသုံးပြုခဲ့ကြခြင်းဖြစ်ကြောင်း ဩစတြေးလျရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

အများပြည်သူထံမှ လက်နက်ငယ်များ ပြန်လည်ဝယ်ယူရေး အစီအစဉ်ကို လာမည့်နိုဝင်ဘာ ၂ ရက်တွင် စတင်မည်ဖြစ်ပြီး ရိုင်ဖယ်သေနတ်များနှင့် ပြောင်းတိုသေနတ်များကို တစ်လက်လျှင် ဩစတြေးလျ ဒေါ်လာ ၁၀၀၀ (အမေရိကန်ဒေါ်လာ) ၇၀၀ နှုန်းဖြင့် ပြန်လည်ဝယ်ယူမည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ်က ပြောကြားထားသည်။

ဩစတြေးလျနိုင်ငံတစ်ဝန်းလုံး၌ လိုင်စင်ဖြင့် တရားဝင်ဝယ်ယူထားသည့် လက်နက်ငယ် ၄ ဒသမ ၁ သန်းထိရှိရာ ၁ ဒသမ ၁ သန်းကျော်မှာ နယူးဆောက်ဝေးလ်ပြည်နယ်၌ ရှိနေကြောင်းသိရသည်။

ဩစတြေးလျ အစိုးရသည် ဘွန်ဒီကမ်းခြေ သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီးနောက် အများပြည်သူထံမှ လက်နက်ငယ်များ ပြန်လည်ဝယ်ယူရေး၊ လက်နက်ဝယ်ယူခွင့် လိုင်စင်ထုတ်ပေးမှု တင်းကျပ်ရေးတို့အတွက် ဥပဒေများ ပြဋ္ဌာန်းထားကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# ဘင်္ဂလားဒေ့ရှ်သင်္ဘောဖျက်သိမ်းရေးဝင်းအတွင်း ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်၍ အလုပ်သမားကိုးဦးသေဆုံး

**ဒါကာ ဩဂုတ် ၁၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းရှိ သင်္ဘောဟောင်းဖျက်သိမ်းရေး ဝင်းတစ်ခုအတွင်း ဓာတ်ငွေ့ယိုစိမ့်မှု ဖြစ်ပွားခဲ့ရာ အလုပ်သမား ကိုးဦးသေဆုံးခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် တာဝန်ရှိသူများက ဩဂုတ် ၁၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်စဉ်သည် ဆီတာကွန်ဒါဒေသ၌ တည်ရှိသော ဖာဒိုးယပ်စ်သင်္ဘောဟောင်း ဖျက်သိမ်းရေးဝင်းအတွင်း ဩဂုတ် ၁၄ ရက်ကဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။



ပဏာမ စုံစမ်းစစ်ဆေးမှု ရလဒ်များအရ သင်္ဘောတစ်စီးမှ အဆိပ်အတောက်ရှိ ဓာတ်ငွေ့များ ယိုစိမ့် ထွက်ပေါ်လာမှုကြောင့် အလုပ်သမားများ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သင်္ဘောဟောင်းများ ဖျက်သိမ်းရေးလုပ်ငန်းသည် အမေရိကန်ဒေါ်လာ ဘီလီယံနှင့်ချီ တန်ဖိုးရှိသည့် လုပ်ငန်းဖြစ်ပြီး ဆီတာကွန်းမြို့ ဆီတာကွန်ဒါကမ်းရိုးတန်း တစ်လျှောက်၌ အခြေပြုထားသည်။

လက်ရှိတွင် အဆိုပါဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားရခြင်း နောက်ခံအကြောင်းရင်းကို ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# HALO အာကာသစခန်း ပင်မကိုယ်ထည်၏အစိတ်အပိုင်းများနှင့် နည်းပညာများကို အားတီးမစ် မစ်ရှင်လကမ္ဘာအခြေစိုက်စခန်း တည်ဆောက်ရာတွင် အသုံးပြုရန်စီစဉ်




**ဝါရှင်တန် ဩဂုတ် ၁၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ Lunar Gateway လပတ်အာကာသစခန်းယာဉ်အတွက် ရည်ရွယ်တည်ဆောက်ထားသည့် HALO အာကာသစခန်း ပင်မကိုယ်ထည်၏အစိတ်အပိုင်းများနှင့် နည်းပညာများကို အားတီးမစ် မစ်ရှင် လကမ္ဘာအခြေစိုက်စခန်း တည်ဆောက်ရာတွင် ပြောင်းလဲအသုံးပြုရန် နေ့သ်ရော့ဂရူးမင်းကုမ္ပဏီက စီစဉ်ထားကြောင်း ဩဂုတ် ၁၅ ရက် သတင်းများအရ သိရသည်။

နာဆာအဖွဲ့သည် မူလက လပတ်လမ်းပေါ်၌ Lunar Gateway လပတ်အာကာသ စခန်းယာဉ်ကို တည်ဆောက်ရန် စီစဉ်ထားသော်လည်း ယခုနှစ်စပိုင်းအတွင်း အားတီးမစ် မစ်ရှင်လုပ်ငန်းအစီအစဉ်များကို ပြောင်းလဲစီစဉ်ပြီးနောက် Lunar Gateway လပတ်အာကာသမစ်ရှင်ကို ဖျက်သိမ်းခဲ့သည်။

နာဆာသည် လကမ္ဘာပေါ်သို့ လူသားများကို မြန်နိုင်သမျှမြန်မြန် စေလွှတ်နိုင်ရေးအတွက် အားတီးမစ်မစ်ရှင်ကို ပြင်ဆင်ပြောင်းလဲမှုများပြုလုပ်ခဲ့ရာ အထက်ပါ အပြောင်းအလဲများအရ Lunar Gateway လပတ်အာကာသစခန်းယာဉ်တည်ဆောက်ရေးအစီအစဉ်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

နေ့သ်ရော့ဂရူးမင်းကုမ္ပဏီသည် Lunar Gateway လပတ်အာကာသစခန်းယာဉ်အတွင်း HA-LO အာကာသစခန်းပင်မကိုယ်ထည်ကို တည်ဆောက်လျက်ရှိသည်။

Lunar Gateway မစ်ရှင်ကို ဖျက်သိမ်းခဲ့သော်လည်း တည်ဆောက်နေဆဲဖြစ်သည့် HALO အာကာသစခန်း ပင်မကိုယ်ထည်ကို ဖျက်သိမ်းခြင်းမရှိဘဲ ၎င်းပင်မကိုယ်ထည်၏ အစိတ်အပိုင်းများနှင့် နည်းပညာများကို အားတီးမစ် မစ်ရှင် လပတ်အာကာသစခန်းယာဉ်အတွက် ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# ဓာတ်လှေကားအစား လှေကားကို အသုံးပြုမှုက အသက်ငယ်ငယ်ဖြင့် သေဆုံးနိုင်ခြေကို လျှော့ချနိုင်

**လန်ဒန် ဩဂုတ် ၁၆**

ဓာတ်လှေကားအစား လှေကားကို အသုံးပြုမှုသည် အသက်ငယ်ငယ်ဖြင့် သေဆုံးနိုင်ခြေကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၁၅ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံ အိစ်အင်ဂျလီယာ တက္ကသိုလ်မှ သုတေသနပညာရှင်များသည် လူပေါင်း ၅၀၀၀၀၀ ခန့်တို့၏ နေ့စဉ်လှုပ်ရှားမှုပုံစံများကို လေ့လာစူးစမ်းခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ဓာတ်လှေကားအစား လှေကားကို အသုံးပြု၍ အတက်အဆင်းပြုလုပ်မှုသည် အသက်ငယ်ငယ်ဖြင့် သေဆုံးနိုင်ခြေကို ၄၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် ဓာတ်လှေကားအစား လှေကားကို အသုံးပြု၍ အတက်အဆင်းပြုလုပ်မှုသည် နှလုံးရောဂါများဖြစ်နိုင်ခြေကို ၃၉ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

သုတေသနပညာရှင်များ၏ အဆိုအရ တစ်ရက်လျှင် လှေကားအတက်အဆင်း ခြောက်ကြိမ်ထိ ပြုလုပ်ပေးပါက ကျန်းမာရေးအတွက် အကောင်းဆုံးအထောက်အကူပြုနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ လှေကားအတက်အဆင်းပြုလုပ်ခြင်းကဲ့သို့ အားစိုက်ရသည့် အချိန်တို လှုပ်ရှားမှုများသည် ကျန်းမာရေး အကျိုးကျေးဇူးများနှင့် ဆက်စပ်နေကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**

# နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်မှ အာကာသယာဉ်မှူးများက အာကာသစခန်းပြင်ပ ထွက်ခွာရေးမစ်ရှင်များအတွက် ပြင်ဆင်မှုများ ပြုလုပ်နေ

**ဝါရှင်တန် ဩဂုတ် ၁၆**

နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်မှ အာကာသယာဉ်မှူးများသည် အာကာသစခန်းပြင်ပ ထွက်ခွာရေး မစ်ရှင်များအတွက် ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ဩဂုတ် ၁၅ ရက် သတင်းများအရ သိရသည်။



အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) အာကာသယာဉ်မှူး အန်နီးလ်မီခွန်နှင့် ဥရောပအာကာသအေဂျင်စီ အာကာသယာဉ်မှူး ဆိုဖီအဒီးနေ့ာ တို့သည် ဩဂုတ် ၁၈ ရက်တွင် နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ထွက်ခွာရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ အာကာသယာဉ်မှူး နှစ်ဦးသည် အာကာသနှင့် မြေပြင်ဆက်သွယ်ရေး အင်တင်နာစနစ်ကို အစားထိုးတပ်ဆင်ရန် စီစဉ်ထားကြောင်း သိရသည်။

အထက်ပါ မစ်ရှင်အတွက် ကြိုတင် ပြင်ဆင်သည့်အနေဖြင့် အာကာသစခန်းပြင်ပသို့ ထွက်ခွာမည့်အာကာသယာဉ်မှူးများ ဝတ်ဆင်မည့် အာကာသဝတ်စုံများကို စစ်ဆေးမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

နာဆာအာကာသယာဉ်မှူး အန်နီးလ်မီခွန်နှင့် ဥရောပအာကာသအေဂျင်စီ အာကာသယာဉ်မှူး ဆိုဖီအဒီးနေ့ာတို့၏ နိုင်ငံတကာ အာကာသစခန်းပြင်ပ ထွက်ခွာချိန်သည် ခြောက်နာရီခွဲထိ ကြာမြင့်နိုင်ကြောင်း နာဆာက သတင်းထုတ်ပြန်ထားသည်။

**Ref : Sputnik News**

**Trs : KKO**

# တစ်ရက်လျှင် ကော်ဖီကို ငါးခွက်နှင့်အထက် သောက်ပါက ဝမ်းဗိုက်ပိုင်းအဆီစုစည်းမှုကို လျှော့ချနိုင်

**ဟယ်လ်ဆင်ကီး ဩဂုတ် ၁၆**

တစ်ရက်လျှင် ကော်ဖီကို ငါးခွက်နှင့်အထက် သောက်သုံးပါက ဝမ်းဗိုက်ပိုင်း အဆီစုစည်းမှုကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၁၅ ရက်တွင် ပြောကြားသည်။

ဖင်လန်နိုင်ငံ အိုယူလူတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ တစ်ရက်လျှင် ကော်ဖီကို ငါးခွက်နှင့်အထက် သောက်သူများသည် သာမန်မျှသာ သောက်သူများထက် ကိုယ်တွင်းအဆီစုစည်းမှုပိုနည်းပါးပြီး ကြွက်သားထုပိုများကြောင်း သိရသည်။

ကိုယ်တွင်းအင်္ဂါများ ပတ်ပတ်လည်၌ အဆီဓာတ်စုစည်းမှုမြင့်မားပါက ဆီးချိုရောဂါ၊ နှလုံးရောဂါနှင့် ကင်ဆာရောဂါများဖြစ်နိုင်ခြေ မြင့်တက်လာတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဖင်လန်သုတေသနပညာရှင်များသည် အသက် ၄၆ နှစ်အရွယ် ၂၂၆၄ ဦးတို့၏ အချက်အလက်များကို လေ့လာစူးစမ်းခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ တစ်ရက်လျှင် ကော်ဖီကို ငါးခွက်နှင့်အထက် သောက်သုံးသူများသည် ကော်ဖီလုံးဝမသောက်သူများနှင့် နှိုင်းယှဉ်ပါက ကိုယ်တွင်းအဆီဓာတ်စုစည်းမှုအဆင့်မှာ ခြောက်ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

ယခင်ပြုလုပ်ခဲ့သည့် လေ့လာတွေ့ရှိချက်များတွင်လည်း ကော်ဖီသောက်သုံးမှုသည် နှလုံးရောဂါများဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက တင်ပြထားသည်။

**Ref : Russia Today**

**Trs : KKO**

# အမေရိကန်နိုင်ငံ မက်ဆာချူးဆက်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက အာကာသဒြပ်ထည်အမျိုးအစားသစ်တစ်မျိုးကို ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဩဂုတ် ၁၆**

အမေရိကန်နိုင်ငံ မက်ဆာချူးဆက်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် အာကာသဒြပ်ထည်အမျိုးအစားသစ်တစ်မျိုးကို ရှာဖွေတွေ့ရှိထားကြောင်း ဩဂုတ် ၁၅ ရက် သတင်းများအရ သိရသည်။

တွင်းနက်ကြယ် (Black hole Star) ဟူ၍ အမည်ပေးထားသည့် အထက်ပါ အကာသဒြပ်ထည်သစ်သည် အရွယ်အစားအားဖြင့် နေအဖွဲ့အစည်းတစ်ခုလုံး၏ အရွယ်အစားနှင့်တူညီပြီး အနီရောင်အလင်းများ ပေါ်ထွက်နေကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် ဂျိမ်းစ်ဝက်ဘ်အာကာသ ရေဒီယိုတယ်လီစကုပ်က ရိုက်ကူးထားသည့် ထူးဆန်းသော အနီရောင် အစက်အပြောက်များကို လေ့လာခဲ့ပြီးနောက် တွင်းနက်ကြယ်ကို ရှာဖွေတွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိခဲ့သော တွင်းနက်ကြယ်အာကာသ ဒြပ်ထည်သစ်သည် ကမ္ဘာမြေနှင့် အလင်းနှစ်ဘီလီယံနှင့်ချီ ကွာဝေးသော စီးတပ်စ်နက္ခတ်တာရာ နယ်မြေအတွင်း တည်ရှိသည်။

Big Bang ခေါ် မဟာပေါက်ကွဲမှုကြီး ပေါ်ပေါက်ခဲ့ပြီး နှစ်ပေါင်းသန်း ၆၆၀ အကွာတွင် တည်ရှိသော တွင်းနက်ကြယ်က ထုတ်လွှတ်နေသည့် စွမ်းအင်ပမာဏမှာ သာမန်ကြယ်တစ်စင်း ထုတ်လွှတ်သည့် စွမ်းအင်ပမာဏထက် အဆပေါင်းဘီလီယံ ၁၀၀ ပိုမြင့်မားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ တွင်းနက်ကြယ်က ထုတ်လွှတ်နေသည့် စွမ်းအင်ပမာဏမှာ အာကာသ တွင်းနက်တစ်ခုက ထုတ်လွှတ်သည့် စွမ်းအင်ပမာဏနှင့် ပိုနီးစပ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် နိုင်ငံတကာဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲတွင် ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ ကလပ်အသင်းများပါဝင်မည်

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင်ကျင်းပမည့် နိုင်ငံတကာဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲတွင် ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ ကလပ်အသင်းများပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲကို ပြည်တွင်းမှကလပ်အသင်း ငါးသင်း၊ ပြည်ပမှ ကလပ်အသင်း သုံးသင်းဖြင့် ကျင်းပမည်ဖြစ်သည်။

နိုင်ငံတကာ ဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲတွင် ပြည်တွင်းကလပ်အသင်းများဖြစ်သည့် YRG FC အသင်း၊ YCDC Dream Team အသင်း၊ MIU FCအသင်း၊ M2K FC အသင်း၊ TG United အသင်းတို့ပါဝင်မည်ဖြစ်ပြီး ပြည်ပကလပ်အသင်းများအဖြစ် ကမ္ဘောဒီးယားကလပ် Lucky FC အသင်း၊ ထိုင်းကလပ် Black Pearl United အသင်း၊ အင်ဒိုနီးရှားကလပ် Black Steel FC အသင်းတို့ပါဝင်မည်ဖြစ်သည်။

အဆိုပါ နိုင်ငံတကာဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲကို လာမည့် စက်တင်ဘာ ၅ ရက်မှ ၁၂ ရက်ထိ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ STA

# ပန်တိုဂျာကို တတိယအချီတွင် အလဲထိုးဖြင့်အနိုင်ရယူမည်ဟု UFC ကမ္ဘာ့ဖလိုင်းဝိတ်တန်းချန်ပီယံ ဂျိုရှုအာဗန်ပြောကြား

ရန်ကုန် ဩဂုတ် ၁၆

UFC ကမ္ဘာ့ဖလိုင်းဝိတ်တန်း ချန်ပီယံ မြန်မာနွယ်ဖွား ချင်းဖိုက်တာ ဂျိုရှုအာဗန်က လာမည့် UFC 331 ပြိုင်ပွဲတွင် ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်၌ စိန်ခေါ်သူဘရာဇီးဖိုက်တာပန်တိုဂျာကို တတိယအချီအတွင်းအလဲထိုးဖြင့် အနိုင်ရယူမည်ဟု ဩဂုတ် ၁၅ ရက်က ပွဲစဉ်မတိုင်မီ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။



UFCအဖွဲ့ချုပ်နှင့်စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် UFC ပြိုင်ပွဲများတွင် နိုင်ပွဲများ ဆက်တိုက်ရရှိနေသည့် ဂျိုရှုအာဗန်သည် UFC ကမ္ဘာ့ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်ကို ပန်တိုဂျာကိုအနိုင်ရခဲ့ကာ ပိုင်ဆိုင်ထားခြင်းဖြစ်ပြီး ယခုအခါ ဒုတိယမြောက် ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် ချန်ပီယံဟောင်း ပန်တိုဂျာနှင့် ဆက်လက်ထိုးသတ်ရမည်ဖြစ်သည်။

ဂျိုရှုအာဗန်သည် ချန်ပီယံခါးပတ် ဆွတ်ခူးခဲ့ပြီးနောက် ပထမကာကွယ်ပွဲစဉ်အဖြစ် ဂျပန်ဖိုက်တာ တိုင်ရာနှင့်ထိုးသတ်ခဲ့ရာ အလဲထိုးဖြင့်အနိုင်ရခဲ့ပြီး လက်ရှိတွင် ဒုတိယမြောက်ကာကွယ်ပွဲစဉ်အဖြစ် စက်တင်ဘာ ၁၉ ရက်တွင် ထိုးသတ်မည်ဖြစ်သည်။

ဂျိုရှုအာဗန်က "ကျွန်တော် ပထမအကြိမ်တုန်းကလဲ သူ့ကို အနိုင်ရယူနိုင်ခဲ့ပါတယ်။ အခုတစ်ကြိမ်မှာလဲ ထပ်ပြီးအနိုင်ရယူသွားမှာပါ။ ကျွန်တော် သူနဲ့ထိုးတဲ့ ပထမပွဲမတိုင်ခင်တုန်းကလဲ တတိယအချီအတွင်းမှာ အလဲထိုးနဲ့ အနိုင်ယူပြမယ်လို့ပြောခဲ့ပါတယ်။ အခုတစ်ကြိမ်လဲ အရင်ကလိုပါပဲ သူ့ကို တတိယအချီအတွင်းမှာ အလဲထိုးပြသွားမှာပါ။ ကျွန်တော့ ပွဲစဉ်ကို အဓိကတွဲဆိုင်းလို့ ကြေညာလိုက်တော့ ကျွန်တော် သိပ်ကို စိတ်လှုပ်ရှားရပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ STA

# စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ၆၄ ဦးရှုံးထွက်အဆင့်မှ ဂျိုကိုဗစ်ထွက်ခွာခဲ့ရ



ဝါရှင်တန် ဩဂုတ် ၁၆

အမေရိကန်နိုင်ငံတွင် ကျင်းပနေသည့် စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ၆၄ ဦး ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ယနေ့တွင် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်က အာဂျင်တီးနား တင်းနစ်ကစားသမား တီယန်တီကို ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း Tennis 365 သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဂျိုကိုဗစ် အနေဖြင့် ပုံမှန်လက်စွမ်းအောက် ကျရောက်နေခဲ့ပြီး ပထမပွဲငယ်တွင် (၆-၂) ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် (၄-၆)ရလဒ်နှင့် တတိယပွဲငယ်တွင်လည်း (၄-၆)ရလဒ်ဖြင့် ပွဲငယ်နှစ်ပွဲဆက် ရှုံးနိမ့်ခဲ့ပြီးနောက် ပြိုင်ပွဲတွင် ၆၄ ဦးရှုံးထွက်အဆင့်မှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဇွန်လအတွင်း ကျင်းပခဲ့သည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့သည့် ဂျိုကိုဗစ်သည် လက်ရှိစင်စင်နတီအိုးပင်း တင်းနစ်ပြိုင်ပွဲတွင်ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ တီယန်တီကိုရှုံးနိမ့်ခဲ့ကာ ပြိုင်ပွဲမှ စောစီးစွာ ထွက်ခွာခဲ့ရခြင်း ဖြစ်သည်။

ထို့ပြင် တီယန်တီသည် ပြီးခဲ့သည့် ၁၂၈ ဦး ရှုံးထွက်အဆင့်တွင် ဗြိတိန် တင်းနစ်ကစားသမား ချိုင်နစ်စကီးကို (၇-၆)၊ (၆-၇)၊ (၇-၆) ရလဒ်ဖြင့် အနိုင်ရခဲ့သကဲ့သို့ လက်ရှိတွင်လည်း ဂျိုကိုဗစ်ကို အနိုင်ရပြီး ၃၂ ဦးရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ကာ ၃၂ ဦး ရှုံးထွက်ပွဲစဉ်အဖြစ် ဩဂုတ် ၁၇ ရက်တွင် စပိန်တင်းနစ်ကစားသမား လန်ဒါလူစီနှင့် ဆက်လက်ကစားရမည် ဖြစ်ကြောင်း သိရသည်။

Ref : Tennis 365
Trs : STA

# အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ရှေဝတီအသင်းနှင့် စင်ကာပူကလပ် FC Jurong အသင်းတို့ကစားမည်

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံပြီး ရန်ကုန်မြို့သုဝဏ္ဏအားကစားကွင်းတွင် ကျင်းပမည့် အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲခြေစစ်ပွဲအုပ်စု(F) အုပ်စုအဖွင့်ပွဲစဉ်အဖြစ် မြန်မာနိုင်ငံကိုယ်စားပြု ရှေဝတီအသင်းနှင့် စင်ကာပူကလပ် FC Jurong အသင်းတို့ ဩဂုတ် ၁၇ရက် ညနေ ၄ နာရီတွင် ကစားမည်ဖြစ်ကြောင်း သိရသည်။

အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု(F)တွင် အိမ်ရှင် ရှေဝတီအသင်းနှင့်အတူ စင်ကာပူကလပ် FC Jurong အသင်း၊ လက်ဘနွန်ကလပ် No Limits FC အသင်း၊ တရုတ် (တိုင်ပေ)ကလပ် New Taipei အသင်းတို့တစ်အုပ်စုတည်းကစားရမည်ဖြစ်သည်။

ရှေဝတီအသင်းသည် FC Jurong အသင်းနှင့် ပွဲစဉ်အပြီးတွင် အုပ်စုလက်ကျန် ပွဲစဉ်များအဖြစ် ဩဂုတ် ၂၀ ရက်တွင် လက်ဘနွန်ကလပ် No Limits FCအသင်း၊ ဩဂုတ် ၂၃ ရက်တွင် တရုတ် (တိုင်ပေ)ကလပ် New Taipei အသင်းတို့နှင့် ဆက်လက်ကစားရမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များအပြီး အုပ်စုပထမနေရာတွင် ရပ်တည်နိုင်မည့် အသင်းတစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။


အာရှ အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲခြေစစ်ပွဲအဆင့်တွင် ရှေဝတီအသင်းကစားမည့် အုပ်စုပွဲစဉ်များကို ပြည်တွင်းရုပ်သံလိုင်းများဖြစ်သည့် MRTV-4 ရုပ်သံလိုင်းနှင့် Channel 7 ရုပ်သံလိုင်းတို့အပြင် Pyone Play Sports Youtube မှလည်း တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ STA

# Hyundai Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပထမအကျော့ပွဲစဉ်တွင် ထိုင်းအသင်းက စင်ကာပူအသင်းကို အနိုင်ရ

ဗန်ကောက် ဩဂုတ် ၁၆

Hyundai Cup ပြိုင်ပွဲပထမအကျော့ပွဲစဉ်အဖြစ် စင်ကာပူအသင်းနှင့် ထိုင်းအသင်းတို့ကစားခဲ့ရာ ထိုင်းအသင်းက အဝေးကွင်းတွင် သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ဖိုင်နယ်ပွဲအဆင့်သို့ တက်ရောက်နိုင်ရန် အခြေအနေကောင်းမွန်လာခဲ့ကြောင်း သိရသည်။

Hyundai Cup ပြိုင်ပွဲအုပ်စုပွဲစဉ်များအပြီးတွင် ထိုင်းအသင်းသည် အုပ်စု(B)တွင် အုပ်စုပထမနေရာဖြင့် ဆီမီးဖိုင်နယ်အဆင့်တက်ရောက်ခဲ့ပြီး စင်ကာပူအသင်းသည် အုပ်စု(A) အုပ်စုနောက်ဆုံးပွဲစဉ်တွင် အင်ဒိုနီးရှားအသင်းနှင့် သရေရလဒ်ထွက်ပေါ်ခဲ့ကာ အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။



စင်ကာပူအသင်းနှင့် ထိုင်းအသင်းတို့ပွဲစဉ်တွင် ထိုင်းအသင်းက ပွဲစကတည်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားခဲ့ကာ ပွဲချိန် ၁၄ မိနစ်နှင့် ပွဲချိန် ၂၆ မိနစ်တို့တွင် ပွိုင်ဖီမိုင်က ထိုင်းအသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူပြီး ပထမပိုင်းတွင်နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သကဲ့သို့ ဒုတိယပိုင်းပြန်လည် စတင်ချိန်တွင်လည်း ထိုင်းအသင်းက ဆက်လက်ဖိအားပေးကစားခဲ့ကာ ပွဲချိန် ၅၁ မိနစ်တွင် ရာထရီးက ထိုင်းအသင်းအတွက် တတိယဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၈၅ မိနစ်တွင် ဖန်ဒီက စင်ကာပူအသင်းအတွက် ချေပဂိုး တစ်ဂိုး သွင်းယူခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ထိုင်းအသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

Hyundai Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့သည် ထိုင်းအသင်းအိမ်ကွင်း၌ ဩဂုတ် ၁၈ ရက်တွင် ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။ STA

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

# လျှပ်စီးလက်ခြင်း၊မိုးကြိုးပစ်ခြင်း ပညာပေးစာစောင်

မိုးကြိုးပစ်ခြင်းသည် မိုးကြိုကာလ (ဧပြီလနှင့် မေလ) နှင့် မိုးနှောင်းကာလ (အောက်တိုဘာလနှင့် နိုဝင်ဘာလ) များတွင် များသောအားဖြင့်ဖြစ်ပေါ်လေ့ရှိသည်။ မိမိတို့ဒေသအနီးတစ်ဝိုက်တွင် မိုးခြိမ်းခြင်းနှင့် လျှပ်စီးလက်ခြင်းတို့ မကြာခဏဖြစ်ပေါ်နေပါကမိုးကြိုးပစ်နိုင်သည့်အန္တရာယ်ရှိနိုင်ပါသည်။



## လျှပ်စီးလက်ခြင်းမဖြစ်မီကြိုတင် လုပ်ဆောင်ရန်အချက်များ


၁။နေအိမ်အဆောက်အအုံများတွင် မိုးကြိုးလွှဲတပ်ဆင်အသုံးပြုပါ။



၂။ ပြတင်းပေါက်မှန်များအား အလင်းဝင်ရောက်မှုမှ ကာကွယ်ပါ။ (စက္ကူကပ်ခြင်း၊ လိုက်ကာတပ်ဆင်ခြင်း)



၃။ လျှပ်စစ်မီးဖြတ်သောပင်မမိန်းခလုတ်များတပ်ဆင်ပါ။




၄။ ကလေးသူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အို နှင့် မသန်စွမ်း အပါအဝင် မိသားစုဝင်များအား မိုးကြိုးအန္တရာယ်နှင့် ဆောင်ရန် ရှောင်ရန်သတိပေးချက်များ အသိပေးထားပါ။



## လျှပ်စီးလက်မှုဖြစ်ပွားစဉ်အိမ်အတွင်း ရှိနေလျှင်

၁။ လျှပ်စီးလက်မှုဖြစ်ပွားစဉ်ရေသုံးစွဲခြင်း၊ရေချိုးခြင်းမပြုလုပ်ပါနှင့်၊ သတ္တုနှင့်ဆက်စပ်ပစ္စည်းများတွင်လျှပ်စီးဝင်နိုင်သည်ကိုသတိပြုပါ။



၂။ သံနှင့်ပြုလုပ်ထားသော အရာဝတ္ထုများနှင့် ဝေးဝေးနေပါ။



၃။ တယ်လီဖုန်းများ အသုံးမပြုပါနှင့်။



၄။ အိမ်တွင်းလျှပ်စစ်အသုံးအဆောင်ပစ္စည်းများမှ မီးပလပ်များဖြုတ်ထားပါ။ မီးခလုတ်များပိတ်ထားပါ။




၅။ ပြတင်းပေါက်နှင့်ဝေးရာတွင်နေပါ။



## လျှပ်စီးလက်မှုဖြစ်ပွားစဉ် အိမ်အပြင်တွင်ရှိနေလျှင်

၁။ မိမိနေထိုင်သောနေရာအနီးတစ်ဝိုက်တွင် မိုးကြိုးပစ်နိုင်သည့် အန္တရာယ်ရှိပါက အိမ်အတွင်း (သို့မဟုတ်) အဆောက်အအုံအတွင်းသို့ဝင်ပါ။



၂။ ကွင်းပြင်သို့မဟုတ် သစ်တောများထဲသို့ရောက်ရှိနေပါက သစ်ပင်ငယ်များရှိနေသည့်အနိမ့်ပိုင်းသို့ ဝင်ရောက်ပြီးအကာအကွယ်ယူပါ။



၃။ ဆံပင်များထောင်လာသည်ဟုခံစားရပါက ဒူးပေါ်လက်ယှက်တင်၍ ပုဆစ်တုပ်ထိုင်ပါ။ ဝမ်းလျားမမှောက်ပါနှင့်။



၄။ စက်ဘီး/ဆိုင်ကယ်ပေါ်တွင် ရောက်ရှိနေပါက အမြန်ဆုံးဆင်းပါ။



၅။ ကွင်းပြင်ကျယ်တွင် လူစုလူဝေးဖြစ်နေပါက အမြန်ဆုံးလူစုခွဲပါ။



၆။ သွပ်ဆူးကြိုးကာထားသော ခြံစည်းရိုး၊ သံထည်ပစ္စည်း၊ သံလမ်းများအနီးတွင် မနေပါနှင့်။



၇။ ရေလွှမ်းနေသော လမ်းများပေါ်သို့ သွားလာခြင်း၊ ရပ်နေခြင်းမပြုပါနှင့်။



၈။ လွင်တီးခေါင်ကုန်းပြင်ရှိ သစ်ပင်၊ အဆောက်အအုံ အနီးတွင် မနေပါနှင့်။



## လျှပ်စီးလက်ခြင်း ဖြစ်ပွားပြီးနောက် လိုက်နာရန်အချက်များ

၁။ မိုးကြိုးပစ်ပြီး နာရီဝက်ခန့်ကြာ ဘေးကင်းလုံခြုံမှသာ အပြင်ထွက်ပါ။




၂။ မိုးကြိုးပစ်ခံရသော သစ်ပင်များမီးလောင်ခြင်းမှ နေအိမ်များသို့ ကူးစက်နိုင်သဖြင့် သတိထား ကြည့်ရှု နေထိုင်ပါ။



၃။ လျှပ်စစ်မီးကြိုးများပြတ်တောက်ခြင်းကို သတိထား ရှောင်ရှားပါ။ တွေ့ရှိပါက သက်ဆိုင်ရာသို့ အမြန်ဆုံး သတင်းပို့ပါ။ ဘေးပတ်ဝန်းကျင်ကိုလည်း သတိပေးပါ။




၄။ မိုးကြိုးစက်ကွင်းထိထားသော လူနာများအား အမြန်ဆုံး ဆေးအကူအညီ ရရှိရေးဆောင်ရွက်ပါ။

၅။ ကလေးသူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူ များကို အထူးဂရုပြု ကူညီပါ။



**ထူးခြားသည့် နေ့အပူချိန်များ**
( ၁၆ – ၈ – ၂၀၂၆ )

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| မော်လိုက် | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် | စစ်ကိုင်း | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | ကသာ | ၃၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မြင်းမူ | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မိုးကောင်း | ၃၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | မြစ်ကြီးနား | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မန္တလေး | ၃၃ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |

# ရော်ဘာစိုက်ပျိုးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအလားအလာများ

သုတကြွယ်

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် စက်မှုကုန်ကြမ်းသီးနှံများသည် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ ရော်ဘာစိုက်ပျိုးရေးသည် ကမ္ဘာ့ဈေးကွက်တွင် နေရာတစ်နေရာရယူထားနိုင်သည့် အဓိကစီးပွားရေးသီးနှံဖြစ်သည်။ နိုင်ငံတကာကုန်သွယ်မှုတွင် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုသည် နိုင်ငံ၏ပို့ကုန်ဝင်ငွေကို တိုးမြှင့်ပေးနိုင်သည့် အဓိကမောင်းနှင်အားတစ်ခုလည်းဖြစ်သည်။

ရော်ဘာပင်ကို အပူပိုင်းဒေသ ရာသီဥတုနှင့်ကိုက်ညီသော မြေနိမ့်ပိုင်းဒေသများတွင် အဓိကထားစိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတွင် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့သည် ရော်ဘာစိုက်ပျိုးရန် အသင့်တော်ဆုံးနှင့် အများဆုံးစိုက်ပျိုးရာ ဒေသများဖြစ်ကြသည်။

ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းသည် ကျေးလက်ဒေသများ၏ အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးရာတွင် အဓိကကျသော အခန်းကဏ္ဍတွင် တည်ရှိနေသည်။ စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်းမှစ၍ အစေးခြစ်ခြင်းနှင့် ကုန်ကြမ်းထုတ်လုပ်ခြင်းထိ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် လုပ်သားအမြောက်အမြား လိုအပ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများအတွက် တည်ငြိမ်သောဝင်ငွေလမ်းကြောင်းကို ဖန်တီးပေးနိုင်ပြီး ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူဖြစ်စေသည်။

စက်မှုကုန်ကြမ်းသီးနှံတစ်မျိုးအနေဖြင့် ရော်ဘာသည် မော်တော်ယာဉ်တာယာလုပ်ငန်း၊ ဖိနပ်လုပ်ငန်းနှင့် အခြားရော်ဘာအခြေခံထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သော ပစ္စည်းဖြစ်သည်။ ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အရည်အသွေးမီရော်ဘာကုန်ကြမ်းလိုအပ်ချက်မှာလည်း တစ်စတစ်စမြင့်တက်လာသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအပေါ် ရော်ဘာစိုက်ပျိုးရေး၏ အကျိုးသက်ရောက်မှုမှာ နိုင်ငံခြားငွေရှာဖွေပေးနိုင်မှုအတွက်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ ထွက်ရှိလာသောရော်ဘာများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းအားဖြင့် နိုင်ငံတော်၏ ပို့ကုန်ဝင်ငွေပမာဏကို သိသာထင်ရှားစွာ တိုးမြှင့်ပေးနိုင်သောကြောင့်ဖြစ်သည်။ ဤသို့နိုင်ငံခြားဝင်ငွေရရှိခြင်းသည် နိုင်ငံ၏ငွေကြေးဖောင်းပွမှုကို ထိန်းညှိပေးရန်နှင့် ဖွံ့ဖြိုးရေးစီမံကိန်းများကို ရန်ပုံငွေဖြည့်တင်းပေးရန် များစွာအထောက်အကူပြုသည်။

သို့သော် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် စိန်ခေါ်မှုတချို့ကိုလည်း ရင်ဆိုင်နေကြရဆဲဖြစ်သည်။ အဓိကစိန်ခေါ်မှုတစ်ရပ်မှာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီသော အရည်အသွေးမီရော်ဘာပြားများနှင့် လုပ်ငန်းသုံးရော်ဘာများထုတ်လုပ်နိုင်ရေးပင်ဖြစ်သည်။ ခေတ်မီနည်းပညာများနှင့် စက်ပစ္စည်းကိရိယာများ အသုံးချမှုနည်းပါးခြင်းက အရည်အသွေးပိုင်းဆိုင်ရာ တိုးတက်မှုကို အနည်းငယ်နှောင့်နှေးစေသည်။

ဒေသတွင်းနှင့် ကမ္ဘာ့ဈေးကွက်အတွင်း ရော်ဘာဈေးနှုန်းမတည်ငြိမ်မှုများသည်လည်း စိုက်ပျိုးတောင်သူများအတွက် စိုးရိမ်ရသောကိစ္စတစ်ခုဖြစ်ရာ ဈေးကွက်အတက်အကျဒဏ်ကို ခံနိုင်ရည်ရှိစေရန် ကုန်ကြမ်းအဖြစ်သာမကဘဲ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ်သို့ ပြောင်းလဲထုတ်လုပ်နိုင်ရေး အလွန်ပင်လိုအပ်လာပြီဖြစ်သည်။

စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုကုန်ကြမ်းသီးနှံများ ဌာနခွဲတို့အနေဖြင့် တောင်သူများအတွက် နည်းပညာအကူအညီများကို စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိသည်။ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ မြေဆီလွှာပြုပြင်ထိန်းသိမ်းရေးနှင့် ပိုးမွှားရောဂါကာကွယ်ရေးနည်းပညာများကို စနစ်တကျ လေ့ကျင့်သင်တန်းပေးနေသည်။ ဤကဲ့သို့ ကူညီပံ့ပိုးမှုများကြောင့် တောင်သူတို့၏ စိုက်ပျိုးရေးအသိပညာများ တိုးတက်လာပြီး အထွက်နှုန်းများလည်း တိုးတက်လာပြီဖြစ်သည်။

ရော်ဘာပင်များကို စနစ်တကျ စိုက်ပျိုးရန်အတွက် ပျိုးပင်အရည်အသွေးသည် အလွန်ပင်အရေးကြီးသော အချက်တစ်ရပ်ဖြစ်သည်။ မျိုးကောင်းမျိုးသန့်နှင့် ရောဂါကင်းရှင်းသော ပျိုးပင်



များကို အသုံးပြုခြင်းဖြင့် အစေးထွက်သက်တမ်းကို ပိုမိုရှည်ကြာစေနိုင်သည်။ ထို့ကြောင့် ဌာနဆိုင်ရာများနှင့်ပုဂ္ဂလိကကဏ္ဍတို့ပူးပေါင်း၍အရည်အသွေးမီ ပျိုးဥယျာဉ်များကို တိုးချဲ့တည်ထောင်ပေးရန် လိုအပ်သည်။

စိုက်ပျိုးပြီး ရော်ဘာပင်များ စတင်အစေးခြစ်ယူနိုင်ရန် ငါးနှစ်မှ ခုနစ်နှစ်ခန့် အချိန်ယူရလေ့ရှိသည်။ ဤကာလအတွင်း တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်နှင့် ပြုစုခများကို ရင်ဆိုင်ရသဖြင့် ရေရှည်ရင်းနှီးမြှုပ်နှံမှု အားကောင်းရန် လိုအပ်သည်။ သို့ရာတွင် တစ်ကြိမ်စိုက်ပျိုးထားရုံဖြင့် နှစ်ပေါင်းများစွာ အစေးထွက်ရှိနိုင်ခြင်းက ရော်ဘာစိုက်ပျိုးရေး၏ထူးခြားသောအားသာချက်တစ်ရပ်ဖြစ်သည်။

အစေးခြစ်ရာတွင်လည်း ကျွမ်းကျင်မှုရှိရန် လိုအပ်လှသည်။ အစေးခြစ်ဓားသုံးစွဲမှု မှားယွင်းခြင်း သို့မဟုတ် အလွန်အကျွံခြစ်ခြင်းတို့က ရော်ဘာပင်စည်ကို ထိခိုက်စေပြီး အစေးထွက်နှုန်းကို လျော့ကျစေနိုင်သည်။ ထို့ကြောင့် အစေးခြစ်သမားများအတွက် စနစ်တကျ သင်တန်းများ ပေးအပ်ခြင်းသည် ရေရှည်အကျိုးအမြတ်အတွက် မရှိမဖြစ်လိုအပ်သော လုပ်ငန်းစဉ်ဖြစ်သည်။

ရော်ဘာထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် အစေးများစုဆောင်းပြီးနောက် သန့်စင်ခြင်း၊ အခြောက်ခံခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရသည်။ ရော်ဘာပြား (RSS) ထုတ်လုပ်ရာတွင် အသုံးပြုသည့် အက်စစ်ပမာဏနှင့် အခြောက်ခံသည့် အပူချိန်တို့သည် အရည်အသွေးကို တိုက်ရိုက်သက်ရောက်မှုရှိကြသည်။ ထိုအဆင့်များကို စနစ်တကျကိုင်တွယ်နိုင်မှသာ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ရော်ဘာများကို အဓိကအားဖြင့် အိမ်နီးချင်းနိုင်ငံများသို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိသည်။ သို့ရာတွင် ကမ္ဘာ့ဈေးကွက်သို့ တိုက်ရိုက်တင်ပို့နိုင်ရန်အတွက် အရည်အသွေးထိန်းသိမ်းရေးစံနှုန်းများကို တင်းတင်းကျပ်ကျပ်လိုက်နာကျင့်သုံးရန် လိုအပ်သည်။ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များ ရရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် လုပ်ငန်းရှင်များ လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။

စီးပွားရေးတိုးတက်မှု ရှုထောင့်မှကြည့်လျှင် ရော်ဘာစိုက်ပျိုးရေးသည် ဒေသတွင်း အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုကိုလည်း များစွာအထောက်အကူပြုသည်။ ရော်ဘာစိုက်ပျိုးရာ ဒေသများတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းတို့က ဒေသခံတို့၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးသည်။ ထိုသို့သော ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများဖြင့် တစ်နိုင်ငံလုံး၏ စီးပွားရေးတိုးတက်မှုကို အင်တိုက်အားတိုက် တွန်းအားပေးသက်ရောက်စေခြင်းဖြစ်သည်။

နိုင်ငံတကာ ရော်ဘာဈေးကွက် အခြေအနေများကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်ခြင်းသည်လည်း မြန်မာ့ရော်ဘာကဏ္ဍအတွက် အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ဈေးကွက်လိုအပ်ချက်နှင့်အညီ ထုတ်လုပ်မှုပမာဏနှင့် အရည်အသွေးကို အချိန်နှင့်တစ်ပြေးညီ ချိန်ညှိနိုင်ရန် လိုအပ်သည်။ ဤလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကြား ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ရော်ဘာစိုက်ပျိုးရေးတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ ဆိုးကျိုးများကိုလည်း သတိပြုကာကွယ်ကြရမည်ဖြစ်သည်။ မိုးခေါင်ရေရှားခြင်းနှင့် ပြင်းထန်သော မုန်တိုင်းဒဏ်များကို ခံနိုင်ရည်ရှိသည့် စိုက်ပျိုးရေးနည်းစနစ်များကို ဖော်ထုတ်ကျင့်သုံးသင့်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အလေးထားခြင်းက ရော်ဘာစိုက်ပျိုးရေးကို ရေရှည်တည်တံ့ခိုင်မြဲစေရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

အစေးခြစ်ပြီး ထွက်လာသော ရော်ဘာကုန်ကြမ်းများကို ပြည်တွင်း၌ပင် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရန် စက်ရုံအလုပ်ရုံများ တည်ဆောက်ရေးကို ဖိတ်ခေါ်အားပေးသင့်သည်။ ကုန်ကြမ်းအတိုင်းတင်ပို့ခြင်းထက် ကုန်ချောပစ္စည်းများအဖြစ် တင်ပို့နိုင်ခြင်းက နိုင်ငံတော်အတွက် ပိုမိုများပြားသော ဝင်ငွေများကို ရရှိစေနိုင်မည်ဖြစ်သည်။ ဤလုပ်ငန်းစဉ်သည် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ထပ်မံတိုးပွားစေမည့် အကောင်းဆုံးသော နည်းလမ်းတစ်ခုဖြစ်သည်။

ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုများနှင့် ချေးငွေစနစ်များကို ရော်ဘာစိုက်ပျိုးသူ တောင်သူများ လက်လှမ်းမီအောင် ဖန်တီးပေးနိုင်ရန်လိုအပ်သည်။ ရော်ဘာစိုက်ပျိုးရေးသည် ရင်းနှီးမြှုပ်နှံမှုကြီးမားပြီး အချိန်ယူရသည့် လုပ်ငန်းဖြစ်သောကြောင့် အတိုးနှုန်းသက်သာသော ရေရှည်ချေးငွေများ လိုအပ်လှသည်။ ဤကဲ့သို့ ဘဏ္ဍာရေးအထောက်အပံ့များရှိလာခြင်းဖြင့် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအားကို ပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရော်ဘာကဏ္ဍတွင် ပိုမိုတိုးမြှင့်လုပ်ဆောင်ရန် အရေးကြီးသည်။ ပိုမိုအထွက်ကောင်းပြီး ရောဂါဒဏ်ခံနိုင်သော မျိုးသစ်များဖော်ထုတ်ခြင်းနှင့် စိုက်ပျိုးနည်းစနစ်အသစ်များကို တီထွင်ခြင်းတို့သည် နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရန် အဓိကကျသည်။ သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်များကို ကျင့်သုံးခြင်းဖြင့် မြန်မာ့ရော်ဘာ၏ ပြိုင်ဆိုင်မှုစွမ်းရည်ကို မြင့်မားလာစေမည်ဖြစ်သည်။

စက်မှုကုန်ကြမ်းသီးနှံများ ဌာနခွဲအနေဖြင့် တောင်သူများ၊ ပုဂ္ဂလိက ကုမ္ပဏီများနှင့် ပူးပေါင်းကာ စံပြစိုက်ခင်းများကို တည်ထောင်ပြသပေးလျက်ရှိသည်။ စံပြစိုက်ခင်းများမှတစ်ဆင့် ခေတ်မီနည်းပညာများကို လက်တွေ့ပြသခြင်းက တောင်သူများအတွက် အလွန်ပင်ထိရောက်သော သင်ယူမှုတစ်ခုဖြစ်စေသည်။ ဤနည်းလမ်းဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ရော်ဘာအရည်အသွေးနှင့် အထွက်နှုန်းများ သိသိသာသာ တိုးတက်လာမည်ဖြစ်သည်။

ရော်ဘာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံတော်၏ အခြားသော စက်မှုနှင့် စီးပွားရေးကဏ္ဍများကိုပါ ဘက်စုံအကျိုးပြုလျက်ရှိသည်။ တာယာစက်ရုံများ၊ ပလပ်စတစ်၊ ရော်ဘာအခြေခံစက်မှုလုပ်ငန်းများအတွက် အဓိက အသက်သွေးကြောဖြစ်လာသည်။ ရော်ဘာစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံ၏စက်မှုထွန်းကားရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ရှေ့သို့တက်လှမ်းနိုင်စေရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ရော်ဘာစိုက်ပျိုးရေးသည် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် မရှိမဖြစ်အရေးပါသော မဏ္ဍိုင်တစ်ရပ်အဖြစ် ခိုင်မာစွာရပ်တည်နေသည်။ တောင်သူများ၊ အစိုးရဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့ အတူတကွလက်တွဲ၍ နည်းပညာ၊ ဈေးကွက်နှင့် အရည်အသွေးပိုင်းများကို စနစ်တကျ မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ သို့မှသာ မြန်မာနိုင်ငံ၏ ရော်ဘာကဏ္ဍသည် ကမ္ဘာ့ဈေးကွက်တွင် အောင်မြင်မှုပိုမိုရရှိလာပြီး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အပြည့်အဝပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**


**- မြန်မာရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်း၏ "မြန်မာနိုင်ငံ၏ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးသင့်သောရော်ဘာမျိုးများကို ရွေ့တူးဖော်သကဲ့သို့ စနစ်တကျ ရွေးချယ်စိုက်ပျိုးရေးအတွက် အကြံပြုချက်စာတမ်း" (၁၄-၈-၂၀၀၈)။**

**- ၁၁-၅-၂၀၂၆ ထုတ် မြန်မာ့အလင်းသတင်းစာ။**

**- လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးမှုထောက်ပံ့ရေး စီမံကိန်းစာတမ်း။**

# တာတေနှင့် ကြိုးနဲ့ကာတဲ့ခြံဇာတ်လမ်းကို ဩဂုတ် ၂၂ ရက်တွင် Shwe Stream Application မှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် ဩဂုတ် ၁၆**

Shwe Stream Application မှ တာတေနှင့် ကြိုးနဲ့ကာတဲ့ခြံ ဇာတ်လမ်းကို ဩဂုတ် ၂၂ ရက်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ရွှေဇင်မင်းကျော်က ပြောပြ၍ သိရသည်။

တာတေနှင့်ကြိုးနဲ့ကာတဲ့ခြံ ဇာတ်လမ်းသည် စာရေးဆရာ တာတေ၏ဝတ္ထုကို (အေဝမ်း) ဦးလှဝင်းက ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ရွှေဇင်မင်းကျော်က ထက်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ရိုက်ကူးပေးထားသည့် ဇာတ်လမ်းဖြစ်သည်။

"ဒီဇာတ်လမ်းကလဲ ပရိသတ် သဘောကျတဲ့ လျှို့ဝှက်ဆန်းကြယ် ဂမ္ဘီရ ဇာတ်လမ်းတွဲတွေထဲက ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ တာတေ ဇာတ်လမ်း တော်တော်များကို Channel K ရုပ်သံလိုင်း၊ Skynet ရုပ်သံလိုင်း၊ Hey Play Application ကနေ ပြသနေပါတယ်။ ဒီဇာတ်လမ်းမှာတော့ တာတေတစ်ယောက် အဘထင်ဆိုတဲ့ ထောင်ထွက်ကြီးအိမ်ကို သွားသွားနေရင်း အဘထင်က သူ့ခြံထဲမှာ သူ့ဆရာ သရဲကြီး ဦးဩဘာရှိကြောင်း၊ သူတစ်လတစ်ခါ အစာကျွေးနေကြောင်းသိခဲ့ရတယ်။ ဦးဩဘာကို သရဲဘဝဖြစ်နေတာတောင် ဘာကြောင့် အစာကျွေးနေရသေးတာလဲ။ တာတေနဲ့ သူရဲကြီး ဦးဩဘာ ဆုံမိကြတဲ့အခါ ဘာတွေဖြစ်လာမလဲ၊ တာတေတို့ ဘယ်လိုကူညီပေးကြမလဲဆိုတာ ရှုစားပေးကြပါအုံး"ဟု ဒါရိုက်တာရွှေဇင်မင်းကျော်က ပြောပြသည်။

အဆိုပါ တာတေနှင့် ကြိုးနဲ့ကာတဲ့ခြံဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် နေခနေ၊ မင်းသူ၊ ကျော်သစ်၊ ဦးဘဂျမ်း၊ ယွန်းသဒ္ဒါအောင်၊ ဘိုမနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Possession ဇာတ်ကားကို ၂၀၂၇ ခုနှစ် ဇွန် ၁၁ ရက်တွင် ရုံတင်ပြသရန်စီစဉ်ထား

**နယူးယောက် ဩဂုတ် ၁၆**

ပြန်လည်ဆန်းသစ် ရိုက်ကူးထားသော Possession ဇာတ်ကားကို ၂၀၂၇ ခုနှစ် ဇွန် ၁၁ ရက်တွင် ရုံတင်ပြသရန် Paramount ကုမ္ပဏီက စီစဉ်ထားကြောင်း ဩဂုတ် ၁၅ ရက် သတင်းများအရ သိရသည်။

Possession ဇာတ်ကားသည် ကမ္ဘာကျော် ထိတ်လန့်သည်းဖို ဇာတ်ကားဖြစ်သည့် Possession (1981) ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးထားသော ထိတ်လန့်သည်းဖိုဇာတ်ကားဖြစ်သည်။

Possession ဇာတ်ကားသစ်တွင် မင်းသား ကယ်လစ်တန်နာ၊ မင်းသမီး မာဂရက်ကွာလီတို့ ပါဝင်သရုပ်ဆောင်ထားသည်။

မူလ Possession ဇာတ်ကား (1981) သည် စစ်အေးတိုက်ပွဲခေတ်အတွင်း အနောက်ဘာလင်၌နေထိုင်သည့်လက်ထပ်ပြီးခါစ ဇနီးမောင်နှံနှစ်ဦးကြုံတွေ့ခဲ့ရသည့် ထိတ်လန့်သည်းဖို ဇာတ်ကားဖြစ်သည်။

Possession ဇာတ်ကားသစ်ကို ဒါရိုက်တာ အန်းဒရက်ဇူလောစကီးက တာဝန်ယူရိုက်ကူးပေးထားပြီး ဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




# တေးသံရှင် ဝိုင်းစုခိုင်သိန်း၊ နီနီခင်ဇော်တို့၏ Queens of POP တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar ၌ ပြုလုပ်သွားမည်

**ရန်ကုန် ဩဂုတ် ၁၆**

တေးသံရှင် ဝိုင်းစုခိုင်သိန်း၊ နီနီခင်ဇော်တို့၏ Queens of POP တေးဂီတဖျော်ဖြေပွဲကို ဩဂုတ် ၂၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar ၌ ပြုလုပ်သွားမည် ဖြစ်ကြောင်း တေးသံရှင် ဝိုင်းစုခိုင်သိန်းက ပြောပြ၍ သိရသည်။

အဆိုပါ တေးသံရှင် ဝိုင်းစုခိုင်သိန်း၊ နီနီခင်ဇော်တို့၏ Queens of POP တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်နှစ်ဦး၏ သီဆိုဖျော်ဖြေတင်ဆက်မှုများကို Daily Gita Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ဩဂုတ် ၂၉ ရက် ညနေ ၆ နာရီကနေစပြီးတော့ Daily Gita Band နဲ့အတူ ဝိုင်းစုတို့သူငယ်ချင်း နှစ်ယောက် တေးချစ်သူတွေကို ဖျော်ဖြေဖို့ အသင့်ရှိနေမှာဖြစ်ပါတယ်။ အားလုံးရပြီးသား သီချင်းလေးတွေနဲ့ ရန်ကုန်မိုးညတွေကို အတူတူ သီချင်းတွေဆိုပြီး ဖြတ်သန်းရအောင်ပါ။ Here And Now Dance Crew တို့ရဲ့ Special Performance တွေ၊ Secret Pieces Dance Crew တို့ရဲ့ အမိုက်စား Dance Performance တွေကို တစ်ပြိုင်တည်း ရှုစားကြရမှာပဲ ဖြစ်ပါတယ်"ဟု တေးသံရှင် ဝိုင်းစုခိုင်သိန်းက ပြောပြသည်။




အဆိုပါတေးသံရှင် ဝိုင်းစုခိုင်သိန်း၊ နီနီခင်ဇော်တို့၏ Queens of POP တေးဂီတဖျော်ဖြေပွဲကို Judson Entertainment Bar ၌ ဩဂုတ် ၂၉ ရက် ညနေ ၆ နာရီမှစတင်ကာ ဖျော်ဖြေတင်ဆက် ပေးသွားမည် ဖြစ်ကြောင်း တေးသံရှင် ဝိုင်းစုခိုင်သိန်းက ဆက်လက်ပြောပြ၍ သိရသည်။

ASH

# Jurassic World Rebirth နောက်ဆက်တွဲ ဇာတ်ကားသစ်မှ ဒါရိုက်တာ ဂါရတ်အက်ဒွပ် နုတ်ထွက်

**နယူးယောက် ဩဂုတ် ၁၆**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Jurassic World Rebirth နောက်ဆက်တွဲဇာတ်ကားသစ် ရိုက်ကူးရေးအစီအစဉ်မှ ဒါရိုက်တာ ဂါရတ်အက်ဒွပ် နုတ်ထွက်သွားပြီဖြစ်ကြောင်း ဩဂုတ် ၁၅ ရက် သတင်းများအရ သိရသည်။

ဖန်တီးမှုပိုင်းဆိုင်ရာသဘောထားကွဲလွဲမှုများကြောင့် Jurassic World Rebirth နောက်ဆက်တွဲ ဇာတ်ကားသစ် ရိုက်ကူးမည့်အစီအစဉ်မှ ဒါရိုက်တာ ဂါရတ်အက်ဒွပ် နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ဒါရိုက်တာ ဂါရတ်အက်ဒွပ်သည် Jurassic World Rebirth (2025)ကို ရိုက်ကူးပေးခဲ့သော ဒါရိုက်တာဖြစ်သည်။

အဆိုပါဇာတ်ကားသည် ၂၀၂၅ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၈၆၉ သန်းထိ ရရှိခဲ့ကြောင်း သိရသည်။

Jurassic World Rebirth (2025) ဇာတ်ကားတွင် မင်းသမီး စကားလက်ဂျိုဟန်ဆင်၊ မင်းသား မာဟာရှာလာအလီတို့ ပါဝင်သရုပ်ဆောင်ထားသည်။

Jurassic World Rebirth နောက်ဆက်တွဲ ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ကိုအက်က ရေးသားပေးထားပြီး ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# Royal King ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် အင်္ဂုံရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားပြုလုပ်

**ရန်ကုန် ဩဂုတ် ၁၆**

Royal King ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် အင်္ဂုံ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကို ဩဂုတ် ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံ စေတီတော်ကြီးတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင် ရှင်မွေလက ပြောပြ၍ သိရသည်။

အဆိုပါ အင်္ဂုံ ရုပ်သံဇာတ်လမ်းတွဲ၏ဝတ္ထုဇာတ်လမ်းကို ယွန်းသခင်က ရေးသားပြီး ယွန်းသခင်၊ ဝီရမေ၊ ဒီမိုလွှမ်းတို့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ထက်ကြီး (ပေါက်ကွဲသည်)က Royal King ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။

"လူငယ်ကြိုက် လူငယ်သဘာဝ အချစ်ဒရာမာ ဇာတ်လမ်းတွဲဖြစ်ပါတယ်။ သူငယ်ချင်းလေးယောက်ရဲ့ ထူးခြားတဲ့ အချစ်ဇာတ်လမ်းတွဲလေးပါ"ဟု သရုပ်ဆောင် ရှင်မွေလက ပြောပြသည်။

အဆိုပါ အင်္ဂုံ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ရှင်မွေလ၊ လင်းသစ်အောင်၊ သံသာညီ၊ ချယ်ချယ်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ကြမည် ဖြစ်ကြောင်း သရုပ်ဆောင် ရှင်မွေလက ပြောပြ၍ သိရသည်။

ASH

# Myinmu Township grows more than 1,000 acres of sunflower this year



A thriving sunflower plantation in Myinmu Township.

**Myinmu August 16**

Statistics of Myinmu Township Agriculture Department stated that local farmers have so far planted more than 1,000 acres of sunflower in Myinmu Township of Sagaing Region this year.

During the 2026-2027 monsoon crop cultivation season, 2,030 acres of sunflower are targeted for cultivation in Myinmu Township. Planting began in June this year, and 1,343 acres have been planted so far.

"More than 2,000 acres of sunflower are targeted for cultivation in Myinmu Township during this year's monsoon crop cultivation season. More than 1,000 acres have been planted as of today.

"Efforts are being made to ensure that the targeted acreage is fully cultivated. Sunflower, an oilseed crop, is being expanded to reduce dependence on imported palm oil. Sunflower produces a higher quantity of oil per acre than other oilseed crops such as groundnut and sesame," said U Soe Paing, Head of the Myinmu Township Agriculture Department.

To expand sunflower cultivation in Myinmu Township, the Township Agriculture Department is stepping up educational and training programmes. Training is also being intensified to enhance the capacity of staff and farmers who will grow sunflowers.

This year, arrangements have been made to provide seeds to sunflower growers in Myinmu Township and to sell urea fertilizers at affordable prices. Quality sunflower seeds produced locally are also being distributed through farmer-to-farmer seed exchange systems.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Over 6,000 acres of monsoon paddy cultivated in Sagaing Township this season

**Sagaing August 16**

Over 6,000 acres of monsoon paddy have been planted during this year's monsoon crop season in Sagaing Township, Sagaing District, Sagaing Region, according to figures from the Sagaing Township Department of Agriculture.

For the current 2026–2027 monsoon crop season, Sagaing Township has set a cultivation target of 26,120 acres of monsoon paddy. Planting began in June, and a total of 6,993 acres have been cultivated to date.

"During this year's monsoon crop season, over 26,000 acres of monsoon paddy have been targeted for cultivation in Sagaing Township. As of today, over 6,000 acres have been planted. We are working to ensure the targeted acreage is fully met. We will provide the necessary agricultural technologies and quality seeds for monsoon paddy cultivation. We are also conducting field visits to assist farmers in completing their planting on time," said U Myo Thant Aung, Head of the Sagaing Township Department of Agriculture.

To ensure smooth and systematic monsoon paddy cultivation this season, the relevant township agricultural department is collaborating closely with local farmers.

The department is providing paddy farmers with agricultural technical knowledge, raising awareness on pest prevention, preventing crop damage and loss, and advising farmers to move harvested paddy indoors under shelter in a timely manner.

To ensure healthy crop development and high yields for monsoon paddy fields across Sagaing Township this year, staff from the Township Department of Agriculture are conducting on-site field support. They are sharing agricultural techniques on selecting certified quality seeds, scouting for pests, inter-tillage and weeding, roguing off-type plants, and the systematic application of chemical fertilizers.

206

# More than 30,000 acres of groundnut cultivated in Budalin Township

**Budalin August 16**

According to the township Department of Agriculture, local farmers planted 32,238 acres of groundnut as monsoon crops in Budalin Township of Sagaing Region this year.

During the 2026-2027 monsoon crop cultivation season, 35,000 acres of groundnut are targeted for cultivation in Budalin Township. Planting began in May this year, and 32,238 acres have been planted so far.

"This year, 35,000 acres of groundnut were targeted for cultivation in Budalin Township during the monsoon crop cultivation season, and 32,238 acres have already been planted. Efforts are also being made to ensure that the targeted acreage is fully cultivated. As an oilseed crop, groundnut is performing well, and groundnut cultivation has been increasing year by year," said U Phyo Wai, Head of the Budalin Township Agriculture Department.

In Budalin Township, about one and a half baskets of seed are required to cultivate one acre of groundnut. The total cost, including seed, labour, fertilizer and pesticide expenses, is more than K200,000 per acre. An average yield of more than 50 baskets can be obtained from one acre.

This year, staff members from the Township Agriculture Department have been conducting field inspections of groundnut plantations to ensure healthy crop growth, prevent pest and disease outbreaks, and keep the fields free of weeds. They are also conducting field surveys and maintaining pest-monitoring records.

206

# 2,276 acres of vegetable crops cultivated during this year's monsoon crop season in Kawlin District

**Kawlin August 16**

A total of 2,276 acres of vegetable crops have been cultivated during this year's monsoon crop season in Kawlin District, Sagaing Region, according to figures from the Kawlin District Department of Agriculture.

During the current 2026–2027 monsoon crop season, a target of 2,699 acres was set for vegetable cultivation across Kawlin District. Planting began in May, and to date, a total of 2,276 acres have been cultivated: 622 acres in Kawlin Township, 1,093 acres in Wuntho Township, and 561 acres in Pinlebu Township.

"For this year's monsoon crop season in Kawlin District, 2,276 acres have been planted out of the targeted 2,699 acres. We are currently working to meet the full acreage target. The crops grown include mustard greens, chili, culinary spices/herbs, potatoes, cabbage, eggplants, and cauliflower. To ensure all vegetables are grown under the Good Agricultural Practices (GAP) system, we provide technical training to farmers so that crops meet health standards with minimal chemical residues," said Daw Mar Cho, Head of the Kawlin District Department of Agriculture.

The township-wise breakdown of the 2,699-acre monsoon vegetable target for Kawlin District in the 2026–2027 season is 829 acres in Kawlin Township, 1,390 acres in Wuntho Township, and 480 acres in Pinlebu Township.

This year, relevant township agricultural departments in Kawlin District are conducting technical training on GAP methods for local farmers, providing techniques to ensure harvested vegetables are wholesome and safe, and encouraging farmers to expand their vegetable acreage.

Farmers in Kawlin District grow a variety of seasonal vegetables year-round, generating steady family income from successful yields. To support these growers, township agricultural departments continue to share educational knowledge on proper planting techniques, pest control, and the preparation and use of organic fertilizers, natural pesticides, and bio-repellents.

206

# Pwintbyu Township finishes cultivation of more than 60,000 acres of rainfed paddy



Farmers are seen cultivating paddy in a field.

**Pwintbyu August 16**

Local farmers planted 61,250 acres of rainfed paddy as monsoon crops in Pwintbyu Township of Magway Region this year, according to the township Agriculture Department.

Local authorities earmarked cultivation of 70,033 acres of rainfed paddy in the township. But, local farmers have so far planted 61,250 acres of crops against the target cultivation.

“This year, 70,033 acres of paddy are targeted for cultivation in Pwintbyu Township during the monsoon crop cultivation season. As of today, 61,250 acres have already been planted. Efforts are being made to ensure that the targeted acreage is fully cultivated. We are providing the necessary cultivation techniques, quality and pure seeds, and agricultural inputs required for paddy cultivation. We are also conducting field activities in cooperation with relevant departments to enable farmers to plant monsoon paddy on time,” said Daw Moe Moe Wai, Head of the Pwintbyu Township Agriculture Department.

In Pwintbyu Township, farmers cultivating monsoon paddy are being provided with agricultural technical assistance and awareness programmes on preventing pest infestations, as well as guidance on the systematic use of irrigation water and agricultural inputs.

Daw Moe Moe Wai said that efforts should be made to expand paddy cultivation year by year, as improved paddy yields would not only ensure adequate supplies for local consumption but also generate income by allowing surplus production to be sold, thereby contributing to socioeconomic development.

Ye Win Naing (NyaungU)

# Iran urges Qatar to let in Iranian fact-finding team instead of denying pilots' capture

**Tehran August 16**

An Iranian military commander on Sunday called on the Qatari government to allow a fact-finding team from the Air Force of Iran's Army to visit Qatar, instead of denying that it had captured three Iranian pilots in March.

Commander of the Missing Persons Search Committee of the General Staff of Iran's Armed Forces Mohammad Bagherzadeh made the remarks in a statement published on the committee's website after Qatar on Saturday denied his claim that it had detained the Iranian pilots.

Qatari Foreign Ministry spokesperson Majed Al Ansari issued the denial in a social media post after Bagherzadeh said earlier in the day that the Arab state's forces had captured three Iranian pilots whose fighter jets had been shot down when returning from a military mission against a U.S. base in Qatar in March.

In reaction to Al Ansari's denial, the Iranian commander said a team comprising experts of the Iranian Army's Air Force has been waiting for several months to be allowed entry into Qatar to conduct field investigations, but due to the Qatari authorities' "continuous obstructionism and procrastination," the ground has not been prepared yet for the Iranian pilots' return to their home country.

He called on the Qatari government to, "instead of denying the issue and placing restrictions on the fact-finding path," allow the Iranian team to enter Qatar.

Xinhua



**This photo taken on April 4, 2026 shows equipment destroyed in a U.S. and Israeli airstrike at the Shahid Beheshti University in Tehran, Iran.**

# Yekyi Township sends 68,000 viss of young areca fruits to Yangon in July as overseas demand increses

**Yekyi August 16**

Local merchants from Yekyi Township in Ayeyawady Region sold 68,000 viss of young areca fruits to Yangon market in July, said Daw Su Su San, the owner of areca nut trading in Yekyi Township.

Young areca fruits from Yekyi Township shipped to the Yangon market totalled only 55,000 viss in June, but shipments increased to 68,000 viss in July. The increase in shipments of young areca fruits was attributed to stronger demand from overseas markets.

“Orders from overseas markets have increased, so we have been shipping larger quantities to Yangon. The young areca fruit trading business has become quite active.

“Currently, 10 viss of young areca fruits from Yekyi Township are fetching up to K140,000. The fruits are shipped to overseas markets through the Yangon market. China is the main overseas market for young areca fruits. As areca fruits are currently in active demand and trading, those engaged in areca cultivation are able to operate their businesses smoothly,” said Daw Su Su San, owner of an areca fruit trading depot in Yekyi Township.

Young areca fruits produced in Yekyi Township are purchased directly from plantations by traders, who select, sort and package them before transporting them to Yangon for sale. The fruits are then exported to overseas markets through Yangon.

Kyaw Kyaw Lin

# Large volume of eels dispatched to Yangon market in July

**Bogale August 16**

Daw Wai Wai, the owner of fisheries trading depot in Bogale Township of Ayeyawady Region, said that local merchants sent a large volume of eels to Yangon market in July.

Eel shipments from Bogale Township to the Yangon market increased significantly in July, with 65,000 viss sold compared with 42,000 viss in June. The increase was attributed to stronger demand for eels in the Yangon market.

“Eel shipments from Bogale to the Yangon market increased significantly over the past month, reaching as much as 65,000 viss. Eels from Bogale Township are mainly shipped and sold in the Yangon market, from where they are further distributed to other domestic and overseas markets.

“With demand strengthening in this way, eel farmers, workers and those engaged in catching eels are now able to operate their businesses more smoothly,” said Daw Wai Wai.

During the past month, 10 viss of eels shipped from Bogale Township to the Yangon market fetched up to K220,000. Locally produced eels are mainly shipped to and sold in the domestic Yangon market and are then further distributed to other regions from Yangon.

Kyaw Kyaw Lin

# 12 killed, 10 seriously injured in bus crash in Hungary

**Budapest August 16**

Twelve people were killed and at least 10 others seriously injured after a Polish-registered bus overturned on a motorway in eastern Hungary early Sunday, Hungarian Prime Minister Peter Magyar said.

"Twelve people were killed and at least 10 others seriously injured overnight when a Polish bus overturned and landed in a ditch on Hungary's M3 motorway," Magyar said in a Facebook post.

The crash occurred around an hour after midnight near the town of Mezokeresztes in eastern Hungary as the bus was traveling toward the northeastern city of Nyiregyhaza, police said.

The bus was carrying 57 passengers and two drivers. Firefighters rescued 35 people in two hours after the crash happened. Cranes were dispatched to move the 24-ton bus to help rescue those trapped underneath.

Xinhua

# ဗီယက်နမ်နိုင်ငံက ရေအောက်ရေယာဉ် တန်ပြန်တိုက်ခိုက်ရေးစစ်ရေယာဉ်ကို ပြည်တွင်း၌ စတင်တည်ဆောက်



ဗီယက်နမ်နိုင်ငံသည် ကိုယ်တိုင်ဒီဇိုင်းရေးဆွဲထားသည့် အကြီးမားဆုံးနှင့် အဆင့်မြင့်ဆုံး ရေအောက်ရေယာဉ် တန်ပြန်တိုက်ခိုက်ရေး စစ်ရေယာဉ်ကို ပြည်တွင်း၌ စတင်တည်ဆောက်နေပြီဖြစ်သည်ဟု The Defense Post သတင်းဌာနက ဩဂုတ် ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါတည်ဆောက်မှုသည် ဗီယက်နမ်နိုင်ငံ၏ ကိုယ်ပိုင်ကာကွယ်ရေးစက်မှုလုပ်ငန်းတည်ဆောက်ရန်နှင့် ရုရှားနိုင်ငံမှ ကာကွယ်ရေးပစ္စည်းများ တင်သွင်းမှုအပေါ်မှီခိုနေရမှုကို လျှော့ချရန် ဗီယက်နမ်အစိုးရ၏ ကြိုးပမ်းမှုတွင် အရေးပါသည့် မှတ်တိုင်တစ်ရပ်ဖြစ်လာကြောင်း သိရသည်။

အဆိုပါစစ်ရေယာဉ်တည်ဆောက်ရေးစီမံကိန်းကို ဗီယက်နမ်နိုင်ငံဒါနန်းမြို့ရှိ အစိုးရပိုင် သင်္ဘောတည်ဆောက်ရေးလုပ်ငန်း (Song Thu Corporation) စက်ရုံတွင် တရားဝင်စတင်ခဲ့သည်။

ဘက်စုံအသုံးပြုနိုင်သည့် အဆိုပါစစ်ရေယာဉ်ကို တည်ဆောက်ပြီးစီးရန် ၃၆ လခန့်ကြာမြင့်မည်ဟု မျှော်မှန်းထားသည်။ နိုင်ငံပိုင်ကာကွယ်ရေးကုမ္ပဏီ Viettel Group နှင့် နိုင်ငံပိုင် စစ်ဘက်စက်ရုံများကလည်း အဆိုပါ စစ်ရေယာဉ်အတွက် လက်နက်များ၊ အစိတ်အပိုင်းများနှင့် တိုက်ပွဲစီမံခန့်ခွဲမှုစွမ်းရည်အများစုကို ပံ့ပိုးပေးမည်ဖြစ်သည်။

အဆိုပါ ရေပြင်စစ်ရေယာဉ်တွင် Active Electronically Scanned Array (AESA) ရေဒါဒုံးကျည်စနစ်များ လေကြောင်းရန်ကာကွယ်ရေးနှင့် ရေယာဉ်တိုက်ဖျက်ရေး ဒုံးကျည်များ၊ တော်ပီဒိုပစ်လွှတ်မှုစနစ်များနှင့် ရေတပ်သုံးရဟတ်ယာဉ်တစ်စင်း ဆင်းသက်နိုင်သည့် Flight Deck တို့ ထည့်သွင်းတည်ဆောက်မည်ဖြစ်သည်။

စီမံကိန်းတစ်လျှောက်လုံးတွင် ဗီယက်နမ်ပြည်သူ့ရေတပ်က အဓိကတာဝန်ယူကာ စနစ်များပေါင်းစပ်တပ်ဆင်ခြင်း၊ စမ်းသပ်စစ်ဆေးခြင်းနှင့် စစ်ရေယာဉ်ကို တရားဝင် လက်ခံရယူခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး Pham Hoai Nam က "ခိုင်မာအားကောင်းတဲ့ ရေကြောင်းနိုင်ငံတစ်နိုင်ငံ ဖြစ်လာဖို့ဆိုရင် နိုင်ငံရဲ့အဆင့်အတန်းနဲ့ ကိုက်ညီတဲ့ စွမ်းရည်ပြည့် ရေတပ်တစ်ရပ် လိုအပ်ပါတယ်။ အဲဒီရေတပ်ဟာ ပင်လယ်နဲ့ ကျွန်းစုတွေအပေါ် နိုင်ငံရဲ့အချုပ်အခြာအာဏာကို ကာကွယ်နိုင်ပြီး ပင်လယ်ပြင်မှာရှိတဲ့ အမျိုးသား အကျိုးစီးပွားတွေကိုလည်း ကာကွယ်ပေးနိုင်လောက်အောင် အင်အားရှိရမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဗီယက်နမ်၏ ယခုစစ်ရေယာဉ်တည်ဆောက်မှုသည် ရုရှားကာကွယ်ရေးပစ္စည်းများအပေါ် ယခင်က မှီခိုခဲ့ရမှုမှ ကိုယ်ပိုင်ကာကွယ်ရေးနည်းပညာနှင့် စက်မှုစွမ်းရည်တည်ဆောက်သည့် အဆင့်သို့ တဖြည်းဖြည်း ရွေ့ပြောင်းလာခြင်းကို ဖော်ပြနေသည့် အရေးပါသော ဖြစ်စဉ်တစ်ရပ်ဖြစ်သည်။ အထူးသဖြင့် AESA ရေဒါ၊ ဒုံးကျည်စနစ်၊ တော်ပီဒိုနှင့် ရေကြောင်းသုံးရဟတ်ယာဉ်တို့ကို စစ်ရေယာဉ်တစ်စင်းတည်းတွင် ပေါင်းစပ်တည်ဆောက်ခြင်းသည် ဗီယက်နမ်ရေတပ်၏ ရေအောက်ရေယာဉ် တန်ပြန်ရေးနှင့် ဘက်စုံရေကြောင်း ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် ယခုကဲ့သို့ ကိုယ်ပိုင်စစ်ရေယာဉ် တည်ဆောက်နိုင်စွမ်း တိုးမြှင့်လာခြင်းသည် ဗီယက်နမ်၏ ရေကြောင်းလုံခြုံရေးနှင့် မဟာဗျူဟာမြောက် ကိုယ်ပိုင်ကာကွယ်နိုင်စွမ်းကို ပိုမိုခိုင်မာစေမည့် ခြေလှမ်းတစ်ရပ် ဖြစ်လာကြောင်း သိရသည်။

**Vietnam Starts Building First Indigenous Anti-Submarine Warship ကို ဘာသာပြန်ဆိုထားပါသည်။**

# ပိုလန်က Apache ရဟတ်ယာဉ် ပြုပြင်ထိန်းသိမ်းရေးစင်တာ တည်ဆောက်ရန် အမေရိကန် Boeing ကုမ္ပဏီနှင့်သဘောတူလက်မှတ်ရေးထိုး



ပိုလန်နိုင်ငံသည် မကြာမီ လက်ခံရရှိမည့် AH-64E Apache Guardian တိုက်ခိုက်ရေး ရဟတ်ယာဉ်များအတွက် ပြည်တွင်း၌ ဝန်ဆောင်မှုပေးနိုင်မည့် ပြုပြင်ထိန်းသိမ်းရေး စင်တာတစ်ခုတည်ဆောက်ရန် အမေရိကန်၏ လေကြောင်းနှင့် အာကာသကုမ္ပဏီ Boeing နှင့် သဘောတူ လက်မှတ်ရေးထိုးခဲ့ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပိုလန်နိုင်ငံပိုင် (WZL-1) ကုမ္ပဏီနှင့် (WCBKT) ကုမ္ပဏီတို့ လက်မှတ်ရေးထိုးခဲ့သည့် အဆိုပါ သဘောတူညီချက်သည် ပိုလန်နိုင်ငံအတွင်း ဥရောပဒေသ၏ အရေးပါသည့် Apache ရဟတ်ယာဉ်ပြုပြင်ထိန်းသိမ်းရေးနှင့် ထောက်ပံ့ရေးစင်တာတစ်ခု တည်ဆောက်ရန် လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်သည်။

သဘောတူညီချက်အရ Boeing ကုမ္ပဏီသည် WZL-1 ကုမ္ပဏီကို နည်းပညာကျွမ်းကျင်မှုနှင့် လေ့ကျင့်သင်ကြားမှုများ ပေးအပ်သွားမည်ဖြစ်ပြီး အဖွဲ့အစည်းအဆင့်နှင့် အလယ်အလတ်အဆင့် ပြုပြင်ထိန်းသိမ်းခြင်း၊ ပြန်လည်ပြုပြင်ခြင်းနှင့် စစ်ဆေးမွမ်းမံခြင်း လုပ်ငန်းများအပြင် အချို့သော အစိတ်အပိုင်းများကို စက်ရုံအဆင့် ပြုပြင်ပေးနိုင်ရေးအတွက်လည်း ပံ့ပိုးသွားမည်ဖြစ်သည်။

ထို့ပြင် Boeing ကုမ္ပဏီနှင့် WCBKT ကုမ္ပဏီတို့သည် ပိုလန်နိုင်ငံအတွင်း ထုတ်လုပ်ထားသည့် မြေပြင်အထောက်အကူပြုပစ္စည်းများကို Apache ရဟတ်ယာဉ်များ၌ အသုံးပြုရာတွင် ကိုက်ညီမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစင်တာ စတင်ဖွင့်လှစ်ပြီးနောက်တွင် ပိုလန်နိုင်ငံ၏ Apache ရဟတ်ယာဉ်များကို ပြုပြင်ထိန်းသိမ်းပေးမည်ဖြစ်ပြီး နောက်ပိုင်းတွင် အခြားနိုင်ငံများက Apache ရဟတ်ယာဉ် အသုံးပြုနေသည့် တပ်ဖွဲ့များအတွက်ပါ ပြုပြင်ထိန်းသိမ်းရေးဝန်ဆောင်မှုများ တိုးချဲ့ပေးသွားရန် ရည်ရွယ်ထားသည်။

Boeing ကုမ္ပဏီ၏ EICLA & Training Solutions ဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Marc-Olivier Sabourin က "ယခု သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခြင်းသည် Boeing ကုမ္ပဏီနှင့် ပိုလန်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါသော မှတ်တိုင်တစ်ရပ်ဖြစ်ပြီး ပိုလန်စစ်ဘက်ကို ပိုလန်နိုင်ငံအတွင်း၌ပင် ရေရှည်တည်တံ့စွာ ပြုပြင်ထိန်းသိမ်းနိုင်သည့် စွမ်းရည်များဖြင့် ပံ့ပိုးပေးရန် ကျွန်ုပ်တို့၏ ကတိကဝတ်ကို ပြသခြင်းဖြစ်သည်"ဟု ပြောကြားခဲ့သည်။

ပြည်တွင်း Apache ရဟတ်ယာဉ် ပြုပြင်ထိန်းသိမ်းရေးနှင့် ထောက်ပံ့ရေးစင်တာ တည်ဆောက်မည့် အစီအစဉ်သည် ပိုလန်နိုင်ငံက ၂၀၂၄ ခုနှစ်တွင် ချုပ်ဆိုခဲ့သည့် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံခန့်တန်ဖိုးရှိ AH-64E Apache Guardian ရဟတ်ယာဉ် ၉၆ စီး ဝယ်ယူရေးစာချုပ်နှင့် တိုက်ရိုက်ဆက်စပ်နေကြောင်း သိရသည်။

အဆိုပါဝယ်ယူမှု ပြီးစီးပါက ပိုလန်စစ်ဘက်သည် အမေရိကန်စစ်ဘက်ပြီးလျှင် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး Apache ရဟတ်ယာဉ် အသုံးပြုသည့် နိုင်ငံခြားစစ်ဘက် ဖြစ်လာမည်ဖြစ်သည်။

Apache ရဟတ်ယာဉ်များကို ပိုလန်နိုင်ငံသို့ ၂၀၂၈ ခုနှစ်မှ ၂၀၃၀ ခုနှစ်အတွင်း အဆင့်ဆင့် ပို့ဆောင်ပေးသွားရန် စီစဉ်ထားသည်။

Lodz မြို့တွင် ပြုလုပ်ခဲ့သည့် သဘောတူညီချက် လက်မှတ်ရေးထိုးပွဲနှင့် ပတ်သက်၍ WZL-1 ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Jacek Goszczynski က "ဥရောပမှာ အကြီးမားဆုံး Apache အထောက်အပံ့အခြေခံအဆောက်အအုံကို တည်ဆောက်နိုင်ခြင်းဟာ WZL-1 ကုမ္ပဏီအတွက် တာဝန်တစ်ရပ်ဖြစ်သလို ကျွန်တော်တို့ရဲ့ အဓိကလုပ်ငန်းတွေကို သဘာဝအတိုင်း တိုးချဲ့လိုက်ခြင်းလည်း ဖြစ်ပါတယ်။ ဒီသဘောတူညီချက်က ပိုလန်စစ်ဘက်ကို ပြုပြင်ထိန်းသိမ်းရေးနဲ့ အထောက်အပံ့ပေးနိုင်မှာဖြစ်ပြီး စစ်ဆင်ရေးဆိုင်ရာ စွမ်းဆောင်ရည်ကိုလည်း သိသိသာသာ မြှင့်တင်ပေးနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

**Poland Advances Apache Program With In-Country Helicopter Service Center ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မြင်းမူ ဩဂုတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၂၀၃၀ စိုက်ပျိုးဖို့အတွက် လျာထားပြီး ယခုနှစ်ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၃၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မြင်းမူမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ နေကြာဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များပါတယ်" ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် အသိပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျုံပျော်မြို့နယ်တွင် ကွမ်းရွက်များဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ကျုံပျော် ဩဂုတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ဒေသထွက် ကွမ်းရွက်များ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ကွမ်းရွက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှဌေးက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များ ယခုနှစ် ဩဂုတ်ပထမပတ်မှ ယနေ့ထိ ဝယ်ယူအား ကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသထွက် ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန် ၄၅၀၀ မှ ၆၅၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိ ကွမ်းရွက်တစ်ပိဿာလျှင် ငွေကျပ် ၁၉၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ဒေသထွက် ကွမ်းရွက်တွေကို ဒေသဈေးကွက်အပြင် အခြား ဒေသဈေးကွက်တွေက ဝယ်ယူအားကောင်းနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒီဘက်က ကွမ်းရွက်အရောင်းအဝယ်သမားတွေက ဒေသထွက် ကွမ်းရွက်တွေကို မှာယူတဲ့ ဒေသထိ လိုက်လံပို့ပေးတာပါ။



ဒေသထွက် ကွမ်းရွက်တွေကို အရောင်းအဝယ် လုပ်ရတော့ အခက်အခဲမရှိပါဘူး"ဟု ကျုံပျော်မြို့နယ် ကွမ်းရွက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှဌေးက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ကွမ်းရွက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းရွက်များကို အခြားဒေသများသို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကွမ်းရွက်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း ကျုံပျော်မြို့နယ် ကွမ်းရွက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှဌေးက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# မိုင်းလားမြို့နယ် ကျေးရွာ(၃)ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းလား ဩဂုတ် ၁၆

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားခရိုင် မိုင်းလားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်ဟုတ်ကျေးရွာ၊ တာပင်းကျေးရွာနှင့် နမ့်ကွမ်ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းလားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးသက်ညီညီနှင့် တာဝန်ရှိသူများက ပန်ဟုတ်ကျေးရွာ၊ တာပင်းကျေးရွာနှင့် နမ့်ကွမ်ကျေးရွာများ၌ စီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများ၊ ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ပန်ဟုတ်ကျေးရွာ၊ တာပင်းကျေးရွာနှင့် နမ့်ကွမ်ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာများရှိ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၁ ဦးကို ရန်ပုံငွေကျပ် သိန်း ၄၀၀ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဖြင့် လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သော်ဇင်ထူး






# ရွှေတောင်မြို့နယ် ဘို့လည်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



ရွှေတောင် ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝါးတောကျေးရွာအုပ်စု ဘို့လည်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ရွှေတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ခိုင်ဇော်က ဘို့လည်ကုန်းကျေးရွာ၌ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၃ ဒသမ ၉ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဘို့လည်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၅ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၁၈ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၃ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ခိုင်ဇော်ထံမှ သိရသည်။

ဆက်လူ

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မကွေးတိုင်းဒေသကြီးအတွင်းရှိ ယာယီရေဘေးရှောင်စခန်းများသို့ သွားရောက်ကြည့်ရှု ထောက်ပံ့အားပေး



**မကွေးမြို့ သြဂုတ် ၁၆**

မကွေးမြို့ပေါ်ရပ်ကွက် လေးခုနှင့်ကျေးရွာတစ်ရွာမှ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၂၇ စုမှ လူဦးရေ ၅၂၅ ဦးတို့အတွက် ဆန်ရိက္ခာဖိုးနှင့် ငါးသေတ္တာဘူးများ၊ ရေဘေးသင့်ပြည်သူများအနက်မှ ကိုယ်ဝန်ဆောင်မိခင်များ၊ ငါးနှစ်အောက်ကလေးများ၊ အသက် ၇၀ နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေများ၊ ခေါက်ဆွဲခြောက်၊ သောက်ရေသန့်နှင့် ကြက်ဥတို့ကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့်အတူ မြင်းကင်းကျေးရွာရှိ အလယ်ကျောင်းဓမ္မာရုံ ရေဘေးရှောင်စခန်း၌ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မင်းဘူးမြို့ မှန်ကင်းကျောင်းတိုက်အတွင်းရှိ ရေဘေးရှောင်စုရပ်နေရာ၊ ရှင်ပင်ကြောင်လိမ်ဘုရား ရေဘေးရှောင်စုရပ်တို့သို့ သွားရောက်ကာ ရေဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်ပင်များစိုက်ပျိုးရေး၊ ရေကျသွားပြီးနောက် မိမိတို့၏နေအိမ်များသို့ ပြန်လည်နေထိုင်ချိန်တွင် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေကောင်းရေသန့်အသုံးပြုနိုင်ရေး၊ မြွေကင်းအစရှိသော အဆိပ်ရှိသတ္တဝါတို့၏ အန္တရာယ်သတိပြုကြရေး၊ ရေဝင်၍ခေတ္တကျောင်းပိတ်ထားရသော မိမိတို့၏ရင်သွေးငယ်များကို ကျောင်းနေပျော်၍ စာတော်သော၊ လိမ္မာယဉ်ကျေးသော လူချွန်လူမွန်များဖြစ်စေရေး ပြုစုပျိုးထောင်ပေးရန်တို့ကို မှာကြားပြီး ရေဘေးရှောင်စုရပ် နှစ်ခုရှိ ရေဘေးသင့်ပြည်သူအိမ်ထောင်စု ၄၈၉ စု၊ လူဦးရေ ၁၉၈၂ ဦးတို့အတွက် ဆန်ရိက္ခာဖိုးနှင့် ငါးသေတ္တာဘူးများ၊ ရေဘေးသင့်ပြည်သူများအနက်မှ ကိုယ်ဝန်ဆောင်မိခင်များ၊ ငါးနှစ်အောက်ကလေးများ၊ အသက် ၇၀ နှင့် အထက် သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀နှုန်းဖြင့် ထောက်ပံ့ငွေတို့ကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ခေါက်ဆွဲခြောက်၊ ကြက်ဥနှင့် သောက်ရေသန့်တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ယနေ့ထောက်ပံ့မှုတန်ဖိုး စုစုပေါင်းမှာ ငွေကျပ် ၃၁၆ သိန်းကျော်ဖြစ်ကြောင်းနှင့် ၂၀၂၆ ခုနှစ် ဇူလိုင်လနှင့် သြဂုတ်လအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော တိုင်းဒေသကြီး၊ ပြည်နယ် ကိုးခုရှိ ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ငွေကျပ်သန်းပေါင်း ၂၉၀၀ ကျော်တန်ဖိုးရှိ ငွေနှင့် ပစ္စည်းများကို ထောက်ပံ့ပေးထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း(မန္တလေး) တည်ဆောက်ဖွင့်လှစ်မည်





**မန္တလေး သြဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးဝန်ထမ်းများ၏ စစ်ဆေးရေးအရည်အသွေးနှင့် ရုံးလုပ်ငန်းစီမံခန့်ခွဲမှုစနစ်ပိုမိုတိုးတက်ကောင်းမွန်စေရေး၊ အခြားဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများ၏ စာရင်းပညာဆိုင်ရာအသိပညာနှင့် လက်တွေ့ကျွမ်းကျင်မှု တိုးတက်စေရေးအတွက် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း(မန္တလေး) တည်ဆောက်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ကျင်းပသည့် အဆိုပါသင်တန်းကျောင်း ပန္နက်တင်မင်္ဂလာအခမ်းအနားမှ သိရသည်။

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသည် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်နှင့်ရန်ကုန်တို့ကိုဖွင့်လှစ်၍ နိုင်ငံ၏စာရင်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အချင်းပြည့်မီသော လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုပေါ်ထွန်းလာစေရန် သင်တန်းများဖွင့်လှစ်သင်ကြားပို့ချလျက်ရှိပြီး ယခုတည်ဆောက်မည့် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း(မန္တလေး)သည် တတိယမြောက်ဖွင့်လှစ်သည့် သင်တန်းကျောင်းဖြစ်ကာ ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်တို့ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် စစ်ကိုင်းမြို့ အသင်္ချေယျာညွှန့်ရိပ်သာ၌ စစ်ကိုင်းတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး စစ်ကိုင်းခရိုင်နှင့် မြို့နယ်စာရင်းစစ်ရုံး ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့နံနက်ပိုင်းကလည်း မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၌ မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ ခရိုင်၊မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ စစ်ဆေးရေးလုပ်ငန်းသည် ပြည်သူ့ဘဏ္ဍာငွေများ စနစ်တကျသုံးစွဲနိုင်ရေး၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာရေးအတွက် အရေးပါသည့်လုပ်ငန်းဖြစ်သဖြင့် အရည်အသွေးပြည့်ဝသည့်အစီရင်ခံစာများ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်နိုင်ရေးဆောင်ရွက်ရန်၊ရိုးသားဖြောင့်မတ်မှု၊တာဝန်ယူမှု၊တာဝန်ခံမှုဖြင့် လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်ရန်၊ ခေတ်စနစ်နှင့် လျော်ညီသည့် စာရင်းပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာသင်ယူရန် မှာကြားသည်။

ဆက်လက်၍ လိုက်နာဆောင်ရွက်မှုစစ်ဆေးခြင်း(Compliance Audit)ကို စနစ်တကျ၊ အရည်အသွေးပြည့်ဝစွာဖြင့် ထိရောက်စွာဆောင်ရွက်နိုင်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းစာရင်းစစ်ဆေးခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းစာရင်းစစ်ဆေးခြင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးနှင့် ခရိုင်၊ မြို့နယ် စာရင်းစစ်ရုံးဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ရလဒ်အနေဖြင့် Audit Plan ရေးဆွဲရာတွင် စံသတ်မှတ်ချက်များ (Criteria)နှင့်အညီ Risk ဧရိယာများကို ဖော်ထုတ်၍ အန္တရာယ်မြင့်မားသော နယ်ပယ်များကို အဓိကထား စစ်ဆေးသွားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**❖ မြန်မာ့ဆန်မှ**

တစ်ကြိမ်မှမရဖူးတဲ့ အမြင့်ဆုံးဈေးပါ။ သူတို့က GW-11ဆန်ရဲ့ အရည်အသွေးထက် ဆန်မျိုးစိတ်ကို ပိုပြီးနှစ်ခြိုက်တာကြောင့် အဝယ်လိုက်တာပါ။ ဖိလစ်ပိုင်နိုင်ငံက ပိုပြီးဝယ်ယူတာကြောင့် ဧရာဝတီတိုင်းဒေသကြီးမှာ စိုက်ပျိုးသလိုအခြားဒေသတွေမှာလဲ သီးသန့်စိုက်ခင်းတွေစိုက်ပျိုးပြီး မျိုးစိတ်အရည်အသွေးကို ဆက်လက်ထိန်းသိမ်းသွားဖို့လိုပါတယ်။ ဖိလစ်ပိုင်နိုင်ငံက GW-11 ဆန်ကို ဗီယက်နမ်ကနေ အဝယ်များပေမဲ့ မြန်မာနိုင်ငံကပိုမှာယူပြီး ထိုင်းနိုင်ငံထက် ဈေးပိုပေးအဝယ်လိုက်တာဟာ နိုင်ငံအတွက် လဲအားရဂုဏ်ယူစရာပါ”ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် စီမံခန့်ခွဲရေးကော်မတီဝင် ဦးစိုးကျော်က ပြောသည်။

ဖိလစ်ပိုင်နိုင်ငံသို့ GW-11 ဆန်တင်ပို့ရာတွင် ထိုင်းနိုင်ငံက တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၀ ရရှိနေပြီး မြန်မာနိုင်ငံက တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၀ ရရှိသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ဧပြီလမှ သြဂုတ်လထိ ဆန်တန်ချိန် ရှစ်သိန်းကျော်တင်ပို့ထားပြီး ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲအများဆုံးတင်ပို့ခဲ့ကာ ဆန်တန်ချိန် ငါးသန်းဝယ်ယူရန်ပြင်ဆင်နေသည့် ဖိလစ်ပိုင်နိုင်ငံသို့ GW-11 ဆန်များ ဆက်လက်တင်ပို့လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးမှ GW-11 ဆန်များ ဖိလစ်ပိုင်နိုင်ငံသို့ စတင်တင်ပို့ချိန်တွင် ဈေးအသင့်အတင့်ရခဲ့ပြီး ယခုလပိုင်းအတွင်း ဝယ်လိုအားကောင်းမှုကြောင့် မန္တလေးတိုင်းဒေသကြီးမှ ထွက်ရှိသည့် GW-11 ဆန်များ ဈေးကောင်းရလျက်ရှိသည်။ GW-11 မြန်မာ့ဆန်ကို ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပြီး ယခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသို့ စတင်တင်ပို့ခဲ့ရာမှ ထိုဆန်ကို နှစ်ခြိုက်လာမှုကြောင့် မှာယူမှုများလာခြင်းဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်**

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**

# အမျိုးသမီးဘောလုံးအကယ်ဒမီ(မန္တလေး)ကျောင်းမှ အမျိုးသမီးကစားသမား ၅၁ ဦးအတွက် ကျောင်းဝတ်စုံနှင့် အားကစားဝတ်စုံများ ထောက်ပံ့ပေးအပ်

**မန္တလေး ဩဂုတ် ၁၆**

မန္တလေး ချမ်းမြသာစည်မြို့နယ်ရှိ အမျိုးသမီးဘောလုံးအကယ်ဒမီ (မန္တလေး) ကျောင်းတွင် Grade 5 မှ Grade 9 ထိ ကျောင်းသူ ၅၁ ဦး လက်ခံသင်ကြားပေးလျက်ရှိပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ ပံ့ပိုးမှု၊ မြန်မာဘောလုံးအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် သင်တန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်၍ အသက်သတ်မှတ်ချက်အရ U-12/U-13 တွင် အားကစားသမား ၂၅ ဦး၊ U-14/ U-15 တွင် အားကစားသမား ၂၆ ဦး စုစုပေါင်း ၅၁ ဦး သင်ကြားပေးလျက်ရှိသဖြင့် ကျောင်းသူအားကစားသမား ၅၁ ဦးအတွက် ကျောင်းဝတ်စုံနှင့် အားကစားဝတ်စုံများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်က ယနေ့တွင် ထောက်ပံ့ပေးအပ်ခဲ့သည်။



အဆိုပါကျောင်းခန်းမ၌ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် တာဝန်ရှိသူများက အားကစားသမားများနှင့်တွေ့ဆုံစဉ် ထိုသို့ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပြီး ကျောင်းအတွင်းလှည့်လည်ကြည့်ရှုခဲ့ကြသည်။

ကျောင်းသူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်သည့် အမျိုးသမီးဘောလုံးအကယ်ဒမီ၌တက်ခွင့်ရသည့် အားကစားသမားများဖြစ်သည့်အတွက် မြန်မာ့အမျိုးသမီးဘောလုံးအားကစားကို တိုးတက်အောင် ကြိုးစားအားထုတ်စေလိုပါကြောင်း၊ အကယ်ဒမီကျောင်းသည် ပညာရေးနှင့် အားကစားနှစ်ခုလုံးကိုအဓိကထားဆောင်ရွက်ပေးသည့်အတွက် အားကစားတွင်သာမက ပညာရေးတွင်လည်း ထူးချွန်စေလိုကြောင်း၊ နိုင်ငံတော်ကအားကိုးရသည့် အမျိုးသမီးဘောလုံးအားကစားသမားများ ပေါ်ထွက်လာမည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၁၆**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။





ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများကို အောင်သပြေခက်နှင့် စံပယ်ပန်းကုံးတို့ဖြင့် ဂုဏ်ပြုကြိုဆိုကြစဉ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စံပယ်ပန်းကုံးများ၊ အောင်သပြေခက်တို့ဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့ပြင် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကိုဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**





အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအား စားနပ်ရိက္ခာစားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**ဝေန်မြစ်ရေကာတာမှ**

အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ ရှာဖွေကူညီကယ်ဆယ်ရေး၊စားနပ်ရိက္ခာစားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံးအင်ဂျင်နီယာဆိုင်ရာတားဆီးမှုများဖြစ်သည့် Geobags(သဲအိတ်ကြီးများ)ချခြင်း၊ မျောထုပ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile (သံမဏိတိုင်များ)ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(၅၀၁)**

## လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)

# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲကျင်းပ





တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲ ကျင်းပစဉ်။

**နေပြည်တော် ဩဂုတ် ၁၆**

တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိ စာသင်တိုက်၌ ပြုလုပ်ရာ လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဒေ့ပရိသတ်များက နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိ စာသင်တိုက် ပဓာနနာယကဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာကြားကြသည်။

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးသိန်းထူး၊ ဒုတိယစစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်မျိုးအောင်လတ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးများကို လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်နှင့် ဆရာတော်၊ သံဃာတော်များထံ စစ်ရေးချုပ်ဦးဆောင်၍ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက အသီးသီးပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် လယ်ဝေးမြို့ မြို့ဦးတိုက်သစ်သံလမ်းပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇနထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ဘိုးဘွားရိပ်သာများအတွက် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများ၊ စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၇ ကျောင်း၊ သီလရှင်ကျောင်း ငါးကျောင်း၊ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာတို့အတွက် လှူဒါန်းမှု အစုစုမှာ အလှူငွေ ၂၈၂ သိန်း သုံးသောင်း ခုနစ်ထောင်ကျပ်၊ ဆန် ၇၀၇ အိတ်၊ ဆီ ၂၁၀ ပိဿာ ၃၀ ကျပ်သား၊ နိုင်ငံခြားဆေးမျိုးစုံနှစ်ခြင်း၊ ဘားမားကော်ဖီ ငါးဖာ၊ ရုပ်အချိုရည်တစ်ဖာတို့ကို လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရန်ကုန်တိုင်းစစ်ဌာနချုပ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၆**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ရတနာသီရိခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သာကေတမြို့နယ် တိပိဋကာလင်္ကာရ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ အဂ္ဂသာမိ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက တိပိဋကာလင်္ကာရ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်သော ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တိပိဋကာလင်္ကာရ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)



ဆရာတော်ထံ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် တွေ့ဆုံ



ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့သည် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူတို့က အမှာစကား ပြောကြားကြသည်။

ထို့ပြင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်၊ ဒုတိယအထွေထွေအတွင်းရေးမှူး ဒေါ်အေးအေးငြိမ်း၊ လက်ထောက်အထွေထွေအတွင်းရေးမှူး ဒေါ်အိအိထွေးနှင့် တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

● ရှေ့တန်းပြန်မှ

ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စံပယ်ပန်းကုံးများ၊ အောင်သပြေခက်များဖြင့် လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့ပြင် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုကြစဉ်။

# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် စေတနာရှင်အလှူရှင်များ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများထံ သွားရောက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင် ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် စေတနာရှင်အလှူရှင်များက ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၅၀၀ ကို ဩဂုတ် ၁၅ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



အဆိုပါ လှူဒါန်းပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်က ဆန်အိတ်များ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဆန်အိတ် ၅၀၀ ကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်ထံ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် စေတနာရှင်အလှူရှင်များသည် ဧရာဝတီတိုင်းဒေသကြီးမှ အပြန်လမ်းတစ်လျှောက်ရှိ ရေဘေးရှောင်နေရာသို့သွားရောက်၍ အလှူငွေများ ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

အဆိုပါခရီးစဉ်တွင် ရန်ကုန်တိုင်းဒေသကြီး ဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ လွှတ်တော်ကော်မတီအသီးသီးမှ ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့နှင့် လူမှုရေးရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့မှ အဖွဲ့ဝင်များ လိုက်ပါခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❑ လျှပ်စစ်ဓာတ်အားမှ

စက်မှုလုပ်ငန်းများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အချက်များနှင့် ပြည့်စုံပါက နေ့စဉ်ညပိုင်း ၁၁ နာရီမှ နောက်တစ်နေ့ နံနက် ၅ နာရီထိ အချိန်ကာလအတွင်း တစ်ယူနစ်လျှင် မူလကျပ် ၉၀၀ နှုန်းမှ ကျပ် ၆၀၀ နှုန်းသို့ လျှော့ချ၍ ဓာတ်အားရယူသုံးစွဲခွင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၄။ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် မိုးရာသီကာလအတွင်း အချိန်နှင့်အမျှ ဆုံးရှုံးနေသည့်ရေများမှ နိုင်ငံတော်အတွက် ဝင်ငွေရရှိလာခြင်း၊ ဓာတ်အားစနစ်တည်ငြိမ်မှုရှိလာခြင်း၊ သတ်မှတ်ချက်နှင့်ကိုက်ညီပြီး ဆန္ဒရှိသည့် စက်မှုလုပ်ငန်းကြီးများသည် ညဘက်သို့ ပြောင်းရွှေ့လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် နေ့ပိုင်းတွင် လျှပ်စစ်မီးသုံးစွဲသူပြည်သူများသို့ ပိုမိုဖြန့်ဖြူးပေးနိုင်ခြင်း၊ စက်မှုလုပ်ငန်းရှင်များအနေဖြင့်လည်း ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်ခြင်းစသည့် သုံးဦးသုံးဖလှယ် အကျိုးကျေးဇူးရရှိစေမည်ဖြစ်ပါသည်။

၅။ နိုင်ငံတကာတွင် Smart Grid စနစ်ကို အသုံးပြုနေကြသဖြင့် ယခုကဲ့သို့ အချိန်ဖြင့် ဓာတ်အားခကောက်ခံသည့် (Time of Use– TOU) ကို အသုံးပြုနေကြပြီဖြစ်ရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အနေဖြင့်လည်း လက်ရှိအခြေအနေပေါ်တွင် မူတည်၍ ပထမအဆင့်အနေဖြင့် စတင်စမ်းသပ်ဆောင်ရွက်ခြင်းဖြစ်၍ မိဘပြည်သူများအနေဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားစနစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အပြုသဘောဖြင့် အကြံဉာဏ်များပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ကူညီကြပါရန် အသိပေးကြေညာ မေတ္တာရပ်ခံအပ်ပါသည်။

၆။ သိရှိလိုသည်များကို မေးမြန်းလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်–

(က) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးချုပ် (၀၆၇–၄၁၀၅၄၁၂၀၀)

( ခ ) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(၀၉–၄၂၈၃၀၄၂၀၃) (၁၇၁၇)

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

◆ ကွန်မြူနတီဒိုင်းမှ

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း မန်စီးတီးအသင်းကစားပုံမှာ လိုအပ်ချက်များရှိနေပြီး အာဆင်နယ်အသင်းကပင် ခြေစွမ်းပိုင်းအသာဖြင့် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၄၈ မိနစ်တွင် အိုဒီဂတ်က မန်စီးတီးအသင်းကစားသမားများကို တစ်ဦးချင်းအကောင်းဆုံးကျော်ဖြတ်ပြီး အာဆင်နယ်အသင်းအတွက် တတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် အာဆင်နယ်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ကွန်မြူနတီဒိုင်းဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ယခုနှစ်တွင် ကွန်မြူနတီဒိုင်းဆုဖလားကို ၁၈ ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည့်အတွက် ၂၁ ကြိမ်ရရှိထားသည့် မန်ယူအသင်းပြီးလျှင် ကွန်မြူနတီဒိုင်းအများဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

STA

# တိုးမြစ်ရေ မအူပင်မြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၆

ယနေ့ နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၀.၈စင်တီမီတာ(နှစ်လက်မခန့်)အလိုတွင်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မအူပင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

# အမျိုးသားပြတိုက်နှင့် အာကာသပြတိုက်သို့ လှည်းကူးမြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာ



ရန်ကုန် ဩဂုတ် ၁၆

ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များအနေဖြင့် နိုင်ငံ၏ခိုင်မာသည့် သမိုင်းကြောင်း အစဉ်အလာနှင့် ယဉ်ကျေးမှုတန်ဖိုးများ သိရှိနားလည်လာစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားလာစေရန်၊ ဘိုးဘွားများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်လိုစိတ်ရှိစေရန်နှင့် အာကာသဆိုင်ရာ ဗဟုသုတများ ရရှိစေရန်ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (လှည်းကူး)မှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ဆရာမများသည် ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်နှင့် အာကာသပြတိုက်တို့သို့ ကြည့်ရှုလေ့လာကြသည်။

ဦးစွာ ပြည်လမ်းရှိအမျိုးသားပြတိုက်၌ ခေတ်အဆက်ဆက်သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို စိတ်ဝင်စားစွာကြည့်ရှုလေ့လာကြပြီး အမျိုးသားပြတိုက်မှ တာဝန်ရှိသူက အမျိုးသားပြတိုက်၏ သက်တမ်း၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ပြခန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အာကာသပြတိုက်ရှိ Deep Space Exploration ပြခန်း၊ Space Station ပြခန်း၊ အာကာသအတွင်း စေလွှတ်ခဲ့သည့် ဒုံးပျံများ၊ ဂြိုဟ်များ၊ နက္ခတ်တာရာများစသည့် အာကာသဆိုင်ရာ ဗဟုသုတများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ ရေဘေးသင့်အိမ်ထောင်စုများကို ရေသန့်ကတ်များနှင့် ပေါင်မုန့်များလှူဒါန်း



ညောင်ဦး ဩဂုတ် ၁၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဝန်ထမ်းများသည် အမှတ်(၄) ရေနံစုရပ်၊အမှတ်(၂) မကျည်းတောရပ်နှင့် အမှတ်(၅) ရေဝင်ရပ်ကွက်တို့ရှိ ရေဘေးရှောင်အိမ်ထောင်စုများသို့ ယနေ့ နံနက် ၁၀ နာရီက ရေသန့်ကတ်နှင့် ပေါင်မုန့်များ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့် တောင်ဇင်းနယ်မြေ မီးသတ်စခန်းမှ တပ်ကြပ်ကြီးမျိုးချို ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် ရေဘေးရှောင်၊ ရေဘေးသင့်အိမ်ထောင်စု ၂၃၂ စုတို့ကို ရေသန့်တစ်ကတ်စီနှင့်ပေါင်မုန့်များကို စက်လှေသုံးစီးဖြင့် ရေဝင်ရောက်ရာနေအိမ်များအရောက် လိုက်လံပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်တွင် ယနေ့ ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်အရ ရေဝတီမြစ်ရေသည် တဖြည်းဖြည်း ပြန်လည်ကျဆင်းနေကြောင်း၊ ရေဘေးရှောင်စခန်းများတွင်ရောက်ရှိနေသော ရေဘေးရှောင်အိမ်ထောင်စုများ၊ကာလဝမ်းရောဂါမဖြစ်ပွားစေရေး၊ ရေသန့်များ စနစ်တကျသုံးစွဲရေး၊ သောက်ရေများ ကျိုချက်သောက်သုံးနိုင်ရေး၊ အများနှင့် စုပေါင်းနေထိုင်ရသည့်အတွက် ကျန်းမာရေးအထူးဂရုပြုနိုင်ရေးတို့ကို ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့် ဝန်ထမ်းများက အသိပညာပေး ဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။

ဒီပါလင်း

# YBS ယာဉ်စီးခများကို စက်တင်ဘာလမှစ၍ တိုးမြှင့်ကောက်ခံသွားမည်ဆိုသည့် ကြေညာချက်ကို ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ(YRTC)မှ ပြန်လည်ပယ်ဖျက်ကြောင်းကြေညာ

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်မြို့တွင်းပြေးဆွဲနေသော YBS ခရီးသည်တင်ယာဉ်များ၏ ပြုပြင်ထိန်းသိမ်းစရိတ်များ မြင့်မားလာမှုကြောင့် YBS ယာဉ်စီးခများကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)မှ တာဝန်ရှိသူက ၂၀၂၆ ခုနှစ် ဩဂုတ် ၁၄ ရက်က အဆိုပါ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC) ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မီဒီယာတွေ့ဆုံပွဲတွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။



သို့ရာတွင် အဆိုပါ YBS ယာဉ်စီးခများကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ တိုးမြှင့်ကောက်ခံသွားမည်ဆိုသည့် ကြေညာချက်ကို ဩဂုတ် ၁၆ ရက်မှစ၍ ပြန်လည်ပယ်ဖျက်လိုက်ကြောင်း ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)က တရားဝင်ထုတ်ပြန်ကြေညာခဲ့ကြောင်း သတင်းရရှိသည်။

နိုင်လင်းအောင်(တာမွေ)

## ၂၀၂၆ ခုနှစ် ဩဂုတ် ၁၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၀၅၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။




# လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



ပုသိမ် ဩဂုတ် ၁၆

ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားကာ ရေကျော်စီးဝင်ပြီး ရေဘေးသင့်ခဲ့ရသည့် ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများကို ဟင်္သာတမြို့ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးသာ၌ Rotary Myanmar က သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာခဲ၊ ရေသန့်၊ ဆိုလာမီးအိမ်၊ ဖန်ခွက်၊ ငါးသေတ္တာ၊ ပုစွန်ခြောက်၊ ဗာလချောင်ကြော်၊ ပဲကတ္တီပါပြုတ်ဘူး၊ ခေါက်ဆွဲခြောက်၊ ဘီစကွတ်စသည့် ပစ္စည်းများပါဝင်သော Box အရေအတွက် ၁၀၀၀ ကို ယနေ့တွင် ပေးအပ်လှူဒါန်းရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က လက်ခံရယူသည်။

ဦးစွာ လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာအုပ်စု ကွင်းမကျေးရွာ၌ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လျက်ရှိကြောင်း၊ ရေပြန်ကျပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုတင်စီမံဆောင်ရွက်ထားပါကြောင်း၊ တာနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်မှုကို ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ နေ့ဆိုင်း၊ ညဆိုင်းဖြင့် ပိတ်ဖို့ ဆောင်ရွက်လျက်ရှိကြောင်း၊ တာပိတ်ဖို့ခြင်းလုပ်ငန်းပြီးစီးပါက ကျန်ရှိသည့်ရေများ အမြန်ဆုံးပြန်လည်ကျဆင်းရေးအတွက် ရေဆင်းလမ်းကြောင်းများ ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားသည်။

ထို့ပြင် အိုင်သပြုတိုက်နယ်ဆရာဝန်က ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးအပါအဝင် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများကို ဆန်ရိက္ခာနှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာ ဣန္ဒာသယကျောင်းတိုက်၌ ဒေသခံပြည်သူများ ဆက်သွယ်ရေးကွန်ရက်များ မပြတ်တောက်စေရေးအတွက် B2B satellite terminal အား Call on wheel (COW) ရွေ့လျားမိုဘိုင်းကားတွင် တပ်ဆင်ထားရှိပြီး ဖုန်းပြောခြင်းနှင့် data အသုံးပြုနိုင်ရန် ဆောင်ရွက်ထားရှိမှု၊ လေးမျက်နှာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနက ဆေးခန်းများဖွင့်လှစ်ထားရှိမှု၊ ကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းမိသားစုများက ရေဘေးသင့်လေးမျက်နှာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းမိသားစုများအတွက် ပေးပို့လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

■ **မိုးထစ်ချုန်းရွာနိုင်မှု**

မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း ဩဂုတ် ၁၈ ရက်မှ ၂၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင်နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

❍ **ရိုးရာလက်ဝှေ့ပြိုင်ပွဲမှ**

ထွန်းဝေယံလင်း(ချင်း)နှင့် ကျော်ကျော်ဌေး(မွန်)တို့ပွဲစဉ်တွင် ကျော်ကျော်ဌေး(မွန်)၊ မင်းဘုန်းမြင့်(ဧရာဝတီ)နှင့် ဖိုးသဲ(ကရင်)တို့ပွဲစဉ်တွင် ဖိုးသဲ(ကရင်)တို့က အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသား ၅၄ ကီလိုတန်း ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် စောချစ်လေး(မွန်)နှင့် ချစ်ငြိမ်းဦး(ရှမ်း)တို့ပွဲစဉ်တွင် စောချစ်လေး(မွန်)၊ အာကာပိုင်ထူး(ကယား)နှင့် ထက်ရှိုင်းလွင်(စစ်ကိုင်း)တို့ပွဲစဉ်တွင် ထက်ရှိုင်းလွင်(စစ်ကိုင်း)၊ တမ်ဟာရှိန်း(ကရင်)နှင့် ဖြိုးမင်းသန်း(ပဲခူး)တို့ပွဲစဉ်တွင် တမ်ဟာရှိန်း(ကရင်)၊ လင်းသူရအောင်(ရန်ကုန်)နှင့် ထက်လင်းစံ(နေပြည်တော်)တို့ ပွဲစဉ်တွင် လင်းသူရအောင် (ရန်ကုန်)တို့က အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အမျိုးသား ၅၇ ကီလိုတန်း ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ထူးမြတ်လင်း(နေပြည်တော်)နှင့် ရန်ကျိန်ကျို(စစ်ကိုင်း)တို့ပွဲစဉ်တွင် ထူးမြတ်လင်း(နေပြည်တော်)၊ ဝေယံမင်းသူ(ပဲခူး)နှင့် ဖွဲလင်းထက်နိုင်(ရှမ်း)တို့ပွဲစဉ်တွင် ဝေယံမင်းသူ(ပဲခူး)၊ မြတ်မင်းသူ(မန္တလေး)နှင့် ရန်မျိုးအောင်(ရန်ကုန်)တို့ပွဲစဉ်တွင် ရန်မျိုးအောင်(ရန်ကုန်)၊ ချမ်းမျိုးထက်(မန္တလေး)နှင့် မင်းပြည့်စုံ(စစ်ကိုင်း)တို့ ပွဲစဉ်တွင် ချမ်းမျိုးထက်(မန္တလေး)၊ ဟာဂေဟုန်း(ချင်း)နှင့် ဒွေးကို(ရန်ကုန်)တို့ပွဲစဉ်တွင် ဟာဂေဟုန်း(ချင်း)၊ ဝိုင်းချစ်ထွန်း(ဧရာဝတီ)နှင့် စောစိုးဒို့(ကရင်)တို့ပွဲစဉ်တွင် စောစိုးဒို့(ကရင်)တို့က အသီးသီးအနိုင်ရရှိခဲ့ကြကြောင်း သိရသည်။ STA

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၁၅(က)တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
၂။ နိုင်ငံ့ဝန်ထမ်းများ။
၃။ ပညာသင်ကြားနေသူများ။
၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
၆။ ထောင်ဒဏ်ကျခံနေသူများ။

### ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

# ရေဘေးပညာပေးစာစောင်

## ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။



၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ်ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)



၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။



၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။






၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။



၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။




၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ် ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။



## ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ။



၂။ တောင်ပေါ်ဒေသများချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။



၃။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။

၄။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ် အမည်၊ ရပ်ကွက်၊ ကျေးရွာ၊မြို့ ဆက်သွယ်ရမည့်သူစသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။




၅။ သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။



## ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင်လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။



၂။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မီးခလုတ်များကို ပိတ်ထားပါ။




၃။ သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။



၄။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်ခြံ အတွင်း၌ ရှိ ၊မရှိ စစ်ဆေးပါ။



## ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့်အချက်များ

၁။ တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်။



၂။ ရေကြီးသော ဒေသများတွင် မြစ်၊ချောင်း ကမ်းပါး တိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ချောင်းကမ်းပါးများ အနီးသို့ မသွားပါနှင့်။



၃။ ရေထဲတွင် ရေကူးခြင်း လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်။



၄။ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။



## ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။



၂။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။

၃။ အမှိုက်များအား စနစ်တကျ ရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများပြုလုပ်ပါ။



၄။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင် သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။



၅။ ရေကြီးခြင်း၏နောက်ဆက်တွဲအနေဖြင့်ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။

၆။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။



## ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်။

၂။ မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။

၃။ ရေစိုပြီး အနံ့အသက် မကောင်းသော အစားအစာများမစားပါနှင့်။





၄။ ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

## အောက်ဖော်ပြပါအရေးပေါ်သုံးပစ္စည်းများ သင်နှင့် အတူရှိပြီလား ဆန်းစစ်ပါ။

ပေါ့ပါးပြီး ရေစိုခံကာ သယ်ယူရ လွယ်ကူသော အိတ်ဖြင့်ထည့်ရန်။

- [ ] ရေနှင့် ဓာတ်ဆားများ
- [ ] ကြာရှည်ခံအစားအစာများ
- [ ] ရှေးဦးသူနာပြုပစ္စည်းများနှင့် သုံးစွဲနေသည့်ဆေးဝါးများ
- [ ] အရေးပေါ်ခြံစောင်
- [ ] အဝတ်အစားများ
- [ ] ရေစိုခံမိုးကာ
- [ ] အကြမ်းခံသည့် ဖိနပ်၊
- [ ] ဘက်ထရီအပြည့်ရှိသည့် ဖုန်းနှင့် ရေဒီယို
- [ ] လက်နှိပ်ဓာတ်မီး/မီးအိမ်နှင့် ဓာတ်ခဲ အပိုများ
- [ ] ဘက်စုံသုံး အိတ်ဆောင်ဓါး၊ ကြိုး
- [ ] ဖယောင်းတိုင်၊ မီးခြစ်
- [ ] အခြားသူများ အာရုံစိုက်မှုရစေရန် လိုအပ်သည့် ဝီစီ
- [ ] တစ်ကိုယ်ရေသုံး အသုံးအဆောင်များ (ဆပ်ပြာ၊သွားတိုက်ဆေး)
- [ ] ရေစိုခံအိတ်နှင့် ထည့်ထားသည့် အရေးကြီးစာရွက်စာတမ်း၊ ငွေသား
- [ ] ကလေးများ၏ ကျောင်းသုံးပစ္စည်းများ



# အမေရိကန်နိုင်ငံ ဟာဝိုင်ရီပြည်နယ် Big Island ကျွန်းအနီးတွင် အပူပိုင်းမုန်တိုင်းလာလာ ဟာရီကိန်းမုန်တိုင်းအဖြစ် အားကောင်းလာ



ဝါရှင်တန် ဩဂုတ် ၁၆

အမေရိကန်နိုင်ငံ ဟာဝိုင်ရီပြည်နယ် Big Island ကျွန်းအနီးတွင် အပူပိုင်းမုန်တိုင်း လာလာ ဟာရီကိန်းမုန်တိုင်းအဖြစ် အားကောင်းလာကြောင်း အမေရိကန်အမျိုးသား ဟာရီကိန်းစင်တာ၏ ယနေ့ ထုတ်ပြန်ချက်အရ သိရသည်။

အပူပိုင်းမုန်တိုင်း လာလာသည် ဟာဝိုင်ရီပြည်နယ်၏ Big Island ကျွန်းအနီးသို့ ချဉ်းကပ်လာစဉ် အမျိုးအစား ၁ ဟာရီကိန်းအဖြစ် အားကောင်းလာကြောင်း၊ လာလာမုန်တိုင်း၏ အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ ထိရှိကြောင်း၊ အဆိုပါမုန်တိုင်းသည် Big Island အနီးသို့ ချဉ်းကပ်လာစဉ် လေပြင်းတိုက်ခတ်မှုများနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

မုန်တိုင်းကြောင့် Big Island ၏ အချို့ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်သည့်အပြင် တောင်တန်းဒေသများတွင် မြေပြိုကျမှုများ ဖြစ်ပေါ်နိုင်သဖြင့် ဒေသခံများအနေဖြင့် သတိထားရန်လိုအပ်ကြောင်း အာဏာပိုင်များက သတိပေးထားသည်။

မိုးလေဝသဌာနကလည်း မုန်တိုင်းနှင့်အတူ အန္တရာယ်ရှိသည့် လှိုင်းလုံးများ ဖြစ်ပေါ်နိုင်ပြီး ကမ်းရိုးတန်းဒေသများတွင် ရေများ မြင့်တက်လာနိုင်သဖြင့် ပင်လယ်ကမ်းစပ်နှင့် နိမ့်ကျသောဒေသများတွင်နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် တိုက်တွန်း နှိုးဆော်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# စပိန်နိုင်ငံအနောက်မြောက်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများဖြစ်ပေါ်နေ

မက်ဒရစ် ဩဂုတ် ၁၆

စပိန်နိုင်ငံ အနောက်မြောက်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုတို့ဖြစ်ပေါ်နေကြောင်း စပိန်ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုသည် ကက်စတီနယ်မြေနှင့် လီယွန်နယ်မြေတို့တွင် ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း အရေးပေါ်ကယ်ဆယ်ရေး အေဂျင်စီက ရေဘေးအန္တရာယ်နှင့် မြေပြိုကျမှုအန္တရာယ်များဖြင့် ရင်ဆိုင်ခဲ့ရသည့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရာတွင် ကူညီပေးလျက်ရှိကြောင်း သိရသည်။

"စပိန်နိုင်ငံ အနောက်မြောက်ဘက်ပိုင်းရှိ ကက်စတီနယ်မြေနဲ့ လီယွန်နယ်မြေတို့မှာ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မြစ်ရေလျှံတက်မှုတွေနဲ့ တောင်ကျရေတွေကြောင့် မြေပြိုကျမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူတွေနဲ့ ပျောက်ဆုံးနေသူတွေလဲရှိပါတယ်။ ဒေသခံအမြောက်အမြားကို ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပါတယ်။ အရေးပေါ်ကယ်ဆယ်ရေး အေဂျင်စီက ကယ်ဆယ်ရေး ဝန်ထမ်းတွေအပြင် မီးသတ်တပ်ဖွဲ့ဝင်တွေလဲ ပူးပေါင်းပါဝင်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု အရေးပေါ်ကယ်ဆယ်ရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းတွင် လှုပ်ခတ်ခဲ့သော ပြင်းအား ၇ ဒသမ ၇ မဂ္ဂနီကျူအဆင့်ရှိငလျင်ကြောင့် သေဆုံးသူဦးရေ ၅၃ ခန့်ရှိလာ

ဂျကာတာ ဩဂုတ် ၁၆

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် ဩဂုတ် ၁၅ ရက်က လှုပ်ခတ်ခဲ့သော ပြင်းအား ၇ ဒသမ ၇ မဂ္ဂနီကျူအဆင့်ရှိငလျင်ကြောင့် သေဆုံးသူဦးရေ ၅၃ ခန့်ရှိလာကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် လျော့ပါးရေးအေဂျင်စီ (BNPB) ၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါငလျင်ကြောင့် မြေပြိုကျမှုများဖြစ်ပေါ်ကာ လမ်းများ ပိတ်ဆို့ပြီး ဆက်သွယ်ရေး လုပ်ငန်းများလည်း ပြတ်တောက်နေသဖြင့် ငလျင်ဗဟိုချက်နှင့် အနီးဆုံးဒေသဖြစ်သည့် အရှေ့နုဆာတန်ဂါရာပြည်နယ် ဖလော်ရက်စ်ကျွန်းရှိ နာဂီကိုဒေသသို့ ကယ်ဆယ်ရေးအဖွဲ့များ အပြည့်အဝ မရောက်ရှိနိုင်သေးကြောင်း၊ ထို့ကြောင့် ထိခိုက်သေဆုံးသူနှင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများမှာ ဆက်လက် မြင့်တက်လာနိုင်ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်ပြီးနောက် အင်ဒိုနီးရှားနိုင်ငံရှိ နေရာအများအပြားတွင် အမြင့်သုံးပေကျော်ရှိ ဆူနာမီလှိုင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လှိုင်းအမြင့်ပေနည်းသဖြင့် ထိုနေ့၌ပင် ဆူနာမီသတိပေးချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ယနေ့တွင် ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေသော်လည်း ပျောက်ဆုံးနေသူများရှိသဖြင့် သေဆုံးသူအရေအတွက် တိုးလာနိုင်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် လျော့ပါးရေးအေဂျင်စီ (BNPB)မှ တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ



# ဘယ်လ်ဂျီယံနိုင်ငံအရှေ့ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသဖြင့် ဒေသခံထောင်နှင့်ချီ၍ ဘေးလွတ်ရာရွှေ့ပြောင်းနေရ

ဘရပ်ဆဲလ် ဩဂုတ် ၁၆

ဘယ်လ်ဂျီယံနိုင်ငံ အရှေ့ဘက်ပိုင်းဒေသများတွင် ဩဂုတ် ၁၅ ရက်မှ စတင်၍ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပြီး တောမီးသည် လူနေအိမ်ခြေများဆီသို့ ကူးစက်လာနိုင်သည့်အတွက် ဒေသခံထောင်နှင့်ချီ၍ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရကြောင်း ဘယ်လ်ဂျီယံ အရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးစတင်လောင်ကျွမ်းခဲ့သည့် ဧရိယာမှာ ဟော့စ်ဖက်နက်စ် သစ်တောကြိုးဝိုင်းဖြစ်ပြီး တောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီကိုပါ ရယူထားရကြောင်း၊ ဥရောပသမဂ္ဂအဖွဲ့အစည်း (EU)ကလည်း တောမီးငြိမ်းသတ်ရေးတွင် ပါဝင်ကူညီပေးနေကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဟက်တာ ၂၇၀၀ ကျော်ထိ ပျက်စီးခဲ့ပြီး မီးခိုးငွေ့များလည်း ဘယ်လ်ဂျီယံအရှေ့ဘက်ပိုင်း နယ်မြေများသို့ ဖုံးလွှမ်းနေကြောင်း သိရသည်။



"အရှေ့ဘက်ပိုင်း ဒေသတွေမှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ ဂျာမနီနယ်စပ်မှာ လောင်ကျွမ်းနေခြင်းဖြစ်ပြီးတော့ သစ်တောမြေဟက်တာ ၂၇၀၀ ကျော်ထိ ပျက်စီးသွားပါတယ်။ ဒေသခံတွေကိုလဲ ဘေးလွတ်ရာရွှေ့ပြောင်းနေရပါတယ်။ တောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်ဖို့ EU ကလဲ ပါဝင်ကူညီပေးနေပါတယ်"ဟု ဘယ်လ်ဂျီယံအရေးပေါ် စီမံခန့်ခွဲရေး အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ကနေဒါနိုင်ငံဗြိတိသျှကိုလံဘီယာပြည်နယ် တောင်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုဖြစ်ပွား

အော့တဝါ ဩဂုတ် ၁၆

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် တောင်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်နေခဲ့ပြီး တောမီးကြောင့် မီးခိုးငွေ့များ နေရာအနှံ့ပျံ့နှံ့နေပြီး မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုများ ဖြစ်ပွားနေကြောင်း ကနေဒါနိုင်ငံ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန် သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေထုညစ်ညမ်းမှုသည် ဩဂုတ် ၁၅ ရက်တွင် စတင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး လာမည့်ရက်ပိုင်းအတွင်း ကျန်းမာရေးလုံခြုံမှုကို ခြိမ်းခြောက်နိုင်သည့် အဆင့်သို့ ရောက်ရှိလာနိုင်ကြောင်း၊ အိုဂါနာဂန်နယ်မြေ အလယ်ပိုင်းနှင့် မြောက်ဘက်ပိုင်းတို့တွင် လေထုညစ်ညမ်းမှု အဝါရောင်အဆင့် သတိပေးချက် ထုတ်ပြန်လိုက်ပြီး ကျန်းမာရေးလုံခြုံမှုဆိုင်ရာ ညွှန်ကြားချက်များကိုလည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ပေးထားကြောင်း၊ ဆမ်မားလန်းဒေသမှ အိုဆိုဘို့စ်ဒေသထိ လေထုညစ်ညမ်းမှု လိမ္မော်ရောင်အဆင့် သတ်မှတ်ကြောင်း ကနေဒါ သဘာဝပတ်ဝန်းကျင် အေဂျင်စီက ထုတ်ပြန်သွားခဲ့သည်။

"တောမီး လောင်ကျွမ်းမှုကနေ ထွက်ပေါ်လာတဲ့ မီးခိုးငွေ့တွေဟာ ဗြိတိသျှ ကိုလံဘီယာပြည်နယ် တောင်ဘက်ပိုင်းဒေသတွေကို ဖုံးလွှမ်းနေပါတယ်။ မီးခိုးငွေ့တွေကြောင့် လေထုညစ်ညမ်းမှုတွေ ဩဂုတ် ၁၅ ရက်ကနေ စတင်ပြီး ဖြစ်ပေါ်လာပါတယ်"ဟု ကနေဒါ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦး ကပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ထိုနေ့က ဈေးတက်သည်

မစန္ဒာ




"ဘိုကလေးဈေးပါတယ်"

မှတ်တိုင်တွင် ကားရပ်လိုက်သည်နှင့် မအေးမိသည် အမြန်ဆုံးတိုးဝှေ့ပြီး ဆင်းလိုက်သည်။ ကားပေါ်မှာတုန်းက တောက်လျှောက်တပ်လာခဲ့သော နှာခေါင်းစည်းကြီးကို ကားအောက်ရောက်သည်နှင့် မေးစေ့အောက်သို့ ဆွဲချလိုက်သည်။ အသက်ကို တဝကြီးရှိုက်၍ ရှူလိုက်တော့ ဒူးရင်းသီးနံ့က နှာခေါင်းထဲကို လုံးခနဲဝင်ရောက်လာသည်။ ခပ်လှမ်းလှမ်းတွင် နောက်ပွင့်ကားတစ်စီး ရပ်ထားသည်။ ဒူးရင်းသီးများတင်ထားပြီး ဝယ်သူတွေ ဝိုင်းအုံနေသည်။

"ဟော...ဟိုမှာ"

သူ၏ ဘော်ဒါလည်းဖြစ်၊ ပြိုင်ဘက်လည်းဖြစ်သော "သင်းမြမြဝေ"ကို ဒူးရင်းသီးကားနားတွင် တွေ့ရသည်။ စလင်းဘက်လှလှတစ်လုံး လွယ်ထားသော်လည်း အထဲတွင် ပိုက်ဆံအနည်းအကျဉ်းသာပါမည်ကို မအေးမိ သိသည်။ ဒူးရင်းသီးဝယ်သူများနှင့်ရောပြီး ဒူးရင်းသီး ရွေးနေဟန်ရှိသော်လည်း သူတကယ်ဝယ်လိမ့်မည် မဟုတ်ကြောင်းကိုလည်း မအေးမိ သိသည်ပင်။ "သိဆို ...သူ အတူတူ၊ ကိုယ် အတူတူ၊ ဘဝတူတွေပဲဟာ" ဟု တွေးရင်း သူ့ဆီသို့ ဦးတည်ကာလျှောက်သွားမိပြီး ဖြစ်နေသည်။

"သင်းမြမြဝေ"က ဆီးပြီး ပြုံးပြသော်လည်း မအေးမိက သူ့ဘေးတွင် မရပ်ဘဲ ဆက်လျှောက်သွားတော့ အံ့သြသွားသည်။ "ဘာကြီးလဲဟ" ဟု မကျေမနပ်ရေရွတ်ရင်း အနောက်မှလိုက်လာသည်။ ကုလားပဲသုပ်ဆိုင်တွင် မအေးမိ ဝင်ထိုင်တော့ သူပါလိုက်၍ထိုင်သည်။

နှာခေါင်းစည်းတပ်ထားသော လူတစ်ယောက်က ကုလားပဲသုပ်ပါဆယ်ထုပ်နေသည်။ ဆိုင်တွင် ထိုင်စားလျှင် နှာခေါင်းစည်းဖြုတ်ရမည်ကို စိုးရိမ်ဟန်ရှိလေသည်။ ကြက်ငှက်တုပ်ကွေးကြောင့် မည်မျှကြာအောင် အထိတ်တလန့်ဖြစ်ကြရဦးမည်မသိ။

"စမူဆာသုပ်တစ်ပွဲ၊ ပဲရည်များများ၊ ငရုတ်သီးလျှော့ထည့်၊ မြန်မြန်လေး"

မအေးမိက မေးစေ့အောက်ရောက်နေသော နှာခေါင်းစည်းကို ဆွဲဖြုတ်လိုက်ပြီး ဇုန်းထဲမှ ဆင်ခေါင်းပဲ သုံးလေးစေ့ကို ကောက်စားလိုက်သည်။ ကြက်တုပ်ကွေးဖြစ်ဖြစ်၊ ဝက်တုပ်ကွေးဖြစ်ဖြစ် ပတ်ဝန်းကျင်လေထဲမှာ ဘယ်လိုပင်ပျံ့ပျံ့၊ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ဘယ်လိုပင်ကူးကူး၊ အသက်နှင့် ဘယ်လောက်ပင်နီးသည်ဟု ပြောပြော လောလောဆယ်အချိန်မှာတော့ စမူဆာသုပ်ကလေးတစ်ပွဲလောက် ဗိုက်ထဲသို့ မြန်မြန်ရောက်သွားဖို့ အရေးကြီးနေသည်။ ဆာလှပြီ။

"နင် ဘာမှမစားခဲ့ရဘူးလား"

"အင်း..."

လက်ထဲရောက်လာသော စမူဆာသုပ်ကို နှံ့အောင်ပင် မနယ်တော့ဘဲ မအေးမိက သုံးဇွန်းလောက် ဆက်တိုက်ခပ်စားလိုက်သည်။

"ဟဲ့ နင်ရော၊ ဘာမှမစားဘူးလား၊ မှာလေဟာ"

"စားချင်စိတ်မရှိပါဘူးဟာ"

သင်းမြက အသံတိမ်တိမ်နှင့် ပြောသည်။ ခပ်လောလော စားနေသောမအေးမိကို ခပ်ငေးငေး၊ ခပ်စိုက်စိုက်ကြည့်ရင်း ဘာစိတ်ကူးပေါက်သည်မသိ ကောက်ကာငင်ကာ မေးသည်။

"နင် ဒီလိုလုပ်နေတာ နင့်အမေသိလား" တဲ့။

"အမလေးတော်...၊ ဝေးစွခြောက်ပါး"

မအေးမိ လန့်ပြီး ဝါးလက်စ အာလူးဖတ်ပင် လည်ချောင်းတွင် နင်သွားသည်။ မေးလာသူ သင်းမြကို "ဒါ မေးစရာလား ဟဲ့" ဟူသောအကြည့်နှင့် ရန်လိုစွာ ကြည့်မိသည်။ သူတို့နှစ်ဦးက စားကျက်လည်းတူ အလုပ်လည်းတူတော့ တစ်ခါတစ်ရံ ပြိုင်ကြရသည်။ သူ့ဝေစု၊ ကိုယ့်ဝေစု လုရသည်လည်း ရှိတတ်သည်။ ထို့ကြောင့် တစ်ဦးကိုတစ်ဦး အကဲခတ်ရင်း ကိုယ့်အထာနှင့်ကိုယ် နေကြသည်။ ဖက်လဲတကင်း ရင်းရင်းနှီးနှီးမရှိလှ။ တစ်ဦးနှင့် တစ်ဦးလည်း စပ်စပ်စုစုမလုပ်ဖူးပါဘဲနှင့် ရုတ်တရက် ဘာစိတ်ကူးပေါက်သွားသည် မသိရ။ မေးမယ့်မေးတော့လည်း "နင်အမေ သိလား" တဲ့။ မအေးမိ အတန်ငယ် စိတ်ချဉ်ပေါက်သွားသည်။

"နင့်အမေရော၊ သိလား ...ကဲ"

"ငါ့မှာ အမေမရှိတော့ဘူး"

"ဒါပေမဲ့ အဖေရှိတယ်လေ၊ အဖေသိလား ပြော"

"အဖေသိရင် သတ်မှာ"

"အေး...အဲဒီလိုပဲပေါ့"

မအေးမိက သူ့ကို ပြုံးကြည့်ရင်း ခပ်မာမာပြောလိုက်သည်။ မည်သည့် သူကောင်းသမီးသည် "ကျွန်မတော့ ဒီလို၊ ဒီလိုနည်းနဲ့ ငွေရှာနေတာပါ အဖေတို့၊ အမေတို့ရေ" ဟု ပြောရဲပါမည်နည်း။ ပြောထွက်ပါမည်နည်း။

"သင်းမြမြဝေ"ဟူသော အမည်သည် သူ၏ အမည်ရင်း မဟုတ်သည်ကို မအေးမိ သိသားပင်။ နာမည်ခေါ်ရသည်မှာ ရှည်လွန်း၍ မအေးမိကတော့ "သင်းမြ"ဟူ၍ပင် ခပ်တိုတိုခေါ်သည်။ မအေးမိ၏ အမည်ကတော့ ဒီနားတစ်ဝိုက်တွင် သူတို့ ပတ်ဝန်းကျင်တွင် "အေးမိစံ"ဖြစ်သည်။

ဂျပန်နာမည်လိုလို ဘာလိုလို "အေးမိစံ"ဟု ခေါ်နေကြသော်လည်း သူက အသားညိုလေသည်။ အရပ်ပုပုပျပ်ပျပ်ကလေးဖြစ်သော်လည်း ခန္ဓာကိုယ် လုံးလုံးကျစ်ကျစ်ကလေးနှင့် အချိုးအဆစ်ပြေပြစ်သည်။ မျက်ခုံးမျက်လုံးလှကာ ပါးပြည့်ပြည့်လေးပေါ်တွင် သနပ်ခါးပါးကွက်ကျားလေးလည်း တင်ထားလေ့ရှိသည်။ သူက သူ့ကိုယ်သူ ကလေးနှစ်ယောက်အမေဟုပြောလျှင် "နောက်နေတာလား" ဟု ပြန်၍မေးလေ့ရှိကြသည်။

သင်းမြကတော့ အရပ်သွယ်မြင့်ကာ အသားအရေဖြူဝင်းသည်။ ဆံပင်ကို လှိုင်းတွန့်လေး ကောက်ပြီး အနီရောင်ပြေပြေဆိုးထားသည်။ မျက်ခုံးမွေး သေးသေးမျှင်မျှင်ဆွဲပြီး နှုတ်ခမ်းနီအရောင်ရင့်တန်ငယ်သုံးတတ်သည်။ ထိုအရောင်ရင့်ရင့် နှုတ်ခမ်းနှစ်လွှာသည် ပြုံးယောင်ယောင်လေး ဖြစ်နေတတ်၍ အလှပန်းပွင့်လှသည်။

သူတို့နှစ်ယောက် ဘိုကလေးဈေးတစ်ဝိုက်တွင် ကျက်စားနေကြသည်မှာ တစ်နှစ်ခွဲခန့် ရှိပြီဖြစ်သည်။ အရင်တုန်းကတော့ တစ်ဦးနှင့် တစ်ဦး မသိကြ၊ တည်းခိုခန်းတွင် ဝင်ခလုတ်၊ ထွက်ခလုတ် ဆုံမိကြသောအခါမှ မအေးမိက "ဩော်... သူလည်း ငါ့လိုပါပဲလား" ဟုတွေးမိသည်။ သင်းမြကလည်း ထပ်တူတွေးလိမ့်မည်ထင်သည်။ ထို့နောက်တော့လည်း...။ တစ်ခါတစ်ရံ ခင်ခင်မင်မင်ရှိ၍၊ တစ်ခါတစ်ရံလည်း မျက်စောင်းခဲကြ၊ ရန်စောင်ကြသည်ဟု ဆိုကြပါစို့။ နှစ်ဦးစလုံး အသက်သုံးဆယ်ကျော်နေပြီဖြစ်သော်လည်း သူ့နည်းနှင့်သူ ဈေးခေါ်ကောင်းကြလေသည်။

"ကြက်တုပ်ကွေးဖြစ်နေတယ်သာ ဆိုတယ်၊ ဈေးထဲမှာ ကြက်သားတွေ ရောင်းနေလိုက်တာမှ အောတိုက်လို့ပါဗျာ"

"ကြာကြာချက်ပြီး စားရင် ဘာမှမဖြစ်ဘူးလို့ ပြောတာပဲ"

"စားရဲပါဘူးဗျာ"

လက်ဖက်ရည်ဆိုင်တွင် ထိုင်နေသောရုံးဝန်ထမ်းတစ်စုက ပြောနေကြသည်။ ကြက်သားတွေ ဈေးကျနေသည်ဆို၍ မအေးမိလည်း စိတ်ဝင်စားသည်။ သူများစားတုန်းက ဘာမျှမဖြစ်သော်လည်း ကိုယ့်အလှည့်ကျမှ တစ်ခုခုဖြစ်မှာ ကြောက်နေ၍ ဝယ်မည်ကြံလိုက်၊ မဖြစ်လိုက်နှင့် ချီတုံချတုံဖြစ်နေသည်။ မနေ့တုန်းကတော့ သမီးက "သမီး သူငယ်ချင်းတွေကတော့ ကြက်သားစားတယ်။ ဘာမှမဖြစ်ဘူးတဲ့" ဟု ပြောသည်။ ဈေးပေါတုန်းလေး ဝအောင်တော့ ကျွေးလိုက်ချင်သည်။

"အညာမှာတောင် လူကြီးတွေက ကြက်သား စားပွဲတော်ကျင်းပပြီး စားပြနေသေးတာပဲ။ ဂျာနယ်ထဲမှာ မဖတ်ရဘူးလား"

"ဒါတော့ ဒါပေါ့ဗျာ၊ သူတို့ကတော့ ကြက်အကောင်းစားပြမှာကိုး။ ကျုပ်အလှည့်ကျမှ ကြက်နာနဲ့မိရင် ဘယ်လိုလုပ်မလဲ"

မအေးမိက ကျသင့်ငွေကို လှမ်းပေးရင်း "ငါ့လိုပဲ တွေးကြောက်တဲ့လူတွေလည်း အများကြီးထင်ပါရဲ့" ဟု တွေးမိသည်။ ထို့နောက် ပတ်ဝန်းကျင်ကို မသိမသာမျက်စိဝေ့ကြည့်လိုက်သည်။ သူတို့နှစ်ဦး အပေါ်တွင် အာရုံရောက်နေသူ တစ်ဦးမှမတွေ့ရ။ ရုံးဝန်ထမ်းတစ်စုကလည်း သူတို့ကို လှည့်၍ပင် မကြည့်။ ထိုသူတွေနှင့်တော့ အလုပ်ဖြစ်ရန်မလွယ်။

နှာခေါင်းစည်းကိုယ်စီ တပ်ထားသော မိန်းကလေးနှစ်ဦး လမ်းဖြတ်ကူးလာသည်။ သူတို့လက်ထဲတွင် ပြောင်းဖူးပြုတ်တစ်ဖူးစီ ကိုင်ထားကြသော်လည်း နှာခေါင်းစည်းရှုပ်နေ၍ မစားနိုင်ကြသေးပေ။ မူကြိုလာပို့သော အမေရော၊ သမီးသေးသေးလေးပါ နှာခေါင်းစည်းကိုယ်စီ တပ်ထားကြသည်။

မအေးမိက သူ့ပိုက်ဆံအိတ်ထဲတွင် နှာခေါင်းစည်းနှစ်ခုထည့်ပေးပြီး "ကားပေါ်ကျရင် နှစ်ထပ်တပ်ထားနော် သမီး၊ နှစ်ထပ်ဆိုရင် ပိုပြီးစိတ်ချရတယ်တဲ့"ဟု ပြောလိုက်သောအမေ့ကို သတိရသည်။

အမေဟူ၍သာ ပြောရသော်လည်း တကယ်ကတော့ယောက္ခမဖြစ်သည်။ ယောကျ်ားဆုံးသွားတော့ ယောက္ခမက ချွေးမနှင့်အတူ ကျန်ခဲ့သည်။ ယောက္ခမမှာလည်း အခြားသားသမီးမရှိ၊ ချွေးမမှာလည်း မိဘမရှိ၊ ဒီတော့လည်း သမီးလိုချင်သူနှင့် အမေလိုချင်သူနှစ်ဦး စည်းစည်းလုံးလုံးရှိကြလေသည်။ မအေးမိ၏ သမီးလေးက ရှစ်နှစ်ရှိပြီဖြစ်၍ သားငယ်က ငါးနှစ်ဖြစ်သည်။ ထိုကလေးနှစ်ဦးတွင် ဖခင်မရှိတော့သော်လည်း အဘွားနှင့် မိခင်က ချစ်ခင်ကြင်နာစွာ စောင့်ရှောက်ကြလေသည်။ ကဲ... မည်မျှ အဆင်ပြေသနည်း။

စိတ်ကူးထဲတွင် အဆင်ပြေသော်လည်း လက်တွေ့တွင် အတော်ဒုက္ခရောက်လေသည်။ ထိုပါးစပ်လေးပေါက်အတွက် စားစရာ အစားအစာကို ဘယ်ကနေဖန်တီးရမည်နည်း။

မအေးမိ ကြိုးစားပါသည်။ ကုန်စိမ်းလေးရောင်းလိုက်၊ ကွမ်းယာ၊ ဆေးလိပ်လေးရောင်းလိုက်၊ ဘူးသီးကြော်၊ ဗယာကြော် ကြော်လိုက်နှင့် တတ်သမျှ မှတ်သမျှလုပ်သော်လည်း လောက်လောက်လားလားမရှိလှ။ စီးပွားရေးကလည်း လာဘ်မမြင်၊ ပညာကလည်း မတတ်၊ အရင်းအနှီးလည်းမရှိ၊ လုပ်တတ်ကိုင်တတ်လည်းမဟုတ်၊ နောက်ဆုံးတော့ မိသားစုလေးယောက် ထမင်းပင် နပ်မမှန်ချင်အောင် ဖြစ်လာသည်။ သို့နှင့်ပင်...နောက်ဆုံးတော့...။

စာမျက်နှာ ၂၅ သို့ ➝

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၂၂၃၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၂၂၃၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဘုတလင်မြို့နယ်တွင် မြေပဲကေ ၃၅၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၂၂၃၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ မြေပဲကေ ၃၅၀၀၀ လျာထားစိုက်ပျိုးခဲ့ရာ ၃၂၂၃၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ယခုနှစ် ဘုတလင်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

# တန့်ယန်းမြို့နယ် နမ့်စီစိမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တန့်ယန်း ဩဂုတ် ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်စီစိမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းက နမ့်စီစိမ်ကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံ ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ် ၄၅၇ သိန်းကို လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက နမ့်စီစိမ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ သုံးဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၅၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သော်ဇင်ထူး**

## ဖေးမကူညီ ကောင်းကျိုးရည်

– စာနာစိတ်နှင့် ဖေးကူကာ
ပေးလှူပါ တတ်အားသမျှ၊
သဘာဝဘေးအန္တရာယ်
ရန်မသွယ် ဘေးမသန်းဘဲ
အေးချမ်းပါရ။

– တူညီရာ စိတ်ထားလှ
နိမိတ်တရားပြ အောင်မြင်စေ
ကောင်းခြင်းမသွေ၊
ဖြူစင်မှု ချစ်ခြင်းဝေ
ပြစ်ကင်းနေ ဘဝလမ်း၊
ကိုယ့်ဝန်းကျင် ကိုယ့်ဒေသ
လှပမြေချမ်း။

– မေတ္တာ စေတနာစွမ်းနှင့်
ဝေဒနာနွမ်း ကင်းဝေးစင်၊
တစ်ဦးအပေါ်တစ်ဦးက
ဖေးမကာပင်၊
ဘဝရေး တွေးမြော်မြင်
ပျော်ရွှင်မည့် လှတရား၊
ကောင်းကျိုးရည် မွန်မြတ်စိတ်ဖြင့်
ချွေးသိပ်စေသား။ ။

**ကိုရွှေတောသား(ဆင်ကူး)**

# ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သစ်လေးလုံး ကျေးရွာအုပ်စု သစ်လေးလုံးကျေးရွာ၌ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရန်နှင့် နွေရာသီရေရှားပါး ပြတ်လပ်မှုမရှိစေရန်ရည်ရွယ်၍ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာများက သစ်လေးလုံးကျေးရွာ သောက်သုံးရေရရှိရေး ကော်မတီဝင်များနှင့်အတူ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းကို ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၈၀ ဒသမ ၈ သန်းဖြင့် အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေ ရှိ ရေစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းနှင့် အလျား ပေ ၃၀၊ အနံ ပေ ၃၀၊ အမြင့် ငါးပေရှိ ခြံစည်းရိုးကာရံခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို S.T San Tun ကုမ္ပဏီက ၂၀၂၆ ခုနှစ် ဇူလိုင်လစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ပျဉ်းမနားခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သံသာ**

á စာမျက်နှာ ၂၄ မှအဆက်

ဆင်းရဲလွန်းလို့ ရွေးစရာလမ်းမရှိလို့ နစ်မွန်းရတာပါဟုတော့ မအေးမိ မပြောလို။ ကိုယ့်ထက်ပင်ဆင်းရဲသူတွေ ဘဝကို ရိုးရိုးသားသား ရင်ဆိုင်နေကြတာ ရှိနေကြသည်ကို တွေ့နေမြင်နေရသည်ပဲ။ ငွေတွင်းက နက်တော့လည်း ငွေရလွယ်သည့်လမ်းကို လိုက်ခဲ့မိခြင်းသာဖြစ်သည်။ စိတ်ထဲမှတော့ သေဆုံးသွားသော လင်ယောကျ်ားဖြစ်သူကို သတိတရတောင်းပန်နေမိတတ်သည်။ "ကျွန်မကို ခွင့်လွှတ်ပါ အစ်ကိုရယ်၊ ကျွန်မကိုယ်ကျွန်မ ခိုင်ခိုင်မာမာ မထိန်းနိုင်တဲ့အတွက် ခွင့်လွှတ်ပါ"။ လူဆိုသည်မှာ အလွယ်လမ်းကို တစ်ခါလျှောက်မိလျှင် ထိုလမ်းကိုပင် ဆက်၍လျှောက်မိတော့သည်ကတော့ ဓမ္မတာပင် ဖြစ်တော့သည်။

"အဝတ်က စက်နဲ့လျှော်လို့ရပေမဲ့ မီးပူတိုက်ဖို့ကျတော့ စက်မှမရှိတာ အမေရဲ့၊ ကျွန်မက ပြန့်ပြန့်ကလေးဖြစ်အောင် ရေဖျန်းတန်တာဖျန်း၊ ကော်တောက်တန်တာတောက်ပြီး လုပ်ပေးတာ။ ဒါကြောင့် အလုပ်မရှားတာပေါ့"

သူတို့နားပတ်လည်က သူလိုကိုယ်လို လူတွေချည်းမို့ အငှားတိုက်လုပ်ငန်း လုပ်၍မရပေ။ အက်(ဖ)အမ်အိုင်တို့၊ နဝဒေးတို့ကျ ပြန်တော့ ကိုယ့်မှာ အသိအကျွမ်းမရှိ၍ လက်လှမ်းမမီပြန်။ ထို့ပြင် ထိုအိမ်ရှင်များက လူစိမ်းသူစိမ်း အဝင်အထွက် သိပ်လက်မခံချင်ကြပေ။ ဒီတော့လည်း လှိုင်သာယာမှာနေပြီး ရန်ကုန်မြို့ထဲလာကာ မီးပူအငှားတိုက်သည်ဟူသော စကားက အတော်လေးယုတ္တိတန်နေလေသည်။

"ဒီနေ့ ရန်ကုန်မြို့ထဲမှာ ဓာတ်အားလိုင်းတွေပေါက်လို့ မီးပျက်နေတယ်ဆို၊ ငါ့သမီး မီးပူတိုက်တာ အဆင်ပြေရဲ့လား"

ယောက္ခမကြီးက သဘောရိုးနှင့် မေးသော်လည်း ထိုအခါမျိုးတွင် မအေးမိ ရင်တုန်ရသည်။

"၃၇ လမ်း၊ လေးလွှာမှာနေတဲ့ အန်တီကြီးက ကြေးမီးပူကြီးထဲမှာ မီးသွေးတွေထည့်ပြီး တိုက်ခိုင်းတာ အမေရေ့။ မီးက အရှိန်နည်းသွားလိုက်၊ ယပ်ခတ်လိုက်၊ ပြာမှုန်တွေက လွင့်လိုက်။ မီးသွေးကလဲ အချိန်အဆနဲ့ ထည့်ရတာ။ အကျႌမီးပေါက်ရင် အဆိုအပြောက ခံရအုံးမယ်။ ဒါပေမဲ့ ပိုက်ဆံကျတော့ ရက်ရောပါတယ် အမေရယ်။ ပေးနေကျထက် တစ်ထောင်ပိုပေးလိုက်တယ်"

ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ မုသာဝါဒကတော့ အတော်လေးဖက်ရသည်။ ယောက္ခမအမေကြီးသာ သူ့အကြောင်းကို သိသွားလျှင် ရင်ကိုထုကာ သူ၏သားကို တ၍ မည်မျှငိုလေမည်မသိရချေ။

ဆက်လက်ဖော်ပြပါမည်။

# ဂေဟစနစ်ကို အကျိုးပြုသော အင်းဆက်ပိုးမွှားများ

ခိုင်ဇင်

သဘာဝပတ်ဝန်းကျင်မှာ မြင်သာထင်ရှားတဲ့ သစ်ပင်ကြီးတွေ၊ တိရစ္ဆာန်ကြီးတွေသာ အရေးပါတာမဟုတ်ဘဲ အရွယ်အစားသေးငယ်ပြီး မျက်စိနဲ့ အလွယ်တကူမမြင်နိုင်တဲ့ အင်းဆက်ပိုးမွှားတွေကလဲ ဂေဟစနစ်တစ်ခုလုံးလည်ပတ်နိုင်ဖို့ အရေးကြီးတဲ့ အခန်းကဏ္ဍကနေပါဝင်နေပါတယ်။ အင်းဆက်ပိုးမွှားတွေဟာ အပင်တွေကို ဝတ်မှုန်ကူးပေးတာ၊ မြေဆီလွှာကို ကောင်းမွန်စေတာ၊ အပုပ်အဆွေးတွေကို ချေဖျက်ပေးတာစတဲ့ ဂေဟစနစ်ကို သဘာဝအတိုင်း ထိန်းညှိပေးတာတို့ကို ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။

အချို့အင်းဆက်ပိုးမွှားတွေကို လူတို့က အနှောင့်အယှက်ဖြစ်စေတဲ့ သတ္တဝါတွေအဖြစ် မြင်တတ်ကြပေမဲ့ အင်းဆက်မျိုးစိတ်တိုင်းက အကျိုးမရှိတာတော့မဟုတ်ပါဘူး။ အမှန်တကယ်မှာ သဘာဝရဲ့ အစာကွင်းဆက်နဲ့ အာဟာရဓာတ်လည်ပတ်မှုမှာ အင်းဆက်ပိုးမွှားတွေဟာ မရှိမဖြစ်လိုအပ်တဲ့ အစိတ်အပိုင်းတွေသာဖြစ်ကြပါတယ်။ ဒီလို ဂေဟစနစ်အတွက် အကျိုးပြုနေတဲ့ အင်းဆက်ပိုးမွှားတွေထဲက တချို့ကို ဖော်ပြပေးသွားပါမယ်။

**ပျား (Bee)**



ပျားတွေဟာ လူသားတို့နဲ့ ရှေးယခင်ကတည်းက နီးကပ်စွာ ဆက်နွှယ်နေတဲ့ အင်းဆက်တွေဖြစ်ပြီး ဂေဟစနစ်အတွက် အရေးအပါဆုံး ဝတ်မှုန်ကူးပေးတဲ့ သတ္တဝါတွေထဲမှာ ပါဝင်ပါတယ်။ ပျားတွေဟာ ပန်းပွင့်တွေက ဝတ်ရည်နဲ့ဝတ်မှုန်တွေကို စုဆောင်းပြီး ပန်းတစ်ပွင့်ကနေ တစ်ပွင့်ကို ပျံသန်းသွားလာကြတာကြောင့် အပင်တွေရဲ့ ဝတ်မှုန်ကူးမှုကို အထောက်အကူပြုပါတယ်။ ဒီလို ဝတ်မှုန်ကူးပေးတာကြောင့် အပင်တွေဟာ မျိုးစေ့နဲ့အသီးအနှံတွေ သီးပွင့်လာကြပါတယ်။ အသီးအနှံ၊ ဟင်းသီးဟင်းရွက်နဲ့ အခြားသီးနှံပင်များစွာရဲ့ ဝတ်မှုန်ကူးမှုမှာလဲ ပျားတွေက အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်နေပါတယ်။

ဒါကြောင့် ပျားတွေရဲ့ အသက်ရှင်သန်ရပ်တည်မှုက ပန်းပင်တွေအတွက်သာမက စိုက်ပျိုးရေးနဲ့ လူသားတို့ရဲ့ အစာကွင်းဆက်အတွက်ပါ အရေးကြီးတဲ့အခန်းကဏ္ဍကနေ ပါဝင်နေပါတယ်။ ပျားကောင်ရေ လျော့နည်းလာတာဟာ အပင်တွေရဲ့ ဖြစ်ထွန်းရှင်သန်မှုနဲ့ သဘာဝဂေဟစနစ်ရဲ့ဟန်ချက်ညီမှုကို ထိခိုက်စေနိုင်ပါတယ်။ ဒါကြောင့် ပျားတွေကျက်စားဖို့အတွက် သင့်တော်တဲ့ပတ်ဝန်းကျင်ဖြစ်တဲ့ ပန်းပွင့်တဲ့အပင်တွေကို ထိန်းသိမ်းပေးဖို့လိုအပ်ပါတယ်။

**လိပ်ပြာ (Butterfly)**

လိပ်ပြာတွေဟာ အရောင်အသွေးစုံလင်ပြီး သဘာဝပတ်ဝန်းကျင်ကို လှပစေတဲ့ အင်းဆက်တွေအဖြစ် လူသိများကြပေမဲ့ သူတို့ရဲ့ အရေးပါမှုမှာ အလှအပထက် ပိုမိုကျယ်ပြန့်ပါတယ်။ လိပ်ပြာတွေဟာ ပန်းပွင့်တွေကနေ ဝတ်ရည်ကို စားသုံးရင်း ပန်းတစ်ပွင့်ကနေ တစ်ပွင့်ကို ပျံသန်းသွားလာကာ ဝတ်မှုန်ကူးပေးကြပါတယ်။ လိပ်ပြာရဲ့ ဘဝစက်ဝန်းဟာ ဥကနေပေါက်လာတဲ့ ခူကောင်အဆင့်မှာ အပင်က အရွက်တွေကို စားသုံးပြီးနောက် ပိုးတုံးလုံး၊ အဲဒီနောက် အရွယ်ရောက်လိပ်ပြာအဖြစ် ပြောင်းလဲသွားပါတယ်။ လိပ်ပြာဟာ အခြားငှက်တွေ၊ ပင့်ကူတွေနဲ့ သတ္တဝါတွေရဲ့ အစာဖြစ်ပါတယ်။

ဒ့ါပြင် လိပ်ပြာတွေဟာ ပတ်ဝန်းကျင်အခြေအနေပြောင်းလဲမှုကို လျင်လျင်မြန်မြန် တုံ့ပြန်နိုင်ပါတယ်။ လက်ရှိမှာလိပ်ပြာတွေရဲ့ နေထိုင်ရာနေရာတွေ ပျောက်ကွယ်လာတာ၊ ပိုးသတ်ဆေးအသုံးပြုမှုများပြားလာတာတို့ဟာ သူတို့ရဲ့အရေအတွက်ကို လျော့နည်းလာစေနိုင်ပါတယ်။ ဒါကြောင့် လိပ်ပြာတွေရှင်သန်နိုင်ဖို့ သဘာဝဂေဟစနစ်နဲ့ ပန်းပွင့်ပင်တွေကို ထိန်းသိမ်းဖို့လိုအပ်ပါတယ်။



**ပုရွက်ဆိတ် (Ant)**

အရွယ်အစားသေးငယ်ပေမဲ့ ပုရွက်ဆိတ်တွေဟာ မြေဆီလွှာနဲ့ သဘာဝအာဟာရလည်ပတ်မှုမှာ အရေးကြီးတဲ့အခန်းကဏ္ဍကနေ ပါဝင်ပါတယ်။ ပုရွက်ဆိတ်တွေဟာမြေအောက်မှာ အုံတွေတည်ဆောက်ကြပြီး မြေသားကို တူးဖော်ရွှေ့ပြောင်းတာကြောင့် မြေဆီလွှာအတွင်း လေဝင်လေထွက်ကောင်းစေဖို့နဲ့ ရေစိမ့်ဝင်နိုင်ဖို့ အထောက်အကူပြုပါတယ်။ အချို့ပုရွက်ဆိတ်မျိုးစိတ်တွေဟာ အပင်နဲ့ တိရစ္ဆာန်အကြွင်းအကျန်တွေကို စားသုံးတာ၊ သယ်ဆောင်တာတို့ ပြုလုပ်ကြပါတယ်။



အဲဒီအကြွင်းအကျန်တွေဟာ နောက်ဆုံးမှာ ချေဖျက်ပျက်စီးသွားပြီး အာဟာရဓာတ်တွေ မြေဆီလွှာထဲကိုပြန်လည်ရောက်ရှိစေပါတယ်။ ဒီလိုနဲ့ အပင်တွေ ပြန်လည်အသုံးပြုနိုင်တဲ့ အာဟာရဓာတ်မြေဩဇာတွေ ဖြစ်သွားပါတယ်။

ဒ့ါပြင် ပုရွက်ဆိတ်တွေဟာ အချို့ပိုးမွှားတွေကို ဖမ်းယူစားသုံးတာကြောင့် အပင်ဖျက်ပိုးမွှားအရေအတွက်ကို ထိန်းညှိပေးနိုင်ပါတယ်။ ဒ့ါပြင် ပုရွက်ဆိတ်တွေကို ငှက်၊ ဖား၊ အိမ်မြှောင်တွေနဲ့ အခြားသတ္တဝါတွေက အစာအဖြစ်စားသုံးကြတာကြောင့် အစာကွင်းဆက်အတွက်လဲ အရေးပါပါတယ်။

**ပိုးတောင်မာ (Beetle)**



ပိုးတောင်မာတွေဟာ ကမ္ဘာပေါ်မှာ မျိုးစိတ်အလွန်များပြားတဲ့ အင်းဆက်အုပ်စုတွေထဲက တစ်ခုဖြစ်ပြီး မျိုးစိတ်တစ်မျိုးနဲ့တစ်မျိုးရဲ့ နေထိုင်တဲ့ပုံစံ၊ အစားအစာစားသုံးပုံတို့ ကွဲပြားကြပါတယ်။ ဒီထဲမှာ ဂေဟစနစ်အတွက် အကျိုးပြုတဲ့ပိုးတောင်မာများစွာ ရှိပါတယ်။

အချို့ပိုးတောင်မာတွေဟာ သစ်ရွက်ခြောက်၊ အပုပ်အဆွေးနဲ့ တိရစ္ဆာန်အကြွင်းအကျန်တွေကို စားသုံးကြပါတယ်။ ဒီလို အကြွင်းအကျန်တွေကို ချေဖျက်ပေးတာဟာ သဘာဝထဲမှာ စွန့်ပစ်ပစ္စည်းတွေ စုပုံနေတာကို လျော့နည်းစေပြီး အာဟာရဓာတ်တွေ မြေဆီလွှာထဲကို ပြန်လည်ရောက်ရှိစေပါတယ်။ အထူးသဖြင့် ပိုးတောင်မာတွေဟာ တိရစ္ဆာန်တွေရဲ့ မစင်ကို မြေအောက်ထဲ သယ်ဆောင်မြှုပ်နှံပေးတဲ့အတွက် မြေဆီလွှာအတွင်း အာဟာရဓာတ်တွေ ပြန်လည်ဖြန့်ဝေတာကို အထောက်အကူပြုပါတယ်။

**ပုစဉ်း (Dragonfly)**

ပုစဉ်းတွေကို ရေကန်၊ ချောင်း၊ မြစ်နဲ့ စိုစွတ်တဲ့ဒေသအနီးမှာ တွေ့ရလေ့ရှိပါတယ်။ ပုစဉ်းရဲ့ ဘဝအစောပိုင်းအဆင့်ဟာ ရေထဲမှာ ဖြတ်သန်းရပြီး အရွယ်ရောက်လာတဲ့အခါ ရေပြင်အနီးမှာ ပျံသန်းကျက်စားကြပါတယ်။ ဒါကြောင့် ပုစဉ်းတွေဟာ ကုန်းနေရေနေ အင်းဆက်ထဲမှာ ပါဝင်ပါတယ်။



အရွယ်ရောက်ပုစဉ်းတွေဟာ ခြင်၊ ယင်ကောင်နဲ့ အခြားပိုးမွှားငယ်တွေကို ဖမ်းယူစားသုံးကြပါတယ်။ အဲဒီလို ပိုးမွှားတွေကို စားသုံးတာကြောင့်ပိုးမွှားတွေရဲ့ အရေအတွက်များပြားလာတာကိုသဘာဝအတိုင်း ထိန်းချုပ်ပေးနိုင်ပါတယ်။ ရေညစ်ညမ်းတာ၊ ရေကန်နဲ့ စိုစွတ်မြေတွေ ပျက်စီးလာတာက ပုစဉ်းတွေရဲ့ နေထိုင်ရာကို ထိခိုက်ပြီး အချို့ပုစဉ်းမျိုးစိတ်တွေ မျိုးသုဉ်းလုနီးပါးဖြစ်လာပါတယ်။ ဒါကြောင့် ရေကန်၊ ချောင်း၊ မြစ်နဲ့ စိုစွတ်တဲ့ဒေသတွေကို ထိန်းသိမ်းကာကွယ်တာဟာ ပုစဉ်းတွေရှင်သန်ဖြစ်ထွန်းမှုကို အထောက်အပံ့ဖြစ်စေပါတယ်။

အချုပ်အနေနဲ့ဆိုရမယ်ဆိုရင် ပျား၊ လိပ်ပြာ၊ ပုရွက်ဆိတ်၊ ပိုးတောင်မာနဲ့ ပုစဉ်းတို့ဟာ အရွယ်အစားသေးငယ်တဲ့ အင်းဆက်ပိုးမွှားတွေဖြစ်ကြပေမဲ့ သဘာဝဂေဟစနစ်အတွင်း သူတို့ရဲ့အခန်းကဏ္ဍဟာ အရေးပါပါတယ်။ အင်းဆက်ပိုးမွှားတွေဟာ ဂေဟစနစ်ရဲ့ သဘာဝဟန်ချက်ညီမှုကို ထိန်းသိမ်းပေးတာကြောင့် သူတို့နေထိုင်ရာ သစ်တော၊ မြက်ခင်းပြင်၊ ရေကန်နဲ့ အခြားသဘာဝနေရာတွေကို ထိန်းသိမ်းကာကွယ်ပေးတာဟာ အဲဒီအင်းဆက်တွေရဲ့ နေထိုင်ရာကို ကာကွယ်ပေးတာပဲဖြစ်ပါတယ်။

ဒ့ါပြင် လူသားတွေအနေနဲ့ အကျိုးပြုအင်းဆက်တွေကို မလိုအပ်ဘဲ သတ်ဖြတ်တာ၊ ပိုးသတ်ဆေးတွေကို အလွန်အကျွံအသုံးပြုတာတို့ကို ရှောင်ကြဉ်ပြီး သဘာဝဂေဟစနစ်အတွင်း သူတို့ရဲ့ရှင်သန်တည်ရှိမှုကို တန်ဖိုးထား ထိန်းသိမ်းကာကွယ်သင့်ပါတယ်လို့ ဖော်ပြရေးသားလိုက်ရပါတယ်။

**ကိုးကား**

- U.S. Department of Agriculture (USDA), Insects and Pollinators
- USDA Natural Resources Conservation Service (NRCS), Insects and Pollinators

# ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၂၂၇၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကောလင်း ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၂၂၇၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၂၆၉၉ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၂၇၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ ဟင်းသီးဟင်းရွက်သီးနှံ ၂၆၉၉ ဧကလျာထား စိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ၂၂၇၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြသည်။

ကောလင်းခရိုင်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်သီးနှံစုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြ၍ သိရသည်။ (၂၀၆)

# အုတ်ဖိုမြို့နယ် ကျွန်းကုန်း(ကဝေစု)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို ဩဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းကုန်း(ကဝေစု)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၃၅ ဒသမ ၉၅ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျွန်းကုန်း(ကဝေစု)ကျေးရွာရှိ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၄ ဦးကို ငွေကျပ် ၃၄ ဒသမ ၃ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး ကို ငွေကျပ် ၁ ဒသမ ၆၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးကို ရန်ပုံငွေကျပ် ၃၅ ဒသမ ၉၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးမြတ်**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း အုန်းသီးနုအလုံးရေ ၇၂၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဒေသထွက် အုန်းသီးနုအလုံးရေ ၇၂၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက အုန်းသီးနုအလုံးရေ ၅၂၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း အုန်းသီးနုအလုံးရေ ၇၂၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါတင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးနုအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၉၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်က ထွက်ရှိတဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲအဓိကတင်ပို့ရောင်းချပါတယ်။ ပြီးခဲ့တဲ့ဇူလိုင်လထဲမှာ အုန်းသီးနုတွေ ဝယ်ယူမှုများပြားခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိမှာလဲ အုန်းသီးနုတွေ ဝယ်ယူမှုများပြားနေပါတယ်"ဟု ဖျာပုံမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။



ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးနုများ ပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ အုန်းသီးစိုက်တောင်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း ဖျာပုံမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# ညောင်ရွှေမြို့နယ် ညောင်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ ဩဂုတ် ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ပို့ကြီး ကျေးရွာအုပ်စု ညောင်ပင်သာ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဩဂုတ် ၁၅ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ညောင်ပင်သာကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ညောင်ပင်သာကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၈ ဦးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၈ ဒသမ ၄သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ် ဆောင်ရွက်ရှိကြောင်း ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက ပြောပြ၍ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ပုဗ္ဗသီရိမြို့နယ် သာယာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်း၍ ကော်မတီဖွဲ့စည်း

**နေပြည်တော် ဩဂုတ် ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သစ်ယာကုန်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို မိတ်ဆက် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ကော်မတီရွေးချယ်ဖွဲ့စည်းရာတွင်လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့်ခံစားခွင့်များကို ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ **နေဝ်လူး**




# မေတ္တာတရားထားရာ ဝါခေါင်လချိန်ခါ

**စိန်ငွေးလှိုင်(ပခုက္ကူ)**

ဝါခေါင်လကို ပုဂံခေတ်ကျောက်စာတို့မှာ 'နံကာလ'လို့ရေးသားခဲ့ကာ"နံ"ဆိုသည်မှာ အချိန်ကာလအပိုင်းအခြားကိုခေါ်ဆိုပြီး၊ "ကာ"ဆိုတာက လယ်လုပ်ကိုင်ခြင်းကို ခေါ်ဆိုပါတယ်။ ဒ့ါကြောင့် "လယ်လုပ်ချိန်၊ လယ်ထွန်ချိန်နှင့်သက်ဆိုင်သည့်လ"လို့ အဓိပ္ပာယ်ရပါတယ်။ ဒ့ါပြင် "ဝါ"ဆိုသည်မှာ ဝါတွင်းကာလကို ခေါ်ဆိုတာဖြစ်ပြီး "ခေါင်"ဆိုသည်မှာ အလယ်(ဗဟို)ဖြစ်ကာ ဝါတွင်းသုံးလရဲ့အလယ်လလို့လဲဆိုကြပါတယ်။ မိုးကောင်းစွာရွာသွန်းတဲ့လဖြစ်တာကြောင့် "ဝါဆို ဝါခေါင်ရေဖောင်ဖောင်"လို့ ဆိုကြပါတယ်။ ဒါပေမဲ့ "ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ခါမိုးမရွာ၊ ရွာပါသော်လည်းမိုးမသည်း"လို့ မုံရွေးဆရာတော်ရဲ့ ဆယ့်နှစ်လရာသီမိုးဘွဲ့မှာရေးသားခဲ့ရာ မိုးခေါင်ရပ်ဝန်းဖြစ်တဲ့အထက်အညာဒေသကို ဆိုလိုဟန်တူပါတယ်။

"ရာသီသိဟ်ငယ်၊ နေမိန္ဒရ၊ ဝါခေါင်လမို့၊ တောင်မြတ်ထွဋ်စွန်၊ သရဝဏ်လည်း၊ ရောင်ဝှန်တေဇာ၊ ပန်းခတ္တာနှင့်၊ ခိုင်ညှာပွင့်ကြူ၊ တိုင်းပြည်သူတို့၊ လှူစာရေးတံ၊ သဘင်စုံခံဆဲမို့၊ လွမ်းရန်ဘွဲ့သည်ချိန်ကို၊ ဒေဝရိန်ပဇ္ဇုန်မှူးငယ်က၊ မြူးလှတယ်လေး"လို့ ဆိုကာ ဖိုးသူတော်ဦးမင်းက ဝါခေါင်လဘွဲ့လွမ်းချင်းကိုရေးသားခဲ့ပါတယ်။ ဝါခေါင်လဟာဇေဒင်အလိုအားဖြင့် သိဟ်ရာသီမှာကျရောက်ပြီး သရဝဏ်နက္ခတ်မှာ အာကာပြင်တောင်အရပ်မှာ ထွန်းလင်းနေပါတယ်။ ပဇ္ဇုန်မိုးမှာမြူးတူးရွှင်ပျစွာဖြင့် ရွာသွန်းနေပါတယ်။ ခတ္တာပန်းတွေ လှိုင်လှိုင်ဖူးပွင့်ကြပြီး ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ဟာ စာရေးတံအလှူပွဲကို ဆင်နွှဲကြပါတယ်။

ဝါခေါင်လရဲ့ရာသီပွဲတော်မှာ စာရေးတံအလှူပွဲဖြစ်ပြီး စာရေးတံမဲပွဲလို့လဲ ခေါ်ဆိုကြပါတယ်။ စာရေးတံအလှူပွဲ ပေါ်ပေါက်လာပုံမှာ မြတ်စွာဘုရားဟာ ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူစဉ် တိုင်းသူပြည်သားတွေမှာ စားရေရိက္ခာရှားပါးမှုနဲ့ကြုံတွေ့နေရပါတယ်။ တိုင်းသူပြည်သားတွေမှာလဲ ကျောင်းတိုက်အတွင်းရှိ ရဟန်းတော်အားလုံးကို ဆွမ်းကပ်မှုမပြုနိုင်တာကြောင့် မိမိတတ်အားသရွေ့ ကပ်လှူခွင့်ပြုဖို့ရာ ဘုရားရှင်ထံလျှောက်ထားရာ ဘုရားရှင်ကခွင့်ပြုတော်မူခဲ့ပါတယ်။ ဘယ်အရပ်ကရဟန်း၊ ဘယ်ပုဂ္ဂိုလ်ဆိုပြီး အမည်တပ်အစွဲမထားဘဲ စာရေးတံမဲချကာ လှူဒါန်းကြပါတယ်။ မဲချပုံချနည်းမှာ ဝါးနီးပြားဒါမှမဟုတ် သစ်သားတံရဲ့ထိပ်မှာ ဆွမ်းဒါယကာအမည်နဲ့နေရပ်တို့ကို ရေးမှတ်ထားပါတယ်။ ရဟန်းတို့က အလှည့်ကျမဲနှိုက်ရပြီး မဲကျတဲ့ ဆွမ်းဒါယကာနေအိမ်ကို ဆွမ်းစားကြွရပါတယ်။ ဘုရားရှင်ကစာရေးတံပွဲကို ဘယ်လမှာကျင်းပရမယ်လို့ သတ်မှတ်မထားခဲ့ပါဘူး။ ရှေးမြန်မာဘုရင်များလက်ထက်မှာ ရဟန်းတွေ တစ်စုတစ်ဝေးတည်းရှိတဲ့ ဝါတွင်းကာလ၊ ဝါခေါင်လမှာ စာရေးတံအလှူပွဲပြုလုပ်ခဲ့ရာကနေ စာရေးတံမဲပွဲမှာ ဝါခေါင်လရဲ့ရာသီပွဲတော်အဖြစ် သတ်မှတ်လာခဲ့ကြတယ်။

ယနေ့ခေတ် စာရေးတံအလှူပွဲကျင်းပပုံမှာ စာရေးတံတွေမှာ ဆွမ်းဒါယကာ၊ ဒါယိကာမအမည်ကို မရေးတော့ဘဲ ရဟန်းဘွဲ့နဲ့ကျောင်းအမည်တို့ကို စက္ကူမဲလိပ်မှာရေးမှတ်ပြီး ဒါယကာ၊ ဒါယိကာမများက မဲနှိုက်ရပါတယ်။ မိမိမဲပေါက်တဲ့ ရဟန်းကို ဆွမ်းဆက်ကပ်ကြပါတယ်။ ဒ့ါပြင် အထက်အညာဒေသမှာ စာရေးတံမဲအလှူ ကျင်းပပုံလေ့ထုံးတမ်းတစ်ခုလဲ ရှိနေပါသေးတယ်။ ကပ်လှူလိုတဲ့ပစ္စည်းနဲ့

❖ **မေတ္တာဘာဝနာပွားများခြင်းကြောင့် ကောင်းစွာအိပ်ရခြင်း၊ ကောင်းစွာနိုးရခြင်း၊ ကောင်းသောအိပ်မက်ကို မြင်မက်ခြင်း၊ လူများချစ်ခင်မြတ်နိုးခြင်း၊ နတ်တို့ချစ်ခင်မြတ်နိုးခြင်း၊ နတ်တို့ကောင်းစွာစောင့်ရှောက်ခြင်း၊ မီး၊ လက်နက်အဆိပ် စသည်တို့ဖြင့်မနှိပ်စက်ခြင်း၊ စိတ်တည်ကြည်ခြင်း၊ မျက်နှာအဆင်းတင့်တယ်ခြင်း၊ တွေဝေမှုမရှိဘဲ ဘဝကူးကောင်းခြင်း၊ ဗြဟ္မာပြည်သို့လားရခြင်းဟူသော မေတ္တာအကျိုး ၁၁ ပါးကို ရရှိနိုင်စေပါတယ်။** ❖

အလှူရှင်အမည်တို့ကို စက္ကူမဲလိပ်မှာရေးမှတ်ပြီး ပင့်ဖိတ်ထားတဲ့ရဟန်းတွေက မဲနှိုက်ရပါတယ်။ မဲကျတဲ့အလှူရှင်တို့က ထိုရဟန်းကို မိမိတို့မဲလိပ်ထဲမှာပါတဲ့အတိုင်း အသုံးအဆောင်ပစ္စည်းနဲ့ ကပ်လှူကြရပါတယ်။

ဝါခေါင်လမှာ ဗုဒ္ဓဘာသာဝင်တို့အတွက် နေ့ထူးနေ့မြတ်တစ်ရက်လည်းရှိနေပြန်ရာ ဝါခေါင်လပြည့်နေ့မှာကျရောက်တဲ့ "မေတ္တာအခါတော်နေ့"ဖြစ်ပါတယ်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ရဟန်းတော်ငါးရာတို့က မြတ်စွာဘုရားထံကနေ ကမ္မဋ္ဌာန်းတရားကို နာယူကြပါတယ်။ အဲဒီလိုနာယူပြီးနောက် တောအုပ်တစ်အုပ်မှာ ဝါဆိုဝါကပ်တော်မူခဲ့ကြတယ်။ တောအုပ်တစ်အုပ်ရဲ့ သစ်ပင်တစ်ပင်စီအောက်မှာ ကမ္မဋ္ဌာန်းအားထုတ်ကြပါတယ်။ သစ်ပင်များမှာ နေထိုင်တဲ့နတ်များမှာ ရဟန်းတို့ရဲ့သီလတန်ခိုးကြောင့် မနေနိုင်ဘဲ နေရာပြောင်းပေးရတယ်။ နတ်တွေက ကြောက်မက်ရွံ့ရှာဖွယ် အဆင်း၊ အသံ၊ အနံ့တို့နဲ့ ခြောက်လှန့်တာကြောင့် ရဟန်းတို့မှာ တရားအားထုတ်လို့မရတော့ပါဘူး။ ဒ့ါကြောင့် ဘုရားရှင်ထံပြန်လာပြီး အကြောင်းစုံကို လျှောက်ထားကြတယ် ။ မြတ်စွာဘုရားက မေတ္တာသုတ်ဒေသနာတော်ကို ဟောကြားတော်မူခဲ့ပြီး မေတ္တာလက်နက်အဖြစ် ရွတ်ဖတ်ကျင့်ကြံစေခဲ့တယ်။

မြတ်စွာဘုရားက ရဟန်းငါးရာတို့ကို အဲဒီနေရာသို့ ပြန်သွားစေပြီး မေတ္တာသုတ်ရွတ်ပွားကာ တရားအားထုတ်ဖို့ရာ မှာကြားတော်မူလိုက်ပါတယ်။ ရဟန်းတို့မှာ ဘုရားရှင်မှာကြားလိုက်တဲ့အတိုင်း လုပ်ဆောင်ကြပါတယ်။ မေတ္တာသုတ်ဒေသနာတော်ကို ရွတ်ဖတ်ကျင့်ကြံခဲ့ကြရာ နတ်တို့က ချစ်ခင်လာတဲ့အပြင် ရဟန်းတော်တွေရဲ့ ဝေယျာဝစ္စတို့ကို လုပ်ဆောင်ပေးကြပါတယ်။ ရဟန်းတို့မှာ ကမ္မဋ္ဌာန်းတရားကို ငြိမ်းချမ်းစွာ အားထုတ်နိုင်ကြပြီး၊ ဝါမကျွတ်မီမှာ ရဟန္တာအဖြစ်ကို ရောက်ရှိကြတယ်။ ဝါခေါင်လမှာ မြတ်စွာဘုရားရှင်က 'မေတ္တာသုတ်ဒေသနာတော်'ကို ဟောကြားတော်မူခဲ့သောကြောင့် ဝါခေါင်လကို မေတ္တာတရားထားရာလ၊ ဝါခေါင်လပြည့်နေ့ကို 'မေတ္တာအခါတော်နေ့'ဟု သတ်မှတ်ခဲ့ကြပြီး မေတ္တာအခါတော်နေ့အခမ်းအနားများ ကျင်းပကာ မေတ္တာဘာဝနာပွားများခြင်း၊ ကုသိုလ်ထူးကို ရှေးရိုးစဉ်လာမပျက်ကျင်းပခဲ့ကြတယ်။

မေတ္တာဘာဝနာပွားများခြင်းကြောင့် ကောင်းစွာအိပ်ရခြင်း၊ ကောင်းစွာနိုးရခြင်း၊ ကောင်းသောအိပ်မက်ကို မြင်မက်ခြင်း၊ လူများချစ်ခင်မြတ်နိုးခြင်း၊ နတ်တို့ချစ်ခင်မြတ်နိုးခြင်း၊ နတ်တို့ကောင်းစွာစောင့်ရှောက်ခြင်း၊ မီး၊ လက်နက်အဆိပ် စသည်တို့ဖြင့်မနှိပ်စက်ခြင်း၊ စိတ်တည်ကြည်ခြင်း၊ မျက်နှာအဆင်းတင့်တယ်ခြင်း၊ တွေဝေမှုမရှိဘဲ ဘဝကူးကောင်းခြင်း၊ ဗြဟ္မာပြည်သို့လားရခြင်းဟူသော မေတ္တာအကျိုး ၁၁ ပါးကို ရရှိနိုင်စေပါတယ်။

ဗုဒ္ဓဘာသာဝင်တွေဟာ မေတ္တာအခါတော်နေ့မှာ ဘုရားကျောင်းကန်တွေကိုသွားရောက်ပြီး ဥပုသ်သီတင်းဆောက်တည်ကာ ကုသိုလ်ကောင်းမှုပြုလုပ်ကြပါတယ်။ ရဟန်းတော်တွေက စုပေါင်းပြီး မေတ္တာသုတ်ဒေသနာတော်ဖြင့် ရွတ်ဖတ်ပူဇော်ပေးကြပါတယ်။

ဝါခေါင်လမှာ ဗုဒ္ဓဘာသာဝင်များရဲ့ ရိုးရာအလှူအတန်းဖြစ်တဲ့ စာရေးတံမဲပွဲကိုလဲ ပုဂ္ဂိုလ်စွဲကင်းကင်းနဲ့ သံဃိကအလှူအဖြစ် ကျင်းပကြပါတယ်။

ဝါခေါင်လမှာ မိရိုးဖလာပွဲတော်တစ်ခုရှိပြီး မတ္တရာမြို့နယ်၊ တောင်ပြုန်းရွာ၌ ကျင်းပတဲ့တောင်ပြုန်းညီနောင်နတ်ပွဲဖြစ်ပြီး ဆုတောင်းပြည့်၊ ဆုတောင်းရာဘုရားပွဲတော်နဲ့အတူ နှစ်စဉ်ဝါခေါင်လဆန်း ၈ ရက်ကနေ လပြည့်နေ့ထိ ကျင်းပလေ့ရှိပါတယ်။

မေတ္တာ၏အဓိပ္ပာယ်ကို ချစ်ခင်ခြင်းဟု မြန်မာ့အဘိဓာန်တွင် ဖွင့်ဆိုထားသည်။ မေတ္တာဆိုသည်မှာ သူတစ်ပါးအပေါ်စေတနာကောင်းထားပြီး အားလုံးကိုကောင်းစားစေချင်၊ အဆင်ပြေစေချင်တဲ့ စိတ်ထားဖြစ်ပါတယ်။ ဒီလို စိတ်မျိုးမွေးမြူထားမယ်ဆိုရင် စိတ်ပူလောင်မှု ကင်းရှင်းသွားပါမယ်။ တစ်ယောက်ကိုတစ်ယောက် မုန်းတီးနေမယ်ဆိုရင် ဦးစွာပူလောင်ရပါတယ်။ မေတ္တာထားလိုက်တဲ့အခါ အာဃာတနဲ့ဒေါသတွေ ငြိမ်းအေးသွားလို့ စိတ်ကို ပေါ့ပါးလန်းဆန်းစေပါတယ်။ မေတ္တာစိတ်ဟာစိတ်ဖိစီးမှုကိုလျှော့ကျစေပြီး စိတ်အေးချမ်းစေပါတယ်။ မေတ္တာစိတ်ကြောင့် စိတ်တည်ငြိမ်နေတဲ့အခါ အရာရာကို အမှန်အတိုင်းမြင်ပြီး မှန်ကန်တဲ့ဆုံးဖြတ်ချက်တွေကို ချမှတ်နိုင်ပါတယ်။ မေတ္တာစိတ်ထားရှိခြင်းဟာ မိမိကိုယ်တိုင်စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး ပျော်ရွှင်စရာကောင်းတဲ့ ဘဝတစ်ခုကို ပိုင်ဆိုင်နိုင်ဖို့အကောင်းဆုံးလက်တွေ့ကျတဲ့ နည်းလမ်းဖြစ်ပါတယ်။

သို့ဖြစ်ရာ မျက်မှောက်ကာလတွင် လူအချင်းချင်း နှိပ်စက်ကင်းဝေးပြီး ဒေါသ၊ မောဟ၊ မာန်မာနတွေ လျော့ပါးကာ အများသူငါသတ္တဝါအပေါ် ကိုယ်နှင့်ထပ်တူကျန်းမာစေဖို့ မေတ္တာပို့မည်ဆိုပါက ပို့သော မေတ္တာ၏ ရောင်ပြန်ဟပ်မှုကြောင့် အကျိုးကိုရရှိကြပါတယ်။ ဒါကြောင့် တစ်နိုင်ငံလုံးရှိ ပြည်သူပြည်သားအပေါင်းကလဲ မေတ္တာအခါတော်နေ့မှစကာ နေ့စဉ်ရက်ဆက် မေတ္တာဘာဝနာပွားများ၍ တစ်ယောက်အပေါ်တစ်ယောက် မေတ္တာရှေးရှုကာ ပြုမူပြောဆိုတွေးကြံကြခြင်းဖြင့် မြန်မာပြည်တစ်ဝန်း ဘေးမသန်းဘဲ အေးချမ်းသာယာမှုကို ပေးစွမ်းနိုင်မှာဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။

**ကိုးကား**

**- နိုင်ငံတော်ဗုဒ္ဓသာသနာ့မဟာဗုဒ္ဓဝင်စတုတ္ထတွဲ၊ တိပိဋကဓရဆရာတော်ဦးဝိစိတ္တသာရာဘိဝံသ ဦးစီးရေးသားသည်။**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ခင်ဦး ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၄၁၆၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၄၄၇၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ပဲတီစိမ်း ၆၄၁၆၄ ဧကလျာထားစိုက်ပျိုးခဲ့ရာ ၆၄၄၇၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးကြစေချင်

ပေါက်ပေါက်

ခန္ဓာကိုယ်ဖွံ့ဖြိုးရေး၊ လှုပ်ရှားသွားလာနိုင်ရေး၊ မျိုးဆက်ပွားရေး၊ ခွန်အားဗလနှင့် ရောဂါဘယ ကာကွယ်ရေးစသည်တို့အတွက် လိုအပ်သည့် အာဟာရကို အစားအစာများစားသုံးရာမှ ရရှိနိုင်သည်။ ထို့ကြောင့် ခန္ဓာကိုယ်အတွက် လိုအပ်သည့် အာဟာရဓာတ်များဖြည့်တင်းပေးရန် အထူး လိုအပ်သည်။

အာဟာရချို့တဲ့ခြင်းသည် ခုခံအားကျဆင်းကာ ကူးစက်ရောဂါများဖြစ်ပွားခြင်း၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု အားနည်းခြင်း၊ နောက်ဆက်တွဲအဖြစ် ကျန်းမာရေး ချို့တဲ့ကာ လူ့ဘဝသက်တမ်းတိုတောင်းစေသည်။ ထို့ပြင် အာဟာရဓာတ်သည် သက်ရှိသတ္တဝါတိုင်း အသက်ရှင်ကျန်းမာရေးအတွက် လိုအပ်သော ဩဇာဓာတ်လည်းဖြစ်သည်။ အထူးသဖြင့် မိခင်နှင့် ကလေးများအာဟာရချို့တဲ့မှုသည် ကျန်းမာရေး ကဏ္ဍအတွက် ကြီးမားသည့်စိန်ခေါ်မှုတစ်ရပ် ဖြစ်နေသည်။

မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် ကိုယ်ဝန် ဆောင်စဉ်နှင့် မွေးဖွားစဉ် မိခင်သေဆုံးမှုနှုန်းသည် ပျမ်းမျှ လူတစ်သိန်းလျှင် ၂၈၂ ဦးရှိနေကြောင်း လေ့လာသိရသည်။ သို့ဖြစ်ရာ ကိုယ်ဝန်ဆောင်နှင့် မွေးဖွားမိခင်ကျန်းမာရေးစောင့်ရှောက်မှုတွင် မိခင် များအာဟာရပြည့်ဝရေးမှာ လွန်စွာအရေးပါလှသည်။

မြန်မာနိုင်ငံတွင် အာဟာရဖွံ့ဖြိုးရေးရက်သတ္တ ပတ်များ အစီအစဉ်အရ ၂၀၀၃ ခုနှစ်မှစ၍ နှစ်စဉ် ဩဂုတ်လတတိယပတ်ကို "ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်" အဖြစ်သတ်မှတ်ထားသည်။ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များတွင် အာဟာရချို့တဲ့ပါက မိခင်ရော ကလေးပါ မလွဲမသွေ ကျန်းမာရေးထိခိုက်နိုင်ပြီး သေဆုံးသည်ထိဖြစ်လာနိုင်သည်။ အာဟာရပြည့်ဝစွာ စားသောက်တတ်စေရန်၊ ကျန်းမာရေးအတွက် သင့်လျော်မည့် အစာအာဟာရပုံစံများကို အသိပညာပေးရန် စသည့်ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့သတ်မှတ် ထားခြင်းဖြစ်သည်။

**ကိုယ်ဝန်ဆောင်များအတွက် အာဟာရ**

ကိုယ်ဝန်ဆောင်ချိန်တွင် နွားနို့၊ ကြက်ဥ၊ အနီရောင် အသားအမျိုးမျိုး၊ ငါး၊ ဒိန်ခဲ စသည့်ပရိုတင်း ခေါ် အသားဓာတ်ကြွယ်ဝသောအစားအစာများကို ယခင် အချိန်များကထက် ပိုစားပေးသင့်သည်။ ဝမ်းတွင်းရှိ သန္ဓေသားကြီးထွားမှုနှင့် အချင်း၊ သားအိမ်၊ ကြွက်သား၊ မိခင်ရင်သားကြီးထွားမှုတို့အတွက် သာမက သွေးရည်ကြည်များနှင့် မိခင်နို့ရည် လုံလောက်စွာထွက်ရှိမှုတို့အတွက်ကိုလည်း ပရိုတင်းခေါ် အသားဓာတ်က ကောင်းစွာအထောက်အပံ့ ပေးသည်။ အကယ်၍အာဟာရဓာတ်ချို့တဲ့အားနည်း သောအခါ မိခင်တွင် ခန္ဓာကိုယ်ဖောရောင်ခြင်း၊ ကိုယ်ဝန်ပျက်နိုင်ခြင်း၊ သွေးအားနည်းခြင်း၊ သားအိမ်ကြွက်သားအားနည်း၍ မွေးဖွားရခက်ခဲခြင်း၊ ကိုယ်ခံအားနည်းလာပြီး ပြင်ပရောဂါများ အလွယ် တကူရလွယ်ခြင်း၊ အလေးချိန်မပြည့် အချိုးမကျသော ရင်သွေးကိုမွေးဖွားခြင်း စသည့်ပြဿနာများစွာ ဖြစ်လာနိုင်သည်။

ကိုယ်ဝန်ဆောင်မိခင်သည် ထုံးဓာတ်ကို သာမန် အမျိုးသမီးများထက် နှစ်ဆမျှပိုလိုအပ်သည်။ ထုံးဓာတ်က သန္ဓေသား၏ အရိုးနှင့်အသားဖြစ်ထွန်း ရန်အတွက် လွန်စွာအရေးကြီးသကဲ့သို့ သားအိမ်ရှိ ကြွက်သားများအားသန်စေရန်နှင့် မွေးဖွားချိန် သားအိမ်ညှစ်အားကောင်းစေရန် ကူညီပေးနိုင်သည်။ ထို့ပြင် ထုံးဓာတ်က သွေးခဲခြင်းကိုအထောက်အပံ့ ပေးနိုင်သဖြင့် ကိုယ်ဝန်ပျက်ကျခြင်းနှင့် မီးဖွားစဉ် သွေးလွန်ခြင်းတို့မှကာကွယ်ပေးနိုင်သည်။ နွားနို့၊ ဒိန်ခဲ၊ ထန်းလျက်၊ အရိုးပါဝါးစားနိုင်သော ငါးလေး များ၊ ပဲအမျိုးမျိုး၊ ဟင်းနုနယ်၊ မုန်ညင်းအမျိုးမျိုးနှင့် ပီလောပီနံတို့မှ ထုံးဓာတ်ကို အများဆုံးရရှိနိုင်သည်။

သန္ဓေသား၏ အရိုးနှင့်သွားများ ကောင်းစွာ




တည်ဆောက်နိုင်ရန်အတွက် မီးစုန်းဓာတ်က အရေး ကြီးသည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်မိခင်သည် ဆူကျက်အောင်ကြိုထားသော နွားနို့ကိုတစ်နေ့လျှင် အစိတ်သားခန့်သောက်ပေးသင့်သည်။ ကိုယ်ဝန် ဆောင်ချိန် နွားနို့သောက်ခြင်းကြောင့် မွေးဖွား လာမည့်ကလေးတွင် ပေါင်ချိန်ပြည့်ရုံမျှမက၊ ထိုကလေးအတွက် နောင်အနာဂတ်မှာ ခွန်အား ဗလပြည့်ဖြိုးခြင်း၊ အသားအရေလှပခြင်း၊ သက်ရှည် ကျန်းမာခြင်းတို့ကို ဖြစ်စေနိုင်သည်။

သံဓာတ်က မိခင်နှင့်ကလေးနှစ်ဦးစလုံးအတွက် လွန်စွာတန်ဖိုးရှိသော သက်စောင့်ဓာတ်ဖြစ်သည်။ သန္ဓေသားကို သွေးအားကောင်းစေရုံသာမက မိခင် နို့စို့အရွယ် ပထမခြောက်လသက်တမ်းအတွင်း ကိုယ်ခံအားကောင်းစေရန် အထောက်အပံ့ဖြစ်စေ သည်။ သံဓာတ်ချို့တဲ့ပါက မိခင်နှင့်ကလေးနှစ်ဦး စလုံးတွင် သွေးအားနည်းရောဂါဖြစ်စေနိုင်သည့်ပြင် မွေးဖွားရာမှာလည်း ခန္ဓာကိုယ်ထဲမှ ကုန်ဆုံးသွား သောသွေးများအစားပြန်လည်၍ မဖြည့်စွမ်းနိုင်ခြင်း ကြောင့် မိခင်ရောကလေးပါ နာတာရှည်သွေးအား နည်းရောဂါကိုခံစားရစေနိုင်သည်။ သံဓာတ်အား နည်းသော မိခင်မှမွေးဖွားလာသောကလေးတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲရောဂါနှင့် ဦးနှောက် ဉာဏ်ရည်မပြည့်မီသောရောဂါတို့ကို ဖြစ်ပေါ်စေ တတ်သည်။ ကြက်ဥ၊ တိရစ္ဆာန်အသည်း၊ ဆန်လုံး ညို၊ ပြောင်း၊ ဟင်းနုနယ်၊ ဒန့်သလွန်သီးနှင့် သစ်သီး ခြောက်များဖြစ်ကြသော စွန်ပလွန်သီးခြောက်၊ စပျစ်သီးခြောက်၊ တည်သီးခြောက်တို့မှ ရရှိနိုင်သည်။

Bristol တက္ကသိုလ်(အင်္ဂလန်)နှင့် Federal တက္ကသိုလ်(ဘရာဇီးလ်) မှ သုတေသီ Rio de Janeiro ၏ သုတေသနပြုချက်များအရ ကိုယ်ဝန် ဆောင်စဉ် ငါးမကြာခဏစားသူသည် ငါးလုံးဝမစား သူထက် စိတ်ပိုင်းဆိုင်ရာစိုးရိမ်ပူပန်မှုကို လျော့ပါးစေ ကြောင်းလေ့လာတွေ့ရှိခဲ့သည်။

**နို့တိုက်မိခင်များအတွက် အာဟာရဓာတ်**

ကလေးနို့တိုက်ချိန်တွင် မိခင်များအနေဖြင့် နို့ထွက်အားကောင်းစေရန်အတွက် ကျန်းမာရေးနှင့် ညီညွတ်သော အာဟာရပြည့်ဝသည့်အစား အသောက်များစားသင့်သည်။ ဟင်းသီးဟင်းရွက် များ၊ အဆီမပါသောအသား၊ ငါး၊ ဥအမျိုးမျိုး၊ နို့နှင့် နို့ထွက်ပစ္စည်းများ ပဲအမျိုးမျိုးစသည်တို့ကို စားသောက်နိုင်သည်။ နို့တိုက်ချိန်တွင် အာဟာရ ပြည့်ဝသည့်အစားအစာများစားသုံးခြင်းဖြင့် ရင်သွေး ငယ်တွင် အာဟာရပြည့်ဝစေပြီး ဖြည့်စွက်စာ စကျွေးချိန်မှာလည်းလွယ်ကူစေသည်။ ရေနှင့်အရည် များများသောက်ပေးရန်လိုအပ်သည်။ ရင်သွေးငယ် ကို ဖြည့်စွက်စာစကျွေးချိန်ထိ မိခင်ကလိုအပ်လျှင် ဗီတာမင်ပါဝင်သောအားဆေးများကို ဖြည့်စွက် သောက်သုံး ပေးသင့်သည်။

ကလေးမွေးပြီးချိန်တွင်လည်း ဗီတာမင်နှင့် သတ္တုဓာတ်များပြည့်ဝရန်လိုသည်။ ရင်သွေးငယ်ကို အာဟာရပြည့်ဝသော နို့ချိုတိုက်ကျွေးရန်နှင့် ကုန်ဆုံးသွားသောစွမ်းအင်များ ပြန်လည်ဖြည့်တင်း ရန်အတွက် ဗီတာမင်နှင့် သတ္တုဓာတ်များပြည့်ဝနေ စေရန်ဖြည့်စွက်သောက်ဖို့လိုသည်။ ကလေးမွေး ပြီးချိန်တွင် အချို့သောအာဟာရဓာတ် များစွာလိုအပ် နေသည်ကို တွေ့ရသည်။ ၎င်းတို့မှာ ဗီတာမင်အေ၊ ဗီတာမင်ဒီ၊ ကယ်လ်စီယမ်၊ ဗီတာမင်စီ၊ ဗီတာမင်ကေ နှင့် မဂ္ဂနီစီယမ်တို့ဖြစ်ကြသည်။ ထို့ကြောင့် နို့တိုက် မိခင်များက မိမိအတွက်ရောကလေးအတွက်ပါ အာဟာရဓာတ် လုံလောက်စွာရရှိရန်အတွက် အစာ ပိုစားရန်နှင့် အစားမရှောင်ရန်မီးဖွားပြီး တစ်လ အတွင်း အင်အားပြည့် ဗီတာမင်အေယူနစ်နှစ်သိန်းပါ ဆေးလုံးတစ်လုံး တစ်ကြိမ်သောက်ရန်နှင့် မီးဖွားပြီး သုံးလထိ ဗီတာမင်ဘီဝမ်းအားဆေးနေ့စဉ်သောက် ရန်လည်းလိုအပ်သည်။

**နို့တိုက်မိခင်များ အထူးမှီဝဲသင့်သော အစာအာဟာရ**

နို့တိုက်မိခင်များအတွက် ချင်းကလွန်စွာ ကောင်းကျိုးပြုသည်။ ပျို့အန်ခြင်းကို သက်သာ စေသည်။ မိခင်နှင့် နို့စို့ကလေးငယ်နှစ်ဦးစလုံးတွင် လေပွခြင်း၊ လေထိုးခြင်းများကို သက်သာစေသည်။ နို့ထွက်ကောင်းစေသည်။ ဖျားနာချောင်းဆိုးခြင်းကို သက်သာပျောက်ကင်းစေသည်။ မီးတွင်းကာလ အနာကျက်စေရန် အထောက်အကူပြုသည်။ ကလေး မွေးပြီးနောက် မိခင်တို့အနေဖြင့် ကစီဓာတ်ကို လျှော့စားခြင်း၊ ရှောင်ခြင်းပြုလုပ်မည့်အစား ကစီ ဓာတ်ပါဝင်မှုနည်းသော ဆန်လုံးညိုကိုစားသုံးခြင်း ဖြင့် လုံလောက်သောစွမ်းအင်ကိုရရှိနိုင်မည်။

နို့တိုက်မိခင်များအတွက် နနွင်းမှုန့်ကိုမဖြစ်မနေ စားပေးသင့်သည်။ နာကျင်မှုသက်သာစေသည်။ ကိုယ်အလေးချိန်ထိန်းညှိပေးပြီး အဝလွန်ခြင်းကို ကာကွယ်ပေးသည်။ နို့ထွက်အားကောင်းစေသည်။ နနွင်းက ကိုယ်ခံအားကောင်းစေသည့်အတွက် ရောဂါပိုးဝင်ရောက်ခြင်းမှ ကာကွယ်ပေးသည်။ ရင်သားရောင်ရမ်းခြင်းကို သက်သာစေသည်။ မိခင်ရော နို့စို့ကလေးပါ အစာကြေလွယ်စေပြီး အစာ အိမ်နှင့် အူလမ်းကြောင်းကျန်းမာရေးအတွက် အထောက်အကူပြုသည်။ ထို့ပြင် သွေးကြောနံရံ များကို အထောက်အကူပြုပြီး သွေးလန့်ခြင်းနှင့် နှလုံးရောဂါဖြစ်ခြင်းမှ ကာကွယ်ပေးသည်။

ဒန့်သလွန်ရွက်သည် နို့တိုက်မိခင်တို့အတွက် အကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်သည်။ ဒန့် သလွန်ရွက်ဟင်းချိုသောက်သုံးခြင်းဖြင့် နို့ထွက်နှုန်း နှစ်ဆကျော်များပြားစေသည်။ ဒန့်သလွန်ရွက်တွင် အသားဓာတ်၊ ကယ်လိုရီ၊ ပိုတက်စီယမ်၊ သံဓာတ်၊ ဇင့် နှင့် ဗီတာမင်အေ၊ ဗီတာမင်ဘီ၊ ဗီတာမင်စီတို့ ပြည့်ဝ စွာပါဝင်နေသည်။ အသားဓာတ်နှင့် ကယ်လ်စီယမ် များပြားစွာပါဝင်နေ၍ အသားမစားသော သို့မဟုတ် အသားစားနည်းသော နို့တိုက်မိခင်တို့က ဒန့်သလွန် ရွက်ပိုစားသင့်သည်။ ထို့ပြင် ဒန့်သလွန်ရွက်က ဆံသားကိုအားဖြည့်ပေးသဖြင့် ကလေးမွေးပြီး ဆံပင်ကျွတ်ခြင်းကို သက်သာစေသည်။

အချုပ်ဆိုသော် ကလေးငယ်များ၏ အနာဂတ် ကာလ ကျန်းမာပျော်ရွှင်ရောဂါကင်းစင်စေရန် အတွက် မိခင်များအနေဖြင့် ကိုယ်ဝန်ဆောင်ချိန်မှာ သာမက မီးဖွားပြီးနောက် နို့ချိုတိုက်ကျွေးသော ကာလတို့မှာပါ အာဟာရပြည့်ဝရန်လိုအပ်သည်။ အာဟာရပြည့်ဝစွာရရှိစေရန်အတွက် အစားအစာ အုပ်စုသုံးအုပ်စုကို နေ့စဉ် မျှတစွာစားသုံးနိုင်ရန်နှင့် မိမိတို့ဝင်ငွေနှင့်ကိုက်ညီသော အာဟာရပြည့်အစား အစာများကို ကျန်းမာရေးအသိသတိဖြင့် ရွေးချယ် စားသောက်ကြရမည်။ "အာဟာရပြည့်လျှင် ရောဂါစင် ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ"ဆိုသော ဆောင်ပုဒ်နှင့်အညီ မျိုးဆက်သစ်မိသားစုဘဝ ကျန်းမာပျော်ရွှင်နိုင်ကြစေရေးအတွက် အစကောင်းမှ အနှောင်းသေချာဆိုသလို ကိုယ်ဝန်ဆောင် နှင့် နို့တိုက်မိခင်များအားလုံး အာဟာရဖွံ့ဖြိုး ကြစေလိုပါကြောင်း အကြံပြုရေးသားလိုက် ရပါသည်။

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းလျှောက်လွှာများအား ၂၉-၆-၂၀၂၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၂၇-၈-၂၀၂၆ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## လျှောက်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင် များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်း ကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။




“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်း ကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက် နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြု ရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊

စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊

၀၆၇-၈၁၀၃၃၃၄၊

Email Address – accm@accm.gov.mm၊

Website Address – http://www.accm.gov.mm


# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၉၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၉၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် စပါးဧက ၂၆၁၂၀ စိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့တွင် ၆၉၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ စပါးဧက ၂၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာ ၆၉၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး အသိပညာပေးခြင်းများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မင်းဘူးမြို့နယ် ကမ်းနီကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက ကမ်းနီကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းဖြင့် ကမ်းနီကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းနှင့် အခြားစီးပွားရေး လုပ်ငန်းလုပ်ကိုင်သူများ လိုအပ်သည့် ငွေကြေးအရင်းအနှီး ရရှိစေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၂၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကမ်းနီကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၈ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် သိန်း ၄၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**








## အမည်ပြောင်းလဲခေါ်ဆိုပါရန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ မက္ခရာကျေးရွာမှ ဦးမင်းမင်းဦး၏သမီး မခက်ခက်ခိုင်ဦးအား **မခက်ခက်ခိုင်** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မခက်ခက်ခိုင်(၉/စကတ(နိုင်)၁၁၁၄၃၂)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဘယ်လင်းအထက၊ Grade-9(B) တွင် ပညာသင်ကြားနေသော မလေပြေဦး၏ ဖခင်အမည်မှန်မှာ **ဦးဝင်းဇော်ဦး** ဖြစ်ပါကြောင်း။

**ဦးဝင်းဇော်ဦး(၅/ဝလန(နိုင်)၁၃၃၁၂၂)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး(ဘက)ကျောင်း၊ Grade-9 တွင် ပညာသင်ကြားနေသော မောင်ဖြိုးသက်ထွန်းနှင့် Grade-10 တွင် ပညာသင်ကြားနေသော မခင်ပြည့်ပြည့်ဟန်တို့၏ ဖခင်အမည်မှန်မှာ **MR YE JIAN GUO(ဦးရဲကျင့်ကော်)** ဖြစ်ပါကြောင်း။

**MR YE JIAN GUO(ဦးရဲကျင့်ကော်)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အထက(၁)၊ Grade-7(ဇွန်)ခန်းတွင် ပညာသင်ကြားနေသော မနှင်းသန္တာ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမိုးမင်းဝင်း** ဖြစ်ပါကြောင်း။ **ဦးမိုးမင်းဝင်း(၅/ဝလန(နိုင်)၀၉၃၆၈၃)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ GREAT POWER ကိုယ်ပိုင်မူလတန်းကျောင်း၊ Grade-5 မှ မောင်ဟန်မင်းထွန်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမျိုးမင်းထွန်း** ဖြစ်ပါကြောင်း။ **ဦးမျိုးမင်းထွန်း(၉/အမရ(နိုင်)၁၀၇၄၇၃)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေသမားဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော မတွယ်တာယုမြတ်နှင့် Grade-4 တွင် ပညာသင်ကြားနေသော မောင်ရှိုင်းဝီရအောင်တို့၏ဖခင် **ဦးရဲလင်းထိုက်နှင့် ဦးသောင်းထိုက်**မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးရဲလင်းထိုက်နှင့်**

**ဦးသောင်းထိုက်(၉/မတရ(နိုင်)၀၄၀၉၆၆)**

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်း(နန်းရှေ့)၊ Grade-12 တွင် ပညာသင်ကြားနေသော ဦးထွန်းထွန်းဝင်း၏သား **မောင်ရဲလွင်ဦး**၏ မွေးသက္ကရာဇ်အမှန်မှာ **၂၀-၈-၂၀၀၅** ဖြစ်ပါကြောင်း။ **မောင်ရဲလွင်ဦး၊ ၂၀-၈-၂၀၀၅**

## ဖခင်အမည်မှန်

မြစ်သားမြို့နယ်၊ ကောင်းသန့်ဝဥ္စာကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ဝေယံဖြိုး၏ဖခင်အမည်မှန်မှာ **ဦးဝင်းစိုးအောင်** ဖြစ်ပါကြောင်း။

**ဦးဝင်းစိုးအောင်(၉/နထက(နိုင်)၁၆၂၆၃၀)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ သာလွန်ဖြူကျေးရွာနေ (ဦးဌေးလွင် (ခ) ဦးစံရွှေမြင့်) + ဒေါ်ဌေးမင်းတို့၏သမီး မခင်မိမိလွင် (၉/မတရ(နိုင်)၁၉၀၇၅၀)သည် မိဘတို့၏ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကိုပြုလုပ်ခြင်း၊ မိဘများစိတ်ဆင်းရဲစေသောကိစ္စများအား အကြိမ်ကြိမ်ပြုလုပ်ခဲ့ခြင်းများကြောင့် ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း၊ မိဘညီအစ်ကို မောင်နှမများနှင့်လည်း လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင် ဒေါ်ဌေးမင်း

## ဖခင်အမည်မှန်

မလှိုင်မြို့၊ အလကသဲကန်ကျောင်း၊ Grade-9 တန်းတွင် ပညာသင်ကြားနေသော မသင်းသင်းနွယ်၏ ဖခင်အမည်မှန်မှာ **ဦးစံဗလ** ဖြစ်ပါကြောင်း။

**ဦးစံဗလ(၉/မလန(နိုင်)၁၁၅၁၅၈)**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်(၂၅၄)နေ ဦးကျော်ဟိုး (ဘ) ဦးအေဝမ်း(၉/ခအဇ(နိုင်)၀၃၁၇၁၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-677286243**

**သစ်တော**
**မှန်လျှင်**
**အသုံးဝင်**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို ယနေ့မွန်းတည့် ၁၂ နာရီမှစတင်ပြီး ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့ရုံတွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ အမျိုးသား ၅၁ ကီလိုတန်း ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များအဖြစ် မြင့်မြတ်အောင်(ပဲခူး)နှင့် မြတ်ဘုန်းခေါင်(မန္တလေး)တို့ ပွဲစဉ်တွင် မြင့်မြတ်အောင်(ပဲခူး)၊ ဂွမ်ဆန်ဆိုင်းအောင်(ကချင်)နှင့် ဒီဆိုင်းလျှန်(နေပြည်တော်)တို့ပွဲစဉ်တွင် ဂွမ်ဆန်ဆိုင်းအောင်(ကချင်)၊

စာမျက်နှာ ၂၁ ကော်လံ ၄ ❍





ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုကြစဉ်။

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၁၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊

စာမျက်နှာ ၁၉ ကော်လံ ၄ ●

## မန်စီးတီးအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ကွန်မြူနတီဒိုင်းကို အာဆင်နယ်အသင်း ၁၈ ကြိမ်မြောက် ဆွတ်ခူး

လန်ဒန် ဩဂုတ် ၁၆

၂၀၂၆ ခုနှစ် ကွန်မြူနတီဒိုင်းဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ည ၈ နာရီခွဲက အင်္ဂလန်နိုင်ငံ ဝင်ဘာလေအားကစားကွင်းတွင် အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ၁၈ ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစတင်ကတည်းက အာဆင်နယ်အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး မန်စီးတီးအသင်းအနေဖြင့် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီးနောက် ပွဲအစတစ်မိနစ်တွင်ပင် ကယ်လာဖီအိုရီက အာဆင်နယ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၂၈ မိနစ်တွင်လည်း ကိုင်ဟာဗက်က အာဆင်နယ်အသင်းအတွက် ဒုတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် အာဆင်နယ်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

စာမျက်နှာ ၁၉ ကော်လံ ၄ ◆





## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဩဂုတ် ၁၆

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊

စာမျက်နှာ ၂၁ ကော်လံ ၄ ■




## Hyundai ASEAN Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁၆

Hyundai ASEAN Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဩဂုတ် ၁၈ ရက် ည ၇ နာရီခွဲတွင် ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့သည် ထိုင်းအားကစားကွင်းတွင်လည်းကောင်း၊ ဩဂုတ် ၁၉ ရက် ည ၇ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့်မလေးရှားအသင်းတို့သည် ဗီယက်နမ်အားကစားကွင်းတွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဗိုလ်လုပွဲ ပွဲစဉ်များကို ဩဂုတ် ၂၂ ရက်နှင့် ၂၆ ရက် ည ၇ နာရီခွဲတို့တွင် အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို MRTV Sports Channel၊ MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ (သတင်းစဉ်)